# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် တပေါင်းလပြည့်ကျော် ၈ ရက် တနင်္လာနေ့။ Monday, 20 March 2017 (၈၈၇၁)


**အမြဲတည်ခြင်းသည် မရှိချေ**

အရိုးစု ၃၀၀ တို့ဖြင့် ဖွဲ့စည်းထားအပ်သော ဤခန္ဓာကိုယ်သည် အဆန်းတကြယ်ပြုလုပ်အပ်သော အရုပ်နှင့်တူ၏။ နာကျင်တတ်သောသဘောရှိ၏။ ယင်းခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီးခြင်းသို့ ရောက်ရ၏။ အမြဲတည်ခြင်းသည် မရှိချေ။ (ခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီး၍ အတည်မဲ့သောသဘောရှိသဖြင့် မစွဲလမ်း မနှစ်သက်အပ်ချေ။)

ဇရာဝဂ်(ဓမ္မပဒ-၁၄၇)



## ဖိလစ်ပိုင် သမ္မတ မစ္စတာ ရိုဒရီဂို ရိုဝါ ဒူတာတေး နေပြည်တော်သို့ ရောက်ရှိ

သတင်း စာမျက်နှာ » ၈

## Fast, Comfortable, Safety သုံးချက် မပြည့်စုံရင် နိုင်ငံတကာအဆင့်မီ အမြန်လမ်းမဟုတ်သေးဘူးလို့ ပြောလို့ရ

ဆောင်းပါး စာမျက်နှာ » ၆

## အဆင့်မြင့် စစ်မှုထမ်းဟောင်းအိမ်ရာ (မကွေး)ပထမအကြိမ် လွှဲပြောင်းပေးအပ်

သတင်း စာမျက်နှာ » ၃



ပြပွဲ၌ ခင်းကျင်းရောင်းချလျက်ရှိသည့် ကျောက်စိမ်းအသားကျောက်များကိုတွေ့ရစဉ်။

# ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ ပြသရောင်းချ

**နေပြည်တော် မတ် ၁၉**

မြန်မာ့ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ ပြသရောင်းချပွဲကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမဝင်းအတွင်း စတင်ကျင်းပသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ✱

# ခရီးစဉ်များ တိုးချဲ့ပြေးဆွဲနိုင်ရန် ဘိုးရင်းလေယာဉ်သစ် ရောက်ရှိ

**ရန်ကုန် မတ် ၁၉**

မြန်မာအမျိုးသားလေကြောင်းလိုင်း Myanmar National Airlines တွင် ပြေးဆွဲမည့် စတုတ္ထမြောက် ဘိုးရင်းလေယာဉ်သစ် ယနေ့ညနေတွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA)သည် နိုင်ငံတကာလေကြောင်းဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်ရေးအတွက် လေယာဉ်သစ်များ ဖြည့်တင်းပြေးဆွဲလျက်ရှိရာတွင် အမေရိကန်နိုင်ငံ GE ကုမ္ပဏီ၏ လုပ်ငန်းခွဲတစ်ခုဖြစ်သော GECAS ကုမ္ပဏီမှ Boeing 737-800 လေယာဉ်အမျိုးအစား B737-800 NG (Next Generation) လေးစင်းနှင့် နောက်ဆုံးထုတ် B737-800 Max ခြောက်စင်းငှားရမ်းပြေးဆွဲရေး စီမံချက်ရေးဆွဲခဲ့ရာ **စာမျက်နှာ ၃ ကော်လံ ၅ သို့** ❖





အသစ်ရောက်ရှိလာသော Boeing 737-800 NG လေယာဉ်အား တွေ့ရစဉ်။

## အချိန်အခါမဟုတ် မိုးရွာနိုင်

**နေပြည်တော် မတ် ၁၉**

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေအေးများနှင့် ဘင်္ဂလားပင်လယ်အော်ဘက်မှ ရွေ့လျားလာသော လေနွေးများစုဆုံမှုကြောင့် လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများကြောင့်လည်းကောင်း ယနေ့ညနေမှ နောက်သုံးရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။

(ကြေးမုံ)


KBZ BANK

STRENGTH OF MYANMAR

သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

ကြေးမုံ

# ငြိမ်းချမ်းသာယာဝပြောသော ဒီမိုကရေစီနိုင်ငံတော်

နိုင်ငံတိုင်း နိုင်ငံတိုင်းတွင် ရည်မှန်းချက်ပန်းတိုင်ရှိသည်။ ထိုရည်မှန်းချက်ပန်းတိုင်ကို နိုင်ငံ့တာဝန်ယူခဲ့ကြသည့် အစိုးရတိုင်းက ရေးဆွဲကြသည်။ မျှော်ကြသည့် ရည်ရွယ်ချက်ပန်းတိုင်မှာ မိမိတို့၏မူဝါဒလုပ်ငန်းစဉ်နှင့် နိုင်ငံ၏ပကတိဖြစ်ပေါ် တိုးတက်မှုနှင့်အညီဖြစ်မြောက်အောင် အကောင်အထည်ဖော်ရန်အတွက်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ကြရာတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေး ရည်မှန်းချက်ပန်းတိုင်ကို ချမှတ်အကောင်အထည်ဖော်ခဲ့သည်။ စည်းကမ်းပြည့်ဝခြင်းဟူသည် ဒီမိုကရေစီစနစ်၏ အခြေခံသဘောတရားဖြစ်သည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်ခြင်းဟူသည်မှာ နိုင်ငံ၏အခြေခံအကြောင်းတရားနှင့် အမှန်တကယ်လုပ်ဆောင်နိုင်မှုစွမ်းအားများအပေါ်တွင် မူတည်သည်။

နိုင်ငံတော်အစိုးရသစ် နိုင်ငံ့တာဝန်စတင်ယူသည့် မျက်မှောက်ကာလ တစ်နှစ်တာကြာမြင့်လာသော အချိန်အတွင်း တိုးတက်ပြောင်းလဲလာသော အခြေအနေများ၊ ရည်မှန်းချက်များအား ကြည့်မည်ဆိုလျှင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို အစိုးရ၏ ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်နေသည်ကို တွေ့ရသည်။ အစိုးရအနေဖြင့် တိုင်းရင်းသားအဖွဲ့အစည်းအားလုံးပါဝင်သည့် ရေရှည်တည်တံ့သော အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးကိုဖော်ဆောင်ရန် သန္နိဋ္ဌာန်ချမှတ်ထားသလို ရှင်းလင်းပြတ်သားသည့် ရည်မှန်းချက်များ ထားရှိပြီးဖြစ်သည်ကို တွေ့ရသည်။

ပြည်သူလူထု၏ လိုအပ်ချက်မှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်လိုခြင်းဖြစ်သည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်မှာ စီးပွားရေးအလုပ်တစ်ခုတည်းကို လုပ်နေရုံဖြင့်မပြီးချေ။ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် လိုအပ်သော အခြေခံအကြောင်းတရားများရှိသည်။ တိုင်းပြည်တွင် ငြိမ်းချမ်းမှု၊ လုံခြုံမှု၊ တည်ငြိမ်မှုမရှိဘဲနှင့် ပြည်သူအားလုံး သာယာဝပြောရေးကို ဆောင်ကြဉ်းပေးနိုင်မည့် စစ်မှန်သော ဒီမိုကရေစီစနစ်ကို ရောက်ရှိနိုင်မည်မဟုတ်ချေ။ ပြည်သူအားလုံး သာယာဝပြောရန်အတွက် ပြည်သူအားလုံး စီးပွားရေးကောင်းမွန်ဖို့လိုအပ်သည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးဖော်ဆောင်ကြိုးပမ်းမှုလုပ်ငန်းစဉ်များနှင့် ယှဉ်တွဲဖြစ်တည်နေသည်။

ဖွံ့ဖြိုးတိုးတက်မှုဟူသည် နိုင်ငံအတွင်းနေရာကွက်ကြား ဖွံ့ဖြိုးတိုးတက်နေ၍မပြီးချေ။ ပြည်ထောင်စုကြီးအတွင်း မည်သည့်နေရာတွင် နေထိုင်သည်ဖြစ်စေ အညီအမျှဖွံ့ဖြိုးတိုးတက်မှသာ စစ်မှန်သည့် ဒီမိုကရေစီစနစ်သို့ရောက်ရှိနိုင်မည်ဖြစ်သည်။ ထို့ကြောင့် အစိုးရသစ်အနေဖြင့် ငြိမ်းချမ်းရေးရရှိရေးကို ဦးစားပေးလုပ်ငန်းအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်သည်။

ယခုအခါ စီးပွားရေးဆိုင်ရာအခွင့်အလမ်းကောင်းများရှိနေပြီဖြစ်၍ ငြိမ်းချမ်းရေးလုပ်ငန်းများကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဆိုလျှင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား ချောမွေ့လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုမှာ တစ်နှစ်လျှင် ဖွံ့ဖြိုးတိုးတက်မှုနှုန်း ခုနစ်ရာခိုင်နှုန်းကျော်ရှိနေရာ ကမ္ဘာပေါ်တွင် စီးပွားရေးတိုးတက်မှုအမြန်ဆုံးနိုင်ငံအဖြစ် ရပ်တည်နေသည်မှာ ဝမ်းမြောက်ဖွယ်ဖြစ်သည်။

သို့သော် ငြိမ်းချမ်းရေးမရရှိဘဲနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုအဖြစ် ခိုင်မြဲအောင်ဆောင်ရွက်နိုင်မည်မဟုတ်ချေ။ ထို့ကြောင့် ရေရှည်တည်တံ့ခိုင်မြဲသော စီးပွားရေးဖြစ်အောင်၊ ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိအောင် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းဝန်းရံပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ငြိမ်းချမ်းရေး မဖြစ်မနေမရရအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်၍ နိုင်ငံတော်အစိုးရသစ်အနေဖြင့် နိုင်ငံတော်၏ရည်မှန်းချက်ကို "ငြိမ်းချမ်းသာယာဝပြောသော ဒီမိုကရေစီနိုင်ငံတော်"အဖြစ် ထူထောင်ရန် ရည်မှန်းချက်ထား အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းသည် လျော်ကန်သင့်မြတ်လှပေသည်။ ယခုအခါ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဦးစားပေးလုပ်ငန်းအဖြစ် သတ်မှတ်ဆောင်ရွက်နေပြီဖြစ်သည့်အပြင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံး တွေ့ဆုံဆွေးနွေးရန် တံခါးဖွင့်ပေးထားပြီးဖြစ်သည်။

ငြိမ်းချမ်းသာယာဝပြောသော ဒီမိုကရေစီနိုင်ငံတော်ကို ထူထောင်နိုင်ရန်အတွက် ကမ်းလင့်ထားသော ငြိမ်းချမ်းရေးလက်များ တွဲလက်ဆက်ကြရမည်ဖြစ်သည်။ နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူအားလုံး ငြိမ်းချမ်းသာယာဝပြောစွာ ထာဝရလက်တွဲနေထိုင်နိုင်ရန်အတွက် ငြိမ်းချမ်းရေးခရီးလမ်းတွင် အတူတကွပါဝင်ကာ ဆွေးနွေးညှိနှိုင်းအဖြေရှာနိုင်ကြလိမ့်မည်ဟု ယုံကြည်ထားပါသည်။ ။

# (၇၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

☆ နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရေးနှင့် နိုင်ငံတော်အစိုးရ၏ လုပ်ငန်းတာဝန်အရပ်ရပ်ကို ထိပါးလာမှုများအား တပ်မတော်မှ ကာကွယ်စောင့်ရှောက်ရေး။

☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုက ရွေးချယ်သော ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရန် ထိန်းသိမ်းဆောင်ရွက်ရေးတို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် မြဲမြံစွာ ခံယူလုပ်ဆောင်ရေး။

☆ ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ချမှတ်ထားသော တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ဖြင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပါဝင်ဆောင်ရွက်ရေး။

☆ နိုင်ငံတော်ကာကွယ်ရေးနှင့် ဘက်စုံလုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

## အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဆိုင်ကယ်စက်ပြင်သင်တန်းဆင်း

**မော်လမြိုင် မတ် ၁၉**
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်စက်ပြင်သင်တန်းဆင်းပွဲကို မတ် ၁၆ ရက်တွင် မုဒုံမြို့နယ် ကော့ခိုက်ကျေးရွာ၌ ပြုလုပ်ခဲ့သည်။

အဆိုပါသင်တန်းသို့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးကြည်၊ ခရိုင်ဦးစီးမှူး ဦးရဲဝင်းနှင့် ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ခဲ့သည်။

အဆိုပါသင်တန်းတွင် သင်တန်းသား ၁၇ ဦး တက်ရောက်၍ သင်ထောက်ကူ ပစ္စည်းများကို သင်တန်းသားများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မင်းသန့်)**

## အင်းစိန်၌ အာနန္ဒာမုနိ သိမ်စေတီတော် ရွှေထီးတော်တင်လှူ

**ရန်ကုန် မတ် ၁၉**
ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက် သီဟိုဠ်ကျောင်းတိုက်ရှိ အာနန္ဒာမုနိသိမ်စေတီတော် ရွှေထီးတော်တင်လှူခြင်း၊ သိမ်၊ ကျောင်း၊ တိုးချဲ့ဓမ္မာရုံ ရေစက်ချလှူဒါန်းခြင်းနှင့် သီဟိုဠ်ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တပုညာစာရ၏ (၅၇)နှစ်ပြည့် ဝိဇာတမွေးနေ့မင်္ဂလာ သိက္ခာထပ်ခြင်းတို့ကို မတ် ၁၈ ရက် နံနက် ၉ နာရီတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။

ထို့နောက် အာနန္ဒာမုနိသိမ်စေတီတော်ကို မတ် ၁၈ ရက် မင်္ဂလာအချိန်တွင် ဝိဇာတမွေးနေ့ရှင် ဆရာတော်ကြီးနှင့် သီဟိုဠ်ကျောင်းတိုက်ဆရာတော်ကြီး ဦးဆောင်၍ သာသနာ့အကျိုးဆောင်အဖွဲ့နှင့် အလှူရှင်ဒါယကာ၊ ဒါယိကာမများအား ပုပ္ပားရဲမင်းခေါင် ဓနသိဒ္ဓိ သာသနာပြု(ကုသိုလ်ဖြစ်) ရွှေထီးတော်တင်အဖွဲ့မှ ရွှေထီးတော်တင်လှူပူဇော်ခဲ့ပြီး မတ် ၁၉ ရက်တွင် ဝိဇာတ သိက္ခာထပ် သိမ်ဆင်းသံဃာတော် ၄၅ ပါးတို့အား သိမ်ဆင်းလောင်းလှူ၍ ဆရာတော်၊ သံဃာတော်များက သိမ်ကျောင်းတော်နှင့် တိုးချဲ့ဓမ္မာရုံကျောင်းတော်



ဆောက်လုပ်လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးခဲ့ကြကြောင်း သိရသည်။

**(၆၈၄)**

## စက်မှုလယ်ယာစနစ်ကျလယ်မြေ ဧက ၁၀၀ ဖော်ထုတ်ပြီးစီးမှုအား ကြည့်ရှုစစ်ဆေး

**မိုးမိတ် မတ် ၁၉**
ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်ခရိုင် မိုးမိတ်မြို့နယ် ပဒါန်းကျေးရွာအုပ်စု နမီကျေးရွာတွင် ဖော်ထုတ်ဆောင်ရွက်နေသော စက်မှုလယ်ယာစနစ်ကျလယ်မြေဧက ၁၀၀ ဖော်ထုတ်ပြီးစီးမှုအခြေအနေအား ရှမ်းပြည်နယ်ပြည်နယ်လွှတ်တော်စစ်၊ စွမ်းအင်နှင့်စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးဆွေသိန်းက မတ် ၁၆ ရက်တွင် ကြည့်ရှုခဲ့ရာ ပြီးစီးမှုအခြေအနေများအား စက်မှုလယ်ယာဦးစီးဌာန တွဲဖက်ပြည်နယ်မှူး ဦးရဲမြင့်က စနစ်ကျလယ်မြေဖော်ထုတ်ဆောင်ရွက်မှုအား ရှင်းလင်းတင်ပြခဲ့သည်။



ထို့နောက် ရှမ်းပြည်နယ် လွှတ်တော်စစ်၊ စွမ်းအင်နှင့်စက်မှုဝန်ကြီးဌာနဝန်ကြီးက စက်မှုလယ်ယာစနစ်ကျလယ်မြေဧက ၁၀၀ ဖော်ထုတ်ပြီးစီးမှုအခြေအနေအား လေ့လာကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

နမီကျေးရွာတွင် ဖော်ထုတ်ဆောင်ရွက်သည့် စက်မှုလယ်ယာစနစ်ကျလယ်မြေဧက ၁၀၀ အတွင်း ပိုင်ဆိုင်သော တောင်သူ ၁၃ ဦးကလည်း စီမံကိန်းဆောင်ရွက်မှုအခြေအနေများနှင့် လယ်ယာမြေပြန်လည်ခွဲဝေမှုလုပ်ငန်းများအပေါ် ကျေနပ်လက်ခံကြောင်း ပြောသည်။ **ခရိုင်(ပြန်/ဆက်)**

## ကုန်းတန်းကြီးကျေးရွာတွင် ရေဘေးဇာတ်တိုက်လေ့ကျင့်

**သာပေါင်း မတ် ၁၉**
ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ ကရုဏာမြန်မာအဖွဲ့အစည်းတို့ ပူးပေါင်းပြီး ရေဘေးဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာများ ပြုလုပ်ခြင်းကို မတ် ၁၇ ရက် နံနက်ပိုင်းတွင် သာပေါင်းမြို့နယ် ကုန်းချောင်းကြီးကျေးရွာ၌ ကျင်းပရာ ရေဘေး ဇာတ်တိုက်လေ့ကျင့်ခန်းများ၊ သရုပ်ပြဆောင်ရွက်ချက်များကို ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့က ဇာတ်တိုက်သရုပ်ပြကြသည်။

ထို့နောက် အသိပညာပေးလက်ကမ်းစာစောင်များ ဝေငှခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**အထူးသတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန္တလေး ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၀၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၊ ဖက်စ် ၀၁-၂၀၃၃၅၁

ပြည်တွင်းရေးရာ

# အဆင့်မြင့် စစ်မှုထမ်းဟောင်းအိမ်ရာ(မကွေး) ပထမအကြိမ် လွှဲပြောင်းပေးအပ်

**နေပြည်တော် မတ် ၁၉**

အဆင့်မြင့် စစ်မှုထမ်းဟောင်းအိမ်ရာ (မကွေး) အိမ်ရာများ ပထမအကြိမ် လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ အိမ်ရာ၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ တို့ တက်ရောက်သည်။

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း အသက်ခန္ဓာ စွန့်လွှတ်ရသည်များ၊ စစ်မှုထမ်းဟောင်းများနှင့် ပတ်သက်သည့် အခွင့်အရေးများကို နိုင်ငံတော်အပိုင်းမှ ဥပဒေနှင့်အညီထည့်သွင်းစဉ်းစား လုပ်ဆောင်နိုင်ရန် တင်ပြဆောင်ရွက်ခဲ့ကြောင်း၊ စစ်မှုထမ်းဟောင်း အိမ်ရာဆောက်လုပ်ရန်အတွက် မြေနေရာရွေးချယ်ရာတွင်လည်း နေထိုင်ရေးအတွက် ရေ၊ မီး အဆင်ပြေမှုသာမက သွားလာရေးအတွက်လည်း ကျောင်း၊ ဆေးရုံ၊ အလုပ်အကိုင်အခွင့်အလမ်း စသည်တို့ကိုပါ ထည့်သွင်းစဉ်းစား၍ တည်နေရာကို ရွေးချယ်ခဲ့ကြောင်း၊ စစ်မှုထမ်းဟောင်းများနှင့် မိသားစုများ နေထိုင်ရေးအတွက် ငွေကြေးသုံးစွဲ ကုန်ကျမှု မြောက်မြားစွာဖြင့် လုပ်ဆောင်ပေးခြင်းဖြစ်၍ စစ်မှုထမ်းဟောင်း အိမ်ရာများတွင် အမှန်တကယ်နေထိုင်သူများဖြစ်ရန်နှင့် စီးပွားရေးအတွက် အသုံးမချရန် မှာကြားသည်။

ထို့နောက် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဆန်းဦးက အိမ်ရာနေထိုင်ခွင့် လက်မှတ်များနှင့် အခန်းသော့များအား စစ်မှုထမ်းဟောင်းများနှင့် မိသားစုကိုယ်စားလှယ်များထံ ပေးအပ်သည်။

ယင်းနောက် တာဝန်ရှိသူများက အိမ်ရာတွင်နေထိုင်မည့် စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များအတွက် ဘုရားဆင်းတုတော်များ၊ စားသောက်ဖွယ်ရာများ၊ မီးဖိုချောင်သုံးပစ္စည်းများကို ပေးအပ်ကြပြီး စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ညိုစောက စစ်မှုထမ်းဟောင်းများအတွက် ပုဆိုးများနှင့် စစ်မှုထမ်းဟောင်းအိမ်ရာ ဆောက်လုပ်ခဲ့သည့် ဆောက်လုပ်ရေးကုမ္ပဏီအား ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။ **(အပေါ်ပုံ)**



အဆင့်မြင့်စစ်မှုထမ်းဟောင်း အိမ်ရာ(မကွေး)သည် ပဉ္စမအကြိမ်မြောက်ဖွင့်လှစ်ခြင်းဖြစ်ပြီး အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာများကို နေပြည်တော်၊ မန္တလေးနှင့် ရန်ကုန်မြို့တို့တွင် အသီးသီး ဆောက်လုပ်၍ တိုက်ခန်း ၇၅၀ တွင် စစ်မှုထမ်းဟောင်းများနှင့် မိသားစုများကို နေရာချထားပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်ဇနီးနှင့် အဖွဲ့ဝင်များသည် မကွေးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ သွားရောက်၍ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များကို အားပေးစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့သည် မကွေးမြသလွန်စေတီတော်ကြီးကို သွားရောက်ဖူးမြော်ကြည်ညိုသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မင်းဘူးမြို့ရှိ နဂါးပွက်တောင်တော်သို့ ရောက်ရှိကြပြီး၂၀၁၆ ခုနှစ် ဩဂုတ် ၂၄ ရက်က အင်အားပြင်းငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ပျက်စီးခဲ့သည့်နေရာများကို တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် အလှူရှင်များက စုပေါင်းလှူဒါန်းပြီး ပြန်လည်ပြင်ဆင် တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မင်းဘူးမြို့ ရှင်ပင်စက္ကိန်းတဲ ရွှေစေတီတော်မြတ်ကြီးကို သွားရောက်ဖူးမြော်ကြည်ညိုခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာ-ကိုရီးယား ချစ်ကြည်ရေးဘုန်းတော်ကြီးသင် ပညာရေးကျောင်းတည်ဆောက်ရန် အလှူငွေပေးအပ်

**မန္တလေး မတ် ၁၉**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်တွင် တည်ဆောက်လျက်ရှိသော မြန်မာ-ကိုရီးယား ချစ်ကြည်ရေး ဘုန်းတော်ကြီးသင်ပညာရေးကျောင်း တည်ဆောက်ရန်အတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ဘွဲ့နှင်းသဘင်ခန်းမ မန္တလေးတိုင်းဒေသကြီး၌ ကျင်းပသည်။

အခမ်းအနားတွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက အမှာစကားပြောကြားပြီး အလှူရှင် ၂၃ ဦးတို့က အလှူတော်ငွေကျပ် ၇၀၈ သိန်း လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးနှင့် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမိုးဇော်ရွှေတို့က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (သာသနာရေး)မှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အလှူရှင်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**❖ ရွှေဖုံးမှ**

B737-800NG (Next Generation)အမျိုးအစားမှ လေးစင်းမြောက်ရောက်ရှိလာသော လေယာဉ်သစ်ဖြစ်ကြောင်း အဆိုပါ လေကြောင်းလိုင်းမှ သိရသည်။

အဆိုပါ လေကြောင်းလိုင်းအနေဖြင့် ယခင်ရောက်ရှိပြီးဖြစ်သည့် ဘိုးရင်းလေယာဉ်သစ် သုံးစင်းဖြင့် ဒေသတွင်းနိုင်ငံများမှ ဘန်ကောက်၊ ချင်းမိုင်၊ စင်ကာပူ၊ ဗုဒ္ဓဂယာ၊ ဟောင်ကောင်တို့သို့ ပြေးဆွဲလျက်ရှိပြီး ယခုရောက်ရှိလာသော လေယာဉ်အပါအဝင် မှာယူထားသော လေယာဉ်များ ထပ်မံရောက်ရှိလာသည်နှင့်အမျှ ပြည်တွင်း ပြည်ပခရီးစဉ်များ တိုးချဲ့ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာအမျိုးသား လေကြောင်းလိုင်းတွင် ယခင်က လူအားဖြင့်ဆောင်ရွက်သည့် လုပ်ငန်းစဉ်များနေရာတွင် IT Software များ အစားထိုးအသုံးပြုကာ အွန်လိုင်းမှ ကြိုတင်စာရင်းပေးခြင်း၊ ထိုင်ခုံရွေးချယ်ခြင်း၊ လက်မှတ်ဝယ်ယူခြင်း၊ ငွေပေးချေခြင်းများကို ကမ္ဘာ့နေရာအသီးသီးမှ အချိန်ကုန်သက်သာစွာ အလွယ်တကူ ဆောင်ရွက်နိုင်ပြီဟု သိရသည်။

နိုင်ငံပိုင်လေကြောင်းလိုင်းဖြစ်သော မြန်မာအမျိုးသား လေကြောင်းလိုင်းသည် ဘိုးရင်းလေယာဉ်သစ်များအပြင် ATR လေယာဉ်များဖြင့် ပြည်တွင်းခရီးစဉ်ပေါင်း ၂၈ ခု၊ ပြည်ပခရီးစဉ်အဖြစ် မြို့ ငါးမြို့ကို ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

**ဆုနှင်းလဲ့**

**✱ ကျောက်မျက်ရိုင်းမှ**

အဆိုပါပြသရောင်းချပွဲသည် ပြည်တွင်းကျောက်မျက်ရတနာကုန်သည်များကိုသာ ပြသရောင်းချခြင်းဖြစ်ပြီး ကျောက်မျက်အတွဲ ၁၉၅ တွဲနှင့် ကျောက်စိမ်းအတွဲ ၄၄၅၄ ကို ပြသရောင်းချသွားမည်ဖြစ်သည်။

"ကျောက်မျက်ရိုင်းနဲ့ ကျောက်စိမ်းအသားကျောက် တစ်ပိုင်တစ်နိုင်လုပ်ငန်းတွေက နိုင်ငံအတွင်းမှာရှိကြတယ်။ အများအားဖြင့် အဲဒီလုပ်ငန်းလုပ်ကိုင်နေကြသူတွေဟာ လိုင်စင်ရယူပြီးလုပ်ကိုင်နေကြတာဖြစ်ပါတယ်၊ သူတို့က တူးဖော်ရေးအဖွဲ့တွေမဟုတ်ဘဲ အချောထည်လုပ်ငန်းလုပ်ကိုင်ကြသူတွေဖြစ်ပါတယ်။ သူတို့တစ်တွေ အချောထည်ထုတ်လုပ်နိုင်အောင် မြန်မာကျပ်ငွေနဲ့ ကုန်ကြမ်းရောင်းချပေးခြင်းဖြစ်ပါတယ်။ အချောထည်ဈေးကွက်ကိုဖော်ဆောင်နိုင်ဖို့ ပြသရောင်းချခြင်းဖြစ်ပါတယ်။ ကျောက်စိမ်းကျောက်မျက်အချောထည်တွေ ပြည်တွင်းမှာ ပိုမိုထုတ်လုပ်နိုင်ခြင်းဖြင့် ပြည်တွင်းမှာ ကျောက်စိမ်းကျောက်မျက်နဲ့ ပတ်သက်တဲ့ အလုပ်အကိုင်တွေပိုမိုပေါများလာမှာဖြစ်ပါတယ်"ဟု မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ စီမံရေးရာလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသန်းဇော်ဦးက ပြောသည်။

အဆိုပါ ပြသရောင်းချပွဲတွင် ကျောက်မျက်ရိုင်းဈေးနှုန်းအဆိုပြုလွှာများကို မတ် ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် တင်သွင်းကြရမည်ဖြစ်ပြီး မတ် ၂၁ ရက်တွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့်ရောင်းချသွားမည်ဖြစ်သည်။ ကျောက်စိမ်းအသားကျောက်အတွဲများပြသရောင်းချခြင်း အတွဲအမှတ် (၁)မှ (၁၅၀၀)ကို မတ် ၂၁ ရက်တွင် ဈေးနှုန်းပေးသွင်းလွှာထည့်သွင်းရမည်ဖြစ်ပြီး ဝယ်ယူခွင့်ရရှိသူများကို မတ် ၂၂ ရက်တွင် လည်းကောင်း၊ အတွဲအမှတ်(၁၅၀၁)မှ (၃၀၀၀) ထိကို မတ် ၂၂ ရက်တွင် ဈေးနှုန်းပေးသွင်းလွှာထည့်သွင်းပြီး ဝယ်ယူခွင့်ရရှိသူများကို မတ် ၂၃ ရက်တွင် လည်းကောင်း၊ အတွဲ အမှတ် (၃၀၀၁)မှ (၄၄၅၄) ထိကို မတ် ၂၃ ရက်တွင် ဈေးနှုန်းပေးသွင်းလွှာထည့်သွင်းပြီး မတ် ၂၄ ရက်တွင် လည်းကောင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ထုတ်ပြန်ကြေညာရောင်းချပေးသွားမည်ဖြစ်သည်။

မွန်းတည့် ၁၂ နာရီတွင် အဆိုပါ ပြသရောင်းချပွဲသို့ အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးကျော်သီဟနှင့် အဖွဲ့ဝင်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင် ဦးမင်းသူ၊ ဒေါ်စံပယ်ထွေးနှင့် အဖွဲ့ဝင်များ လာရောက်လေ့လာခဲ့ကြသည်။

**မင်းမင်းဇော်(သတင်းစဉ်)**

# မြန်မာနိုင်ငံ၏ ပထမဦးဆုံး အလှဆင်ဖန်တီးထားသည့် မီးအလှပြပွဲတော်ကျင်းပ

**ရန်ကုန် မတ် ၁၉**

မြန်မာနိုင်ငံတွင်ပထမဦးဆုံးကျင်းပသည့် မီးအလှပြပွဲတော် (Myanmar International Lighting Festival 2017 ) ကို ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ်၌ LED လျှပ်စစ်မီးအလှဆင်ဖန်တီးမှုဖြင့် ယနေ့ ညနေ ၆ နာရီခွဲက စတင်ပြသလျက်ရှိရာ ပွဲတော်လာ ပြည်တွင်း ပြည်ပပြည်သူများဖြင့် စည်ကားလျက်ရှိသည်။**(အောက်ယာပုံ)**

အဆိုပါ Myanmar International Lighting Festival 2017 ပွဲတော်ကြီးကို DN Development Group မှ စီစဉ်ဖန်တီးတင်ဆက်ခြင်းဖြစ်သည်။ ပွဲတော်အတွင်းရင်သပ်ရှုမောဖွယ်ရာမီးအလှဆင်ပြကွက်များကို LED လျှပ်စစ်မီးအလုံးပေါင်း သန်း ၇၀ အသုံးပြုကာ အာဆီယံနိုင်ငံများမှ ပညာရှင်များ၏အကူအညီဖြင့် နိုင်ငံတကာအဆင့်မီဖန်တီးပြသခြင်းဖြစ်သည်။

Myanmar International Lighting Festival 2017 ပွဲတော်ကြီးအတွင်း ပွဲတော်၏သင်္ကေတအဖြစ် မြန်မာ့ရိုးရာဆွမ်းအုပ်ပုံမီးအလှဆင်ပြကွက်ကို လှပခံ့ညားစွာပြုလုပ်တင်ဆက်ပြသထားပြီး ပါရီမြို့၏ကမ္ဘာကျော် အီဖယ်လ်မျှော်စင်၊ ဂျပန်နိုင်ငံမှ ဖူဂျီတောင်၊ အာကာသအတွင်းရောက်ရှိသွားသလိုခံစားရမည့် Time Tunnel ၊ ချစ်စဖွယ်ရုပ်ပုံများ၊ နာမည်ကျော်ရုပ်ရှင်နှင့် ကာတွန်းဇာတ်ကောင်များ၊ တိရစ္ဆာန်လေးများ၊ မျက်စိပသာဒရစေမည့် ပန်းအလှများ အစရှိသည့် မီးအလှဆင်ပြကွက်(Light Fixtures) ပေါင်း ၆၀ ကျော်ကို တင်ဆက်ပြသထားကြောင်း သိရသည်။

မတ် ၁၉ ရက်မှ ဧပြီ ၃၀ ရက်ထိ သီတင်းပတ်ခြောက်ပတ်ကြာကျင်းပမည့် မြန်မာနိုင်ငံ၏ပထမဦးဆုံးသောမီးအလှပြပွဲတော်ကြီးကို သင်္ကြန်တွင်း လေးရက်မှအပ နေ့စဉ် ညနေ ၅ နာရီခွဲမှ ည ၁၀ နာရီခွဲထိ ဖွင့်လှစ်ထားရှိမည်ဖြစ်ကြောင်း၊ ဝင်ကြေးအဖြစ် လက်မှတ်တစ်စောင်လျှင် ငွေကျပ် ၃၀၀၀ ၊ ကျောင်းသား ကျောင်းသူများအတွက် လက်မှတ်တစ်စောင်လျှင် ငွေကျပ် ၁၅၀၀ သတ်မှတ်ထားရှိကာ (၅) နှစ်အောက်ကလေးငယ်များ အခမဲ့လေ့လာနိုင်ကြမည်ဖြစ်ကြောင်း၊ ပွဲတော်မှရရှိလာသည့် အခကြေးငွေစုစုပေါင်း၏ ၃၀ ရာခိုင်နှုန်းကိုလည်း လူမှုအဖွဲ့အစည်းများ၊ ပညာရေးဆိုင်ရာဖောင်ဒေးရှင်းများနှင့် အခြေခံပညာကျောင်းများသို့ ပေးအပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံ၏ပထမဦးဆုံးသောမီးအလှပြပွဲတော် (Myanmar International Lighting Festival 2017 )ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၆ နာရီက ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ်၌ ကျင်းပခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ကိုယ်စား လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး တင်အောင်ထွန်း၊ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်နှင့် DN Development Group မှတာဝန်ရှိသူများက တက်ရောက်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-စိုးဝင်း(MLA)**

❏



# ထရန့်အမှတ်တံဆိပ်ပါ တာဝါအဆောက်အအုံများ၌ ရုရှားလူကုံထံအလွှာမှ ပုဂ္ဂိုလ်များ ရင်းနှီးမြှုပ်နှံထား

**မိုင်ယာမီ မတ် ၁၉**
ရုရှားနိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားခြင်း သို့မဟုတ် ရုရှားတွင် နေရပ်လိပ်စာများရှိသော လူပုဂ္ဂိုလ် ၆၃ ဦးသည် အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်တောင်ပိုင်းရှိ ထရန့်အမှတ်တံဆိပ်ပါရှိသော တာဝါအဆောက်အအုံကြီးများ၏ အခန်းများကို ဝယ်ယူထားကြကြောင်း ရိုက်တာသတင်းဌာန၏ စုံစမ်းလေ့လာမှုတစ်ရပ်အရ သိရသည်။

မိမိအနေဖြင့် ရုရှားနိုင်ငံနှင့် စီးပွားရေးလုပ်ငန်းဆိုင်ရာ ဆက်နွှယ်မှုများ မရှိကြောင်း ၂၀၁၆ ခုနှစ် သမ္မတရွေးကောက်ပွဲ ကာလအတွင်း ဒေါ်နယ်ထရန့်က အတိအလင်း ပြောကြားခဲ့ပြီး သမ္မတတာဝန် စတင်ထမ်းဆောင်ချိန် နောက်ပိုင်းတွင်လည်း အလားတူ ပြောဆိုမှုများရှိခဲ့ကြောင်း ရိုက်တာ၏ လေ့လာချက်တွင် ဖော်ပြသည်။

ရုရှားနိုင်ငံ၌ မည်သည့် အိမ်ရာခြံမြေကိုမျှ မိမိဝယ်ယူထားခြင်းမရှိသကဲ့သို့ ယင်းနိုင်ငံ၌ မည်ကဲ့သို့သော ချေးငွေများကိုလည်း ချထားခြင်းမရှိကြောင်း၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ မည်သည့်သဘောတူညီချက် တစ်စုံတစ်ရာကိုမှ ရရှိထားခြင်း မရှိကြောင်း သမ္မတထရန့်က လွန်ခဲ့သည့်လက ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားခဲ့သည်။

သို့ရာတွင် အမေရိကန်ပြည်ထောင်စုအတွင်း ရုရှားလူကုံထံအလွှာမှ ပုဂ္ဂိုလ်များက ထရန့် အမှတ်တံဆိပ်ကပ်ထားသော အဆင့်မြင့်တာဝါ အဆောက်အအုံများရှိအခန်းများကို ဝယ်ယူကာ ရင်းနှီးမြှုပ်နှံထားကြကြောင်း၊ ရုရှားနိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားသူ၊ ရုရှားတွင်နေထိုင်သူအဖြစ် လိပ်စာပေးထားသူ တစ်သီးပုဂ္ဂလ ၆၃ ဦးတို့က ယင်းသို့ ဝယ်ယူထားခြင်းဖြစ်ကြောင်း ရိုက်တာ၏ လေ့လာချက်အရသိရသည်။

ထရန့် အမှတ်တံဆိပ်ပါ အဆင့်မြင့် တာဝါအဆောက်အအုံ ခုနစ်လုံးရှိ အခန်းများကို ဝယ်ယူထားခြင်းဖြစ်ပြီး ရုရှားရင်းနှီးမြှုပ်နှံသူများက ကာလပေါက်ဈေး ဒေါ်လာ ၉၈ ဒသမ ၄ သန်းထက်မနည်း တန်ဖိုးရှိ အခန်းများကို ဝယ်ယူထားကြသည်ဆို၏။

ထရန့် အမှတ်တံဆိပ်ပါ အဆောက်အအုံများ၏ အခန်းများကို ဝယ်ယူသူများတွင် ရုရှားနိုင်ငံရေး အသိုက်အဝန်းနှင့် ဆက်နွှယ်မှုရှိသူများပါဝင်သည်။ မော်စကိုအခြေစိုက် နိုင်ငံပိုင်ဆောက်လုပ်ရေးကုမ္ပဏီတစ်ခု၏ အကြီးတန်း မန်နေဂျာဟောင်းတစ်ဦးနှင့် စိန့်ပီတာစဘတ်မြို့ အခြေစိုက် ရင်းနှီးမြှုပ်နှံရေးဘဏ်တိုက်ထူထောင်သူတစ်ဦးတို့မှာ ဝယ်ယူသူများတွင် ပါဝင်သည်ဆို၏။

**ရိုက်တာ။**




# ဂါဇာကမ်းမြောင်ရှိ ဟားမားစ်အဖွဲ့၏ စစ်ဘက်အဆောက်အအုံများအား အစ္စရေးစစ်လေယာဉ်များက ပစ်ခတ်တိုက်ခိုက်

**ဂါဇာ မတ် ၁၉**
ဂါဇာကမ်းမြောင်ဒေသတွင်းရှိ ဟားမားစ်အဖွဲ့၏စစ်ဘက်ဆိုင်ရာ အဆောက်အအုံများအား အစ္စရေးစစ်လေယာဉ်များက မတ် ၁၈ ရက်တွင် ပစ်ခတ်တိုက်ခိုက်မှုများပြုလုပ်ခဲ့ကြောင်း ပါလက်စတိုင်း သတင်းရင်းမြစ်များနှင့်မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ ယင်းအစ္စရေးစစ်လေယာဉ်များ၏ တိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသည့်သတင်းများထွက်ပေါ်ခြင်းမရှိဟု ယနေ့ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ဂါဇာကမ်းမြောင်မြောက်ပိုင်းရှိ ဟားမားစ်လှုပ်ရှားမှုအဖွဲ့ပိုင် စစ်ဘက်ဆိုင်ရာ အဆောက်အအုံများအား အစ္စရေးစစ်လေယာဉ်များက ဒုံးကျည်သုံးစင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ဆင်ဟွာသတင်းဌာနသို့ ပါလက်စတိုင်း သတင်းရင်းမြစ်တစ်ခုက ပြောကြားသည်။

ဂါဇာကမ်းမြောင်ဒေသတွင်းမှ အစ္စရေးနိုင်ငံပိုင်နက်အတွင်းသို့ ဒုံးကျည်တစ်စင်းပစ်ခတ်ခဲ့ခြင်းကြောင့် အစ္စရေးစစ်တပ်မှ တင့်ကားတစ်စီးက ဟားမားစ်အဖွဲ့၏ စစ်ဘက်ဆိုင်ရာ အဆောက်အအုံများအား အမြောက်ဖြင့် တုံ့ပြန်ပစ်ခတ်ပြီး နာရီအနည်းငယ်အကြာတွင် အစ္စရေးစစ်လေယာဉ်များက တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ အစ္စရေးနိုင်ငံတွင်းသို့ ဒုံးကျည်ပစ်လွှတ်ခဲ့ခြင်းအတွက် တာဝန်ရှိကြောင်း မည်သည့်ပါလက်စတိုင်းလက်နက်ကိုင် အဖွဲ့အစည်းကမျှ ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

အစ္စရေးပိုင်နက်အတွင်းသို့ ဒုံးကျည်ဖြင့် ပစ်ခတ်မှုအား တုံ့ပြန်သည့်အနေဖြင့် မတ် ၁၅ ရက်ကလည်း ဂါဇာကမ်းမြောင်အတွင်းရှိ စစ်ဘက်ဆိုင်ရာအဆောက်အအုံများအား အစ္စရေးစစ်လေယာဉ်များက နှစ်ကြိမ်တိုက်ခိုက်ခဲ့သည်။ သို့သော် ထိခိုက်ဒဏ်ရာရမှုသတင်းများ ထွက်ပေါ်မှုမရှိခဲ့ပေ။

၂၀၁၄ ခုနှစ်တွင် အီဂျစ်နိုင်ငံက ဦးဆောင်ညှိနှိုင်းပေးခဲ့သော ဟားမားစ်နှင့်အစ္စရေးတို့အကြား အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ပျက်ပြားပြီးနောက် ၎င်းတို့အကြား နှစ်လတာကြာမြင့်သည့် တိုက်ခိုက်မှုများဖြစ်ပွားခဲ့သည်။ ယင်းတိုက်ခိုက်မှုအတွင်း အစ္စရေးနိုင်ငံက ပမာဏကြီးမားသော ထိုးစစ်ဆင်မှုများပြုလုပ်ခဲ့ရာ တိုက်ခိုက်မှုများ အဆုံးသတ်ချိန်၌ ပါလက်စတိုင်းပြည်သူ ၂၂၀၀ ကျော်သေဆုံးခဲ့ပြီး ၁၁၀၀၀ ခန့်ထိခိုက်ဒဏ်ရာရခဲ့သည်။

**ဆင်ဟွာ။**



# ယခုနှစ် ဂျီ-၂၀ ဘဏ္ဍာရေးအကြီးအကဲများ၏ အစည်းအဝေး၌ နိုင်ငံတကာလွတ်လပ်သောကုန်သွယ်ရေးအတွက် ကတိပြုနိုင်ခြင်းမရှိ

**ဘာဒင်းဘာဒင်(ဂျာမနီ) မတ် ၁၉**
ကမ္ဘာပေါ်ရှိ စီးပွားရေးအင်အားအကြီးမားဆုံးနိုင်ငံများမှ ဘဏ္ဍာရေးခေါင်းဆောင်များ၏ အစည်းအဝေး၌ ယခင်အစဉ်အလာတစ်ရပ်အား ချိုးဖောက်ကာ ကမ္ဘာတစ်လွှား လွတ်လပ်သောကုန်သွယ်ရေးကို မြှင့်တင်အားပေးနိုင်ရန် ကြိုးပမ်းအားထုတ်ပါမည်ဟူသော ကတိကဝတ်ကို စုပေါင်းကြေညာနိုင်ခြင်းမရှိကြောင်း ရိုက်တာသတင်းဌာနက မတ် ၁၉ ရက်တွင် ရေးသားဖော်ပြသည်။

ဂျာမနီနိုင်ငံ ဘာဒင်းဘာဒင်မြို့၌ စက်မှုဖွံ့ဖြိုးပြီးနိုင်ငံ ၂၀ (ဂျီ-၂၀)မှ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်အကြီးအကဲများ၏ အစည်းအဝေးကို နှစ်ရက်ကြာ ကျင်းပခဲ့သော်လည်း ကမ္ဘာတစ်ဝန်း လွတ်လပ်စွာကုန်သွယ်မှုပြုလုပ်ရေးကတိကဝတ်မှာ ပေါ်ထွက်လာခြင်းမရှိဘဲ ပြီးဆုံးသွားကြောင်း၊ အစည်းအဝေးကို အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပသော ဂျာမနီနိုင်ငံအတွက် အရေးမလှသော အစည်းအဝေးဖြစ်ခဲ့ရကြောင်း သတင်းတွင် ဖော်ပြသည်။

လွတ်လပ်သော ကုန်သွယ်ရေးဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပါမည်ဟူသော ယခင်အစိုးရအဖွဲ့၏ ကတိကဝတ်များမှ သွေဖည်ကာ ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒကို တိုးမြှင့်ကျင့်သုံးလာနေသော အမေရိကန်ပြည်ထောင်စု၏ ရပ်တည်ချက်နှင့်ပတ်သက်၍ ဂျာမနီနိုင်ငံက ဆန့်ကျင်ခဲ့သည်။

နိုင်ငံတကာ ကုန်သွယ်ရေးကိစ္စနှင့်ပတ်သက်၍ အမေရိကန်အစိုးရအဖွဲ့သစ်နှင့် နိုင်ငံတကာ အသိုက်အဝန်းအကြားဝါဒကွဲပြားမှုကို ထင်ဟပ်သော အစည်းအဝေးအဖြစ် ရိုက်တာက ရေးသားဖော်ပြသည်။

ရာသီဥတုပြောင်းလဲမှုအား ပြန်လည်ထိန်းညှိနိုင်ရေးအတွက် လုပ်ကိုင်နိုင်စေရန် ရန်ပုံငွေများထောက်ပံ့ပေးပါမည်ဟူသော ကတိကဝတ်ပြုမှုကို ဂျီ-၂၀ ဘဏ္ဍာရေးအကြီးအကဲများ၏ပူးတွဲကြေညာချက်တွင် ဖော်ပြထားခြင်းမရှိပေ။ ကမ္ဘာကြီးပူနွေးလာမှုဟူသည် သိပ္ပံပညာရှင်များ၏ လှည့်ကွက်သာလျှင်ဖြစ်သည်ဆိုသော အမေရိကန်သမ္မတထရန့်၏ ပြောကြားချက်နှင့်အညီ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ရန်ပုံငွေထောက်ပံ့ပေးရေးအတွက် ဂျီ-၂၀ နိုင်ငံများ၏ စုပေါင်းတာဝန်ယူမှုမှာ ယခုတစ်ကြိမ် အစည်းအဝေးတွင် အားပျော့သွားပုံရသည်။

ဂျီ-၂၀ ဘဏ္ဍာရေးအကြီးအကဲများ၏ အစည်းအဝေးမှာ ၁၉ ယောက်နှင့် တစ်ယောက်ပဋိပက္ခဖြစ်ပုံမျိုးနှင့်တူသည်ဟု တက်ရောက်လာသူ အချို့က ဝေဖန်ပြောကြားကြသည်။ ဂျီ-၂၀ နိုင်ငံများအားလုံးတစ်စိတ်တစ်ဝမ်းတည်း သဘောတူဆောင်ရွက်ရန် လိုအပ်သော နိုင်ငံတကာရေးရာ ပြဿနာများနှင့်ပတ်သက်၍ အမေရိကန်ဘက်မှ လိုက်လျောပေးမှုမရှိသဖြင့် ကျန်နိုင်ငံများအားလုံးက အလျှော့ပေးလက်ခံခဲ့ကြရသည်ဆို၏။

အစည်းအဝေးတွင် ပြောဆိုကြပုံမှာ ရင်းနှီးပွင့်လင်းမှုရှိပြီး ထိပ်တိုက်ငြင်းခုံမှုများမရှိကြသော်လည်း ကိစ္စရပ်အချို့အတွက် သဘောတူညီမှုရရှိရေးအတွက် နောက်အစည်းအဝေးများတွင် ဆက်လက်ဆွေးနွေးညှိနှိုင်းရလိမ့်မည်ဖြစ်ကြောင်း တာဝန်ရှိသူအချို့က ပြောကြားကြသည်။

ဂျီ-၂၀ အစည်းအဝေးသို့ ပထမဆုံးအကြိမ် မိမိတက်ရောက်လာခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ ယခင် ပူးတွဲကြေညာချက်များတွင် ဖော်ပြထားသည့် အချက်များနှင့် မိမိ၏ ရှုထောင့်အမြင်တို့သက်ဆိုင်မှုရှိရန် လိုအပ်မည်မဟုတ်ကြောင်း အမေရိကန်ဘဏ္ဍာရေးဝန်ကြီး စတီဗင်အမ်နူချင်က ဂျာမနီနိုင်ငံ၏ အပန်းဖြေစခန်းမြို့ဖြစ်သောဘာဒင်းဘာဒင်မြို့၌ သတင်းထောက်များအား ပြောကြားသည်။

**ရိုက်တာ။**

◆



# အိန္ဒိယ၌ မိခင်နို့ရည်ဘဏ်တိုက်များ ဖွင့်လှစ်နိုင်ရန် မူဘောင်ရေးဆွဲချမှတ်ရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်

**နယူးဒေလီ မတ် ၁၉**
အိန္ဒိယနိုင်ငံ၌ မိခင်နို့ရည်ဘဏ်တိုက်များဖွင့်လှစ်နိုင်ရေးအတွက် နိုင်ငံတော်အဆင့် မူဘောင်ရေးဆွဲချမှတ်ရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်လျက်ရှိကြောင်း အစိုးရတာဝန်ရှိသူတစ်ဦးက ပါလီမန်အောက်လွှတ်တော်တွင် ပြောကြားလိုက်သည်။

အိန္ဒိယနိုင်ငံ၌ ယနေ့အချိန်အထိ အစိုးရကဖွင့်လှစ်သော မိခင်နို့ရည် ဘဏ်တိုက်တစ်ခုမျှ ထူထောင်ထားခြင်းမရှိသေးကြောင်း၊ သို့ရာတွင် လူသားနို့ရည် ဘဏ်တိုက်များ ထူထောင်နိုင်ရေးအတွက် အမျိုးသားအဆင့် လမ်းညွှန်ချက်မူဘောင်များအား ရေးဆွဲရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်လျက်ရှိကြောင်း ကျန်းမာရေးဝန်ကြီး ဖက်ဂန်ဆင်းက အောက်လွှတ်တော်အမတ်များ၏ မေးမြန်းချက်ကို ပြန်လည်ဖြေကြားရာတွင် ဖော်ပြသည်။

အိန္ဒိယနိုင်ငံ၌ မိခင်နို့တိုက်ကျွေးမှုမြှင့်တင်အားပေးရေးလှုပ်ရှားမှု အစီအစဉ်ကို တိုးချဲ့ဆောင်ရွက်လျက်ရှိနေချိန်တွင် မိခင်နို့ရည်ဘဏ်တိုက်များ ထူထောင်နိုင်ရေးအတွက် မူဘောင်ရေးဆွဲ ချမှတ်လျက်ရှိကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် မိခင်နို့ချို သောက်စို့ခွင့်မရနိုင်သော ကလေးများအားလုံးအတွက် မိခင်နို့တိုက်ကျွေးနိုင်ရေးအတွက် ယင်းသို့သော ဘဏ်တိုက်များကို အထူးလိုအပ်လျက်ရှိကြောင်း ကျန်းမာရေးဝန်ကြီးက ပြောကြားသည်။

အိန္ဒိယနိုင်ငံ၌ "မိခင်၏ ချစ်ခြင်းမေတ္တာတရား"ဟု အမည်ပေးထားသော မိခင်နို့တိုက်ကျွေးရေးလှုပ်ရှားမှုအစီအစဉ်ကို လွန်ခဲ့သည့်နှစ်တွင် ကျန်းမာရေးဝန်ကြီးဌာနက စတင်ဆောင်ရွက်ခဲ့သည်။

မိခင်နို့ချို သောက်စို့ခွင့်ရရှိခြင်း၏ အကျိုးကျေးဇူးတစ်ရပ်အဖြစ် အသက်ငါးနှစ်အောက် ကလေးများသေဆုံးမှုနှုန်းကို လျှော့ချနိုင်စေသည်ဆို၏။ **ပီတီအိုင်။**

# နိုင်ငံတကာမြင်ကွင်း

## ရဲရင့်လင်းလက်

တောင်ကိုရီးယားနိုင်ငံမှာ အလျင်စလို ဖြန့်ကြက်ထားတဲ့ ဒုံးပျံကာကွယ်ရေးစနစ် (Terminal High Altitude Area Defence-THAAD) ဟာ တောင်ကိုရီးယားနိုင်ငံရဲ့ ကာကွယ်ရေးစနစ်ကို ခိုင်မာအားကောင်းစေမှာ ဖြစ်ပေမယ့် မြောက်ကိုရီးယားနိုင်ငံကသာ ဒုံးပျံတွေကို မြားမိုးရွာသလို တရစပ်ပစ်လွှတ်ခဲ့ရင်တော့ ကာကွယ်နိုင်စွမ်းရှိမှာမဟုတ်ဘူးလို့ အမေရိကန်အရာရှိကြီးတွေက ထုတ်ဖော်ပြောဆိုခဲ့ပါတယ်။ ဒီအလားအလာအပေါ် အမေရိကန် ကာကွယ်ရေးတာဝန်ရှိသူတွေက ပိုမိုစိုးရိမ်လာတာကတော့ မြင်သာပါတယ်။ သမ္မတ ဒေါ်နယ်လ်ထရန့်က ဒုံးပျံကာကွယ်ရေးစနစ် (THAAD) ကို တောင်ကိုရီးယားနိုင်ငံမှာ ဖြန့်ကြက်ဖို့ မြန်မြန်သွက်သွက် ဆောင်ရွက်ခဲ့ပေမယ့် မြောက်ကိုရီးယားနိုင်ငံက ဒုံးပျံတွေကို မြားမိုးရွာသလို ပစ်လွှတ်ခဲ့ရင် မကာကွယ်နိုင်မှာကို စိုးရိမ်နေကြတာပါ။

အမည်မဖော်လိုတဲ့ ပင်တဂွန်စစ်ဌာနချုပ် အကြီးတန်းအရာရှိကြီးတစ်ဦးက “စစ်သာဖြစ်ခဲ့ရင် မြောက်ကိုရီးယားနိုင်ငံက ဒုံးပျံစစ်ပွဲကို မီးကုန်ယမ်းကုန် ဆင်နွှဲတဲ့အခါ ကျွန်တော်တို့ တောင့်ခံတွန်းလှန်နိုင်မှာ မဟုတ်ပါဘူး။ ဒီလို ဒုံးပျံကာကွယ်ရေးစနစ် တစ်ခုတည်းကိုပဲ အားကိုးမယ်ဆိုရင် အနာဂတ်မှာလည်း တောင့်ခံတွန်းလှန်နိုင်ဖို့က ဖြစ်နိုင်မှာမဟုတ်ပါဘူး”လို့ ရှင်းလင်းပြောဆိုခဲ့ပါတယ်။ ကျွမ်းကျင်သူတွေရဲ့ ခန့်မှန်းတွက်ချက်မှုအရ မြောက်ကိုရီးယားနိုင်ငံမှာ ဒုံးပျံပေါင်း ၁၀၀၀ ကျော်ရှိပါတယ်။ ဒီဒုံးပျံတွေမှာ နျူကလီးယားလက်နက်ထိပ်ဖူးပဲဖြစ်ဖြစ်၊ ဓာတုလက်နက်ထိပ်ဖူးပဲဖြစ်ဖြစ်၊ ဇီဝလက်နက်ထိပ်ဖူးပဲဖြစ်ဖြစ် တပ်ဆင်နိုင်ပါတယ်။ ဒီဒုံးပျံတွေကိုသာ တရစပ် တစ်ပြိုင်တည်း ပစ်လွှတ်ခဲ့ရင် ဒုံးပျံတိုင်းကို ကြားဖြတ်ပစ်ချနိုင်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ကျန်ဒုံးပျံအားလုံးကို ပစ်ချနိုင်ပြီး ဒုံးပျံတစ်ခုတည်းကိုပဲ ပစ်မချနိုင်ခဲ့ဘူးဆိုရင်တောင် ဒါဟာ ရှုံးနိမ့်မှုကို ဖန်တီးပေးနိုင်ပါတယ်။ ဒီနောက်ခံအခြေအနေတွေကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရက်(စ)တေလာဆင် ဂျပန်နိုင်ငံကို ရောက်လာတဲ့အခါမှာ ဆွေးနွေးကြမှာပါ။ မြောက်ကိုရီးယားနိုင်ငံမှာ နှစ်ပေါင်း ၂၀ ကြာ စစ်လက်နက်ဖျက်သိမ်းဖို့ ဆွေးနွေးခဲ့တာကလည်း ဘာမှအလုပ်ဖြစ်ခဲ့တာ မဟုတ်ပါဘူး။ မြောက်ကိုရီးယားနိုင်ငံနဲ့ ဆက်ဆံတဲ့အခါမှာ ချဉ်းကပ်မှုပုံစံအသစ် လိုအပ်နေတာကတော့ သေချာနေပါပြီ။ ပြောရရင် ပစ်လွှတ်လိုက်တဲ့ ဒုံးပျံကို ဒုံးပျံနဲ့ပဲ ကြားဖြတ်ပစ်ချဖျက်ဆီးတဲ့ ဒုံးပျံကာကွယ်ရေးစနစ်ရဲ့ နည်းပညာဟာ ဆယ်စုနှစ်ပေါင်းများစွာ ကြာခဲ့ပြီမို့ ဟောင်းနွမ်းနေပါပြီ။ ပစ်လိုက်တဲ့ကျည်ဆန်ကို ကျည်ဆန်နဲ့ပဲ ကြားဖြတ်ပစ်ချဖျက်ဆီးတဲ့ သဘောမျိုးဖြစ်တဲ့ ဒီနည်းပညာဟာ အမေရိကန်နိုင်ငံလို နည်းပညာစွမ်းပကားအမြင့်ဆုံးနိုင်ငံတွေအတွက်တောင် လွယ်ကူတဲ့ကိစ္စမဟုတ်ပါဘူး။ အမေရိကန်နိုင်ငံဟာ ဒုံးပျံကာကွယ်ရေးစနစ်အမျိုးမျိုးသုံးစွဲနိုင်ဖို့ အမေရိကန်ဒေါ်လာ ၃၀၀ ဘီလီယံ သုံးစွဲခဲ့တာပါ။ ဒီဒုံးပျံကာကွယ်ရေးစနစ်တွေထဲမှာ ကြယ်တာရာစစ်ပွဲ(Star Wars)လို့ အမည်ပြောင်းပေးထားတဲ့ အာကာသအခြေခံဒုံးပျံကာကွယ်ရေးစနစ် (Strategic Defence Initiative-SDI) လည်း ပါပါတယ်။ မကြာသေးခင်ကာလတွေမှာ ပထမပင်လယ်ကွေ့စစ်ပွဲ (First Gulf War)အတွင်း အသုံးပြုခဲ့တဲ့ ပက်ထရီးရော့(ထ) (Patriot) ဒုံးပျံစနစ်ကို အဆင့်မြှင့်တင်နိုင်ဖို့ အာရုံစိုက်ဆောင်ရွက်ခဲ့ပါတယ်။ ပက်ထရီးရော့(ထ)နဲ့အတူ အဆင့်မြှင့်တင်နိုင်ဖို့ အာရုံစိုက်ဆောင်ရွက်ခဲ့တဲ့ ဒုံးပျံကာကွယ်ရေးစနစ်တွေထဲမှာ ရေတပ်သုံးအဆင့်မြင့် ဒုံးပျံကာကွယ်ရေးစနစ်(AEGIS)၊ အလက်စကာအခြေစိုက် အသေးစားအမျိုးသားဒုံးပျံကာကွယ်ရေးစနစ်နဲ့ ရွေ့လျားဒုံးပျံကာကွယ်ရေးစနစ် (THAAD) တို့ ပါဝင်ပါတယ်။


အမေရိကန်အစိုးရအဆက်ဆက်က ဒုံးပျံကာကွယ်ရေးစနစ်အပေါ် အခုလို ငွေနဲ့ သယံဇာတတွေနဲ့အတူ နိုင်ငံရေးအရ ဖိအားပေးဆောင်ရွက်ခဲ့ပေမယ့် အမေရိကန် ကာကွယ်ရေးအသိုင်းအဝိုင်းမှာရှိတဲ့ ကျွမ်းကျင်သူတွေကတော့ ဒုံးပျံကာကွယ်ရေးစနစ်ရဲ့ ထိရောက်မှုအပေါ် သံသယရှိကြပါတယ်။ ဒီလို သံသယတွေရှိနေကြတာက မြောက်ကိုရီးယားနိုင်ငံကိစ္စမှာ ပိုသိသာပါတယ်။ ပြောရရင် တချို့ပုဂ္ဂိုလ်တွေ ယူဆထားသလို ဒုံးပျံကာကွယ်ရေးဒိုင်းဆိုတာမျိုးက ဖြစ်လာမှာ မဟုတ်ပါဘူး။ အမေရိကန်နိုင်ငံရဲ့ ပြိုင်ဘက်နိုင်ငံတွေကလည်း ဒီအချက်ကိုသိပြီးသားပါ။ တကယ်လို့သာ ဒုံးပျံတွေကိုပစ်ချမယ့် ဒုံးခွင်း ဒုံးတွေထက် ရန်သူတွေပစ်လွှတ်လိုက်တဲ့ ဒုံးပျံတွေက ပိုများနေခဲ့ရင် ဒုံးပျံကာကွယ်ရေးဒိုင်းဆိုတာမျိုးက လက်တွေ့မှာ ဖြစ်လာမှာ မဟုတ်ပါဘူး။ ရန်သူပစ်လွှတ်လိုက်တဲ့ ဒုံးပျံတွေထဲမှာ အာရုံလွှဲလှည့်ဖြားမှုတွေပါ ပါလာခဲ့ရင် ဒုံးပျံကာကွယ်ရေးဒိုင်းရဲ့ ထိရောက်မှုက ပိုအားပျော့သွားမှာပါ။ အမေရိကန်ကာကွယ်ရေးဆိုင်ရာ အရာရှိအချို့ကတော့ ထိရောက်ဖို့မလွယ်ကူလှတဲ့ ဒုံးပျံကာကွယ်ရေးစနစ်အပေါ် သိပ်အားပြုလွန်းတာကို မကြိုက်ကြပါဘူး။ နိုင်ငံတွေက ပိုခေတ်မီပြီး ပိုပြီးတာဝေးပစ်နိုင်တဲ့ ဒုံးပျံတွေကို အချိန်နဲ့အမျှဆိုသလို တီထွင်ထုတ်လုပ်နေတဲ့အတွက် ဒုံးပျံကာကွယ်ရေးစနစ်ရဲ့ ထိရောက်မှုက ပိုသံသယဖြစ်စရာ ဖြစ်လာတာပါ။ အမေရိကန်အရာရှိကြီးတစ်ဦးကတော့ မြောက်ကိုရီးယားအရေးဟာ ကျွန်တော်တို့ နှစ်ရှည်လများရင်ဆိုင်နေရတဲ့ ဒုံးပျံကာကွယ်ရေးစနစ် ထိရောက်မှုပြဿနာကို စမ်းသပ်မယ့် အပိုင်း(က)လို့ပဲ ပြောရမှာပါ။

New York Times ဂျာနယ်မှာ မကြာသေးခင်က ဆိုင်ဘာစစ်ရေးနည်းလမ်း (Cyberwarfare) တွေသုံးပြီး ပုံမှန်သမားရိုးကျ ဒုံးပျံကာကွယ်ရေးစနစ်ဘောင်ကို ကျော်လွန်တဲ့ နည်းလမ်းသစ်တွေကို ကြိုးပမ်းဖော်ထုတ်နေတာကို တင်ပြထားပါတယ်။ ဒီနည်းလမ်းသစ်တွေထဲမှာ မြောက်ကိုရီးယားဒုံးပျံတွေကို ရှုပ်ထွေးသွားအောင်၊ လမ်းလွှဲသွားအောင် ဆောင်ရွက်မယ့် အဖျက်အမှောင့်လုပ်ငန်းတွေ ပါဝင်ပါတယ်။ အမေရိကန်အရာရှိတွေကတော့ ဒီလိုမျိုး ကြိုးပမ်းမှုတွေကို အားပေးကြိုဆိုကြပါတယ်။ နိုင်ငံခြားရေးမူဝါဒ (Foreign Policy) မဂ္ဂဇင်းမှာ ဗိုလ်ချုပ်ကြီး မာခ့်ဝဲလ်ရှ်(Mark Welsh) နဲ့ ရေတပ်ဗိုလ်ချုပ်ကြီး ဂျိုနသန်ဂရင်းနတ်(ထ) (Jonathan Greenert) တို့က တရုတ်နိုင်ငံရဲ့ တစ်နေ့တခြားတိုးပွားလာတဲ့ ဒုံးပျံတည်ဆောက်နိုင်စွမ်းကို အချည်းအနှီးဖြစ်စေမယ့် နည်းလမ်းတွေကို တင်ပြဆွေးနွေးထားပါတယ်။ ဒီနည်းလမ်းတွေထဲမှာ အီလက်ထရွန်နစ်စစ်ရေးနည်းလမ်းတွေပါဝင်သလို ချက်ကောင်းထိစနစ်လည်း ပါဝင်ပါတယ်။ ချက်ကောင်းထိစနစ်ဆိုတာ ဒုံးပျံကို ပစ်မှတ်ဆီ ချိန်ရွယ်ပစ်လွှတ်ပေးမယ့်စနစ်ကို ဖျက်ဆီးပစ်တာပါ။

တရုတ်နိုင်ငံကတော့ သူတို့နိုင်ငံအနေနဲ့ တောင်ကိုရီးယားနိုင်ငံရဲ့ အမျိုးသားလုံခြုံရေးလိုအပ်ချက်ကို နားလည်ပေမယ့် တောင်ကိုရီးယားနိုင်ငံဟာ ခေတ်မီအမေရိကန် ဒုံးပျံကာကွယ်ရေးစနစ်အပေါ် တရုတ်နိုင်ငံရဲ့ စိုးရိမ်မှုကို အသိအမှတ်ပြုလေးစားဖို့ လိုတယ်လို့ ထုတ်ဖော်ပြောဆိုခဲ့ပါတယ်။ တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီက တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးနဲ့ တွေ့ဆုံစဉ်မှာ အခုလိုထုတ်ဖော်ပြောဆိုခဲ့တာပါ။ ပြောရရင် တရုတ်နိုင်ငံက အမေရိကန်နိုင်ငံရဲ့ ဒုံးပျံကာကွယ်ရေးစနစ် (THAAD) ကို အစဉ်အဆက်ဆန့်ကျင်ခဲ့တာပါ။ အမေရိကန်နိုင်ငံနဲ့ တောင်ကိုရီးယားနိုင်ငံတွေရဲ့ ရပ်တည်ချက်ကတော့ သူတို့အနေနဲ့ မြောက်ကိုရီးယားနိုင်ငံရဲ့ အန္တရာယ်ကာကွယ်ဖို့ ဒုံးပျံကာကွယ်ရေးစနစ်(THAAD) လိုအပ်တယ်ဆိုတဲ့ သဘောပါ။ ဒီဒုံးပျံကာကွယ်ရေးစနစ် (THAAD)မှာပါဝင်တဲ့ အစွမ်းထက်တဲ့ ရေဒါတွေဟာ မြောက်ကိုရီးယားနိုင်ငံကို ကျော်လွန်ပြီး တရုတ်နိုင်ငံထဲထိ ထိုးဖောက်ထောက်လှမ်းနိုင်စွမ်းရှိတယ်လို့ တရုတ်နိုင်ငံက ယူဆစိုးရိမ်နေတာပါ။ တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီက “နိုင်ငံတစ်နိုင်ငံရဲ့ လုံခြုံရေးဟာ တခြားနိုင်ငံရဲ့ လုံခြုံရေးကို ပြိုပျက်မှုအပေါ် အခြေမခံသင့်ပါဘူး။ တရုတ်နိုင်ငံအနေနဲ့ တောင်ကိုရီးယားနိုင်ငံဟာ သူ့နိုင်ငံလုံခြုံရေးအတွက် ကာကွယ်ဆောင်ရွက်ဖို့လိုတာကို လက်ခံအသိအမှတ်ပြုပေမယ့် တောင်ကိုရီးယားနိုင်ငံဟာ တရုတ်နိုင်ငံရဲ့ ကျိုးကြောင်းဆီလျော်တဲ့ ရပ်တည်ချက်ကို လေးစားဖို့လိုပါတယ်။ တစ်ချိန်တည်းမှာပဲ ပါဝင်ပတ်သက်နေတဲ့ နိုင်ငံအားလုံးဟာ ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့ ဆုံးဖြတ်ချက်တွေကို တိတိကျကျလိုက်နာအကောင်အထည်ဖော်ဖို့လိုအပ်ပါတယ်။ ဆွေးနွေးမှုတွေမှာ အပြုသဘော တိုးတက်မှုတွေရအောင် ကြိုးပမ်းသင့်ပါတယ်။ ပြောရရင် ကိုရီးယားကျွန်းဆွယ်မှာ နျူကလီးယားလက်နက်အန္တရာယ်ကို ကာကွယ်ဖို့ နျူကလီးယားလက်နက်တွေ တည်ဆောက်ရတဲ့ အဆိုးသံသရာကို ရပ်ဆိုင်းပစ်နိုင်ဖို့ လိုအပ်ပါတယ်”လို့ ရှင်းလင်းပြောဆိုခဲ့ပါတယ်။ ၁၉၅၀ -၅၃ ကိုရီးယားစစ်ပွဲဟာ ငြိမ်းချမ်းရေးစာချုပ်နဲ့ အဆုံးသတ်ခဲ့တာ မဟုတ်ဘဲ အပစ်အခတ်ရပ်စဲရေးနဲ့ပဲ အဆုံးသတ်ခဲ့တာမို့ လုပ်ထုံးလုပ်နည်းသဘောအရ ပြောရရင် မြောက်ကိုရီးယားနိုင်ငံနဲ့ တောင်ကိုရီးယားနိုင်ငံတွေဟာ စစ်ဖြစ်နေဆဲပဲရှိပါသေးတယ်။ ဒါကြောင့် တင်းမာမှုတွေကနေ စစ်ပွဲအဆင့်ကို ကူးပြောင်းမရောက်ရှိသွားအောင် သက်ဆိုင်တဲ့နိုင်ငံအားလုံးက ဝိုင်းဝန်းလက်တွဲဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ဒီအခြေအနေကို နောက်ခံထားပြီး တစ်ကမ္ဘာလုံးကို လူမထင်နေတဲ့ ပုံစံမျိုးချိုးနေတဲ့ မြောက်ကိုရီးယားနိုင်ငံကို အမေရိကန်သမ္မတသစ် ဒေါ်နယ်လ်ထရန့်က ဘယ်လိုကိုင်တွယ်မလဲဆိုတာကတော့ စောင့်ကြည့်ရမယ့်ကိစ္စပါ။ ။




တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီ






# ယာဉ်အန္တရာယ်ကင်းရှင်းရေး

## ကျော်လင်း(ဆောက်လုပ်ရေး)

ကမ္ဘာပေါ်တွင် နေ့စဉ် ယာဉ်တိုက်မှုများစွာ ဖြစ်ပေါ်နေသည်။ ကမ္ဘာပေါ်တွင် ယာဉ်တိုက်မှုကြောင့် နေ့စဉ် လူ ၃၅၀၀ ခန့် သေဆုံးနေသည်။ လူထောင်ပေါင်းများစွာ နေ့စဉ် ယာဉ်မတော်တဆမှုကြောင့် ဒုက္ခိတဘဝရောက်ကြရပြီး ၎င်းတို့နှင့် ဆက်စပ်၍ နေ့စဉ် လူသိန်းဂဏန်းခန့် ဆက်စပ်ဘေးထွက်ဆိုးကျိုးကို ခံစားနေရသည်။

မြန်မာနိုင်ငံတွင်လည်း နေ့စဉ် ယာဉ်တိုက်မှုဖြစ်နေပြီး ပျမ်းမျှအားဖြင့် နေ့စဉ် လူ ၁၁ ဦးခန့် သေဆုံးနေပါတယ်။ အပြည်ပြည်ဆိုင်ရာစံနှုန်းဖြစ်တဲ့ လူတစ်သိန်းမှာ မြန်မာနိုင်ငံမှာ ၈ ဒသမ ၄ ယောက်နှုန်း၊ သေဆုံးမှုအနေနဲ့က အိမ်နီးချင်းတိုင်းပြည်များနှင့်ယှဉ်လျှင် (ဥပမာ -ထိုင်းနိုင်ငံ ၃၈ ဒသမ ၈၊ ကမ္ဘောဒီးယားနိုင်ငံ ၁၇ ဒသမ ၇၊ အင်ဒိုနီးရှားနိုင်ငံ ၁၇ ဒသမ ၆)အနည်းဆုံးလို့ ပြောလို့ရပေမယ့် ကျွန်တော်တို့ ထပ်မံလျှော့ချဖို့လိုအပ်ပါတယ်။ ဒါကို ကျွန်တော်တို့ စနစ်တကျ စီမံဆောင်ရွက်မှုမရှိလျှင် ၂၀၂၅ ခုနှစ်တွင် တစ်နှစ်လျှင် လူ ၁၅၀၀၀ အထိတိုး၍ ယာဉ်မတော်တဆမှုကြောင့် အသက်ဆုံးရှုံးရနိုင်ပါတယ်။

**မြန်မာနိုင်ငံ ယာဉ်မတော်တဆမှုဖြစ်စဉ်**

| စဉ် | ခုနှစ် | ယာဉ် မတော်တဆ အမှုပေါင်း | သေဆုံး | ထိခိုက် ဒဏ်ရာရ |
|---|---|---|---|---|
| ၁။ | ၂၀၁၂ | ၁၁၆၄၉ | ၃၃၂၆ | ၁၉၇၂၅ |
| ၂။ | ၂၀၁၃ | ၁၃၉၀၇ | ၃၆၀၂ | ၂၃၄၃၅ |
| ၃။ | ၂၀၁၄ | ၁၄၇၈၁ | ၄၁၆၃ | ၂၅၀၁၄ |
| ၄။ | ၂၀၁၅ | ၁၅၄၀၆ | ၄၂၃၃ | ၂၅၆၀၄ |
| ၅။ | ၂၀၁၆ | ၁၆၅၄၈ | ၄၆၈၈ | ၂၆၃၇၅ |
| | စုစုပေါင်း | ၇၂၂၉၁ | ၂၀၀၂၂ | ၁၂၀၁၆၃ |

အဆိုပါ ထိခိုက်သေဆုံးမှုဖြစ်စဉ်များကို အသေးစိတ်လေ့လာရာတွင် ထိခိုက်ဖြစ်စဉ် အများစုမှာ မော်တော်ဆိုင်ကယ်ကြောင့်ဖြစ်သည်ဟု အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါတယ်။


| စဉ် | ခုနှစ် | ကား | ဆိုင်ကယ် | ကားနှင့် ဆိုင်ကယ် | အခြား |
|---|---|---|---|---|---|
| ၁။ | ၂၀၁၂ | ၃၂၇၄ | ၅၆၀၇ | ၁၅၂၀ | ၁၂၄၈ |
| ၂။ | ၂၀၁၃ | ၄၂၄၇ | ၆၀၄၄ | ၁၈၁၀ | ၁၈၀၆ |
| ၃။ | ၂၀၁၄ | ၄၃၆၅ | ၅၇၃၂ | ၂၂၈၃ | ၂၄၀၁ |
| ၄။ | ၂၀၁၅ | ၄၈၆၃ | ၆၅၃၄ | ၂၂၇၂ | ၁၇၃၇ |
| ၅။ | ၂၀၁၆ | ၅၁၈၃ | ၆၈၁၃ | ၂၈၂၈ | ၁၇၂၄ |
| | စုစုပေါင်း | ၂၁၉၃၂ | ၃၀၇၃၀ | ၁၀၇၁၃ | ၈၉၁၆ |

ဒီနေရာမှာ မြန်မာနိုင်ငံရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် Accident ဖြစ်စဉ်များကို လေ့လာရာတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့ဟာ ယာဉ်မတော်တဆမှု အများဆုံးဖြစ်ပွားကြောင်း တွေ့ရှိရပါတယ်။

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ယာဉ်မတော်တဆမှုဖြစ်စဉ် | | | | | စုစု ပေါင်း |
|---|---|---|---|---|---|---|---|
| | | ၂၀၁၂ | ၂၀၁၃ | ၂၀၁၄ | ၂၀၁၅ | ၂၀၁၆ | |
| ၁။ | နေပြည်တော် | ၃၄၇ | ၃၈၈ | ၃၃၉ | ၃၇၂ | ၄၂၂ | ၁၈၆၈ |
| ၂။ | ကချင်ပြည်နယ် | ၃၄၄ | ၁၁၄ | ၃၈၉ | ၃၅၄ | ၄၇၇ | ၁၆၇၈ |
| ၃။ | ကယားပြည်နယ် | ၆၉ | ၃၉၆ | ၁၃၂ | ၉၇ | ၈၀ | ၇၇၄ |
| ၄။ | ကရင်ပြည်နယ် | ၃၂၆ | ၆၆ | ၃၈၅ | ၄၆၇ | ၄၃၃ | ၁၆၇၇ |
| ၅။ | ချင်းပြည်နယ် | ၇၄ | ၁၃၉၆ | ၈၀ | ၁၁၄ | ၇၀ | ၁၇၃၄ |
| ၆။ | စစ်ကိုင်းတိုင်း | ၁၁၀၈ | ၃၇၈ | ၁၄၇၈ | ၁၄၃၉ | ၁၆၂၂ | ၆၀၂၅ |
| ၇။ | တနင်္သာရီတိုင်း | ၃၁၁ | ၁၆၀၄ | ၃၂၀ | ၃၃၃ | ၄၉၈ | ၃၀၆၆ |
| ၈။ | ပဲခူးတိုင်း | ၁၅၄၀ | ၁၁၀၇ | ၁၆၅၀ | ၂၀၄၄ | ၂၂၇၃ | ၈၆၁၄ |
| ၉။ | မကွေးတိုင်း | ၈၀၇ | ၂၀၀၉ | ၁၂၇၆ | ၁၅၈၆ | ၁၄၉၀ | ၇၁၆၈ |
| ၁၀။ | မန္တလေးတိုင်း | ၁၉၈၂ | ၆၃၉ | ၂၀၉၅ | ၂၀၆၄ | ၂၁၉၈ | ၈၉၇၈ |
| ၁၁။ | မွန်ပြည်နယ် | ၅၃၃ | ၂၇၅ | ၆၇၁ | ၆၄၂ | ၇၉၄ | ၂၉၁၅ |
| ၁၂။ | ရခိုင်ပြည်နယ် | ၂၁၅ | ၂၉၇၉ | ၃၂၇ | ၃၂၉ | ၄၀၇ | ၄၂၅၇ |
| ၁၃။ | ရန်ကုန်တိုင်း | ၂၁၆၁ | ၁၁၃၇ | ၃၀၀၈ | ၂၇၉၂ | ၂၇၀၆ | ၁၁၈၀၄ |
| ၁၄။ | ရှမ်းပြည်နယ် | ၁၀၇၄ | ၁၀၈၆ | ၁၁၇၈ | ၁၀၆၄ | ၁၁၂၂ | ၅၅၂၄ |
| ၁၅။ | ဧရာဝတီတိုင်း | ၇၅၈ | ၃၈၃ | ၁၄၅၃ | ၁၇၀၉ | ၁၉၅၆ | ၆၂၅၉ |
| | စုစုပေါင်း | ၁၁၆၄၉ | ၁၃၉၀၇ | ၁၄၇၈၁ | ၁၅၄၀၆ | ၁၆၅၄၈ | ၇၂၂၉၁ |

ယာဉ်တိုက်မှုတစ်ခုဖြစ်ပြီဆိုရင် ထိခိုက်သေဆုံးရသောသူများသာမက ၎င်းတို့နဲ့ ဆက်စပ်နေတဲ့ မိသားစုများ၊ ဆွေမျိုးသားချင်းများအတွက်ပါ နာရေးအတွက် အချိန်ပေးရပြီး ထိခိုက်ဒဏ်ရာကို ပြုစုစောင့်ရှောက်ပေးရခြင်းတို့အတွက် အချိန်ပေးရခြင်း၊ ပူဆွေးသောကရောက်ရခြင်း၊ စိတ်ဒဏ်ရာကို ပြန်လည်ကုစားရသည့် အချိန်ပေးရခြင်း စတာတွေကြောင့် မိသားစုအလိုက် စီးပွားရေးပျက်ရခြင်း၊ စီးပွားရေးကျဆင်းရခြင်း၊ ငွေကြေးဒုက္ခရောက်ရခြင်း စသည့် နောက်ဆက်တွဲဆိုးကျိုးများစွာရှိပါတယ်။ ထို့မှဆက်စပ်၍ တိုင်းပြည်၏ GDP ကိုပါ တစ်စိတ်တစ်ပိုင်း ထိခိုက်လာနိုင်သည့် အခြေအနေရှိပါတယ်။

ထို့ကြောင့် ကမ္ဘာ့ကုလသမဂ္ဂက ၂၀၁၀ ခုနှစ်မှ ၂၀၂၀ ခုနှစ်ထိ ၁၀ နှစ်တာကာလကို ယာဉ်အန္တရာယ်လျှော့ချရေး ဆယ်စုနှစ်အဖြစ်သတ်မှတ်၍ SDG (Sustainable Development Goal) Program ကို ရေးဆွဲခဲ့ပါသည်။ SDG အစီအစဉ်အရ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ ယာဉ်မတော်တဆမှုများကို ဆန်းစစ်ကြည့်ရာတွင် ကမ္ဘာပေါ်တွင် တစ်နှစ်လျှင် လူဦးရေ ၁ ဒသမ ၂၅ သန်းသည် ယာဉ်မတော်တဆမှုကြောင့် သေဆုံးကြရပြီး သေဆုံးသူ၏ ၇၅ ရာခိုင်နှုန်းသည် အမျိုးသားများဖြစ်၍ ၂၅ ရာခိုင်နှုန်းသည် အမျိုးသမီးများဖြစ်ကြသည်။ သေဆုံးသူအများစုသည် (၁၅)နှစ်မှ (၂၉)နှစ်အကြား လူငယ်များဖြစ်ကြသည်။ မြန်မာနိုင်ငံပါဝင်သော Low income countries များသည် ကမ္ဘာပေါ်တွင် ကားအစီးရေ အနည်းဆုံးနိုင်ငံများဖြစ်သော်လည်း ယာဉ်တိုက်မှုကြောင့် လူသေဆုံးမှုအများဆုံးနိုင်ငံများဖြစ်နေကြသည်။ အောက်ဖော်ပြပါပုံတွင် ကြည့်နိုင်ပါသည်။




မြန်မာနိုင်ငံပါဝင်သော အရှေ့တောင်အာရှနိုင်ငံများသည် ယာဉ်မတော်တဆမှု အကြိမ် (၁၀၀) တွင် (၁၇) ကြိမ်သည် သေဆုံးမှုဖြစ်မြောက်သော Accident များ ဖြစ်လေ့ရှိ၍ ကမ္ဘာပေါ်တွင် ယာဉ်တိုက်မှု (၁၀၀) တွင် (၂၃) ကြိမ်သည် မော်တော်ဆိုင်ကယ်နှင့် ပတ်သက်သော Accident ဖြစ်၍ စက်ဘီးကို မော်တော်ယာဉ်တိုက်မှုက လေးကြိမ်နှင့် လမ်းပေါ် (သို့မဟုတ်) လမ်းဘေးလျှောက်နေသော ပြည်သူကို ယာဉ်တိုက်မှု (၂၂) ကြိမ်နှင့် (၅၁) ကြိမ်ကတော့ ယာဉ်အချင်းချင်းတိုက်မှု (သို့မဟုတ်) ယာဉ်တိမ်းမှောက်မှုကြောင့် ဖြစ်ကြောင်း တွေ့ရှိရပါသည်။

ထို့ကြောင့် ကုလသမဂ္ဂသည်

၁။ ယာဉ်အန္တရာယ်ကင်းရှင်းရေးစီမံခန့်ခွဲမှု

၂။ အန္တရာယ်ကင်းသောလမ်းများ

၃။ အန္တရာယ်ကင်းသော ယာဉ်များ

၄။ အန္တရာယ်ကင်းသော လမ်းအသုံးပြုမှုများ

၅။ ယာဉ်တိုက်မှုဖြစ်ပြီးနောက်ပိုင်း ဆောင်ရွက်ရန် စသဖြင့် ကဏ္ဍကြီး (၅)ရပ်ဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၂၀ ခုနှစ်အတွင်း ထိရောက်စွာ ဆောင်ရွက်ပြီး ယာဉ်မတော်တဆအန္တရာယ်လျော့ကျရေးကို ဦးဆောင်ဆောင်ရွက်ခဲ့ပါသည်။




မြန်မာနိုင်ငံအနေဖြင့်လည်း ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ပြည်ထောင်စုအဆင့်တွင် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိသလို ဝန်ကြီးဌာနအလိုက်လည်း ယာဉ်အန္တရာယ် ကင်းရှင်းရေးအတွက် စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၆ ခုနှစ် ဧပြီလမှစ၍ အစိုးရသစ်လက်ထက်တွင် ရန်ကုန်- မန္တလေး အမြန်လမ်းကို ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် အဓိကထားဆောင်ရွက်လျက်ရှိသည်။ ရက် (၁၀၀) စီမံကိန်းတွင်လည်း ရန်ကုန်-မန္တလေးအမြန်လမ်းကို အဓိကထား၍ Pilot Project အနေဖြင့် (၁၆)မိုင်ကို Safer Road အခြေအနေရောက်အောင် တိုးတက်ပြုပြင်ခဲ့သည်။ လမ်းပိုင်း တစ်လျှောက်လုံးကို တိုးတက်ပြုပြင်နိုင်ရန် အဖွဲ့အစည်းများနှင့် ငွေကြေးဆိုင်ရာ ညှိနှိုင်းလျက်ရှိပါသည်။

တစ်ဖက်တွင်လည်း ပြည်သူများ ခေါ်ဝေါ်သုံးစွဲနေသော (ကျွန်တော်တို့အမည် နာမသတ်မှတ်ခေါ်ဝေါ်နေသော) ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးဆိုသည်မှာလည်း တကယ်တမ်းတွင် အမြန်လမ်းဟု သတ်မှတ်ခေါ်ဝေါ်ရအောင် မပြည့်စုံသေးသည့် အခြေအနေတွင်ရှိပါသည်။ ဘာကြောင့်လဲဆိုတော့ အမြန်လမ်းမကြီး အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းမီဖို့ဆိုရာတွင် Fully Access Control ဖြစ်စေရပါမယ်။ Fully Access Control ဖြစ်ဖို့ အဓိက အချက် (၃)ချက် ပြည့်စုံရပါမယ်။

၁. Fast (မြန်မြန်မောင်းနိုင်ရမယ်)

၂. Comfortable (သက်သောင့်သက်သာရှိရမယ်)

၃. Safety (လုံခြုံစိတ်ချမှုရှိရမယ်)

ဒီသုံးချက်နှင့်ပြည့်စုံရင်တော့ နိုင်ငံတကာအဆင့်မီအမြန်လမ်း (ပူးတွဲပုံ-၁) လို့ခေါ်နိုင်ပါပြီ။ ဒါကို ပြန်ရှင်းရအောင်ဆိုရင်-

၁။ Fast (မြန်မြန်မောင်းနိုင်မှု)

မြန်မြန်မောင်းနိုင်ဖို့ဆိုရင် ဒီလမ်းတစ်လျှောက် အတားအဆီးလုံးဝမရှိရဘူး။ မီးပွိုင့်တွေ၊ လမ်းဆုံ၊ လမ်းခွတွေ၊ အဝိုင်းတွေမရှိရဘူး။ လမ်းဘေးမှာ လူနေအိမ်တွေ၊ ရုံးတွေ၊ စားသောက်ဆိုင်တွေ၊ စတိုးဆိုင်တွေ မရှိရပါဘူး။ လက်ရှိရန်ကုန်-မန္တလေးအမြန်လမ်းကမီးပွိုင့်တွေ၊ လမ်းဆုံလမ်းခွတွေမရှိပါဘူး။ ဖြတ်သွားတဲ့လမ်းအားလုံး Under Pass ကနေ ဖြတ်သွားပါတယ်။ လမ်းဘေးမှာ လူနေအိမ်၊ ရုံး၊ စားသောက်ဆိုင်တွေမရှိပါဘူး။ ဒါကြောင့်မို့ ဒီခေါင်းစဉ်ကလက်ရှိ ရန်ကုန်-မန္တလေးအမြန်လမ်းအတွက် စံချိန်စံညွှန်းမီတယ်လို့ ပြောရင်ရပါတယ်။

၂။ Comfortable (သက်သောင့်သက်သာရှိမှု)

ယာဉ်မောင်းနှင့်ခရီးသည်များ သက်သောင့်သက်သာရှိဖို့ Flexible Pavement ဖြစ်ရပါမယ်။ လမ်းညွှန်ဆိုင်းဘုတ်ကြီးများ၊ လမ်းသတိပေးအမှတ်အသားဆိုင်းဘုတ်များ (Road Furniture) ပြည့်စုံရပါမယ်။ တစ်နာရီလျှင် တစ်ကြိမ် ရပ်နား၍ရမည့် Rest Camp များရှိရမည်ဖြစ်ပြီး စားသောက်ဆိုင်များ၊ Toilet များ၊ လေထိုးကျွတ်ဖာ၊ ကား Workshopများ၊ ဓာတ်ဆီဆိုင်များအပြည့်အစုံပါရှိရပါမည်။ (လမ်းဘေးဆိုင်များမဟုတ်ရပါ။ Group of the Restaurants, Rest room, Fuel station and workshop ဖြစ်ရပါမည်)

လက်ရှိ ရန်ကုန်-မန္တလေးလမ်းမှာ Master Plan အရ Rest Camp ၁၀ နေရာဖွင့်ဖို့ရှိပေမယ့် အခုက ခုနစ်နေရာပဲ ဖွင့်နိုင်သေးပါတယ်။ ကျန်သုံးနေရာကတော့ မြေနေရာအတွက် လယ်သမားတွေနဲ့ ညှိနှိုင်းနေဆဲအဆင့်ပဲရှိပါသေးတယ်။ လမ်းညွှန်ဆိုင်းဘုတ်တွေတပ်ထားပေမယ့် Gantry မလုပ်နိုင်သေးဘူး။ လမ်းက Flexible Pavement (A.C) မခင်းနိုင်သေးဘူး။ ဒါကြောင့် ဒီအပိုင်းကတော့ နိုင်ငံတကာအဆင့်မမီသေးပါဘူး။

၃။ Safety (လုံခြုံစိတ်ချရမှု)

ယာဉ်မောင်းရော၊ ခရီးသည်တွေရောလုံခြုံစိတ်ချရမှုရှိရပါမယ်။ ဒီအတွက် ဒီလမ်းဟာ ယာဉ်စီးရေနဲ့ မျှတတဲ့ Road Lanes ရှိရပါမယ်။ လမ်းဘေးမှာ Concrete Barriers များ၊ Guardrails များ အပြည့်အစုံ တပ်ဆင်ထားပြီး ဒီလမ်းပေါ်ကို လူ၊ ကျွဲ၊ နွား၊ ဆိုင်ကယ်၊ ထော်လာဂျီတွေ ဖြတ်သွားလို့မရအောင် ခြံစည်းရိုးခတ်ထားရမယ်။ Highway Polices တွေရှိရမယ်။ အများသုံးတယ်လီဖုန်းတွေ သုံးလို့ရရမယ်။ CCTV Camera တပ်ထားပြီး Control Station ကနေ Monitorလုပ်နေရမယ်။ ဒီအပိုင်းကတော့ ရန်ကုန်-မန္တလေးလမ်းမှာ Highway Police တစ်ခုပဲ စံချိန်မီရှိပါတယ်။ ကျန်တဲ့ barrier တွေ၊ Guardrails တွေ၊ Fencing တွေ၊ CCTV Camera တွေ မရှိသေးဘူး။ အဆင့်မမီသေးပါဘူး။ ဒါကြောင့် အများကြီးလုပ်ရဦးမယ်။

ဒီ Fast, Comfortable, Safety သုံးချက်ကို မပြည့်စုံရင် နိုင်ငံတကာအဆင့်မီ အမြန်လမ်းမဟုတ်သေးဘူးလို့ ပြောလို့ရပါတယ်။ ဒီနေရာမှာ ရန်ကုန်-မန္တလေးအမြန်လမ်းပေါ်မှာ ဖြစ်ပွားခဲ့သော ယာဉ်မတော်တဆမှုနဲ့ တစ်နိုင်ငံလုံး ဖြစ်ပွားခဲ့တဲ့ ယာဉ်မတော်တဆမှုများကို အောက်ပါဇယားတွင် နှိုင်းယှဉ်ဖော်ပြထားပါတယ်။

**တိုင်းဒေသကြီး/ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် အမြန်မလမ်းမကြီးတွင် ၂၀၁၂ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ (၅)နှစ်အတွင်း ယာဉ်မတော်တဆဖြစ်ပွားမှုကြောင့် တိုက်/သေဆုံး/ဒဏ်ရာရစာရင်းနှိုင်းယှဉ်ချက်ပြဇယား**


| စဉ် | ဖြစ်ပွားရာနေရာ | ဖြစ်ပွားမှု ပေါင်း | သေဆုံး | | | ဒဏ်ရာရ | | |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁။ | တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး | ၇၄၂၈၈ | ၁၆၁၂၄ | ၃၈၉၈ | ၂၀၀၂၂ | ၈၅၂၄၄ | ၃၄၉၁၉ | ၁၂၀၁၆၃ |
| ၂။ | ရန်ကုန်တိုင်းဒေသကြီး | ၁၃၆၄၆ | ၂၂၈၅ | ၅၀၆ | ၂၇၉၁ | ၁၃၁၇၀ | ၆၃၄၆ | ၁၉၅၁၆ |
| ၃။ | အမြန်လမ်းမကြီး | ၁၉၇၁ | ၄၂၈ | ၁၉၃ | ၆၂၁ | ၂၃၅၂ | ၁၅၅၉ | ၃၉၁၁ |

စာမျက်နှာ ၇ သို့ ❐

စာမျက်နှာ ၆ မှ

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ရန်ကုန်-မန္တလေးအမြန်လမ်း တစ်လျှောက်လုံး ၃၆၆ မိုင် ၃ ဖာလုံကို အမြန်လမ်းအဆင့်အတန်းနှင့်အညီ Fully Access Control ဖြစ်ရန်အတွက် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ညှိနှိုင်းခဲ့ရာ ပထမအဆင့် ထောက်ကြံ့မိုင်တိုင် (၀/၀)မှ ဘောနတ်ကြီးလမ်းဆုံ (၄၀/၀) မိုင်အထိကို အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ချေးငွေအကူအညီဖြင့် နိုင်ငံတကာအဆင့်မီ ဆောင်ရွက်သွားမည်ဖြစ်ကာ မိုင် (၄၀/၀)မှ (၁၁၅/၀) အထိကို AIIB (Asia Infrastructure Investment Bank)၏ ချေးငွေ အကူအညီဖြင့် အဆင့်မြှင့်တင်သွားမည်ဖြစ်ပြီး ကျန်လမ်းများအတွက် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းလျက်ရှိပါသည်။ အဆင့်မြှင့် တည်ဆောက်မည့်လမ်းပိုင်း၏ ဖြတ်ပိုင်းပုံနှင့် Plan ပုံတို့မှာ အောက်ပါ အတိုင်းဖြစ်ပါသည်။

အတွင်းလမ်းပခုံး ၁ မီတာ၊ အပြင်လမ်းပခုံး ၂ ဒသမ ၅ မီတာ ပါဝင်သော (၄)လမ်းသွား AC လမ်းအဖြစ် ဆောင်ရွက်မည်ဖြစ်ပြီး Guard rails နှင့် Fencing များပါဝင်ကာ Fencing ၏ အပြင်ဘက်တွင် ဒေသခံများ လွတ်လပ်စွာသွားလာနိုင်ရန် Service Road တစ်လမ်းစီပါဝင်မည်ဖြစ်ပါသည်။




အစိုးရသစ်လက်ထက်တွင် နိုင်ငံတကာမော်တော်ကားအဖွဲ့ချုပ် အဆင့်မြင့်အဖွဲ့ (FIA High Level Group) မှ ပညာရှင်များသည် မြန်မာနိုင်ငံမှ 'စုဖောင်ဒေးရှင်း'သို့ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ပတ်သက်၍ လူအား၊ ငွေအား အကူအညီများပေးပြီး မြန်မာနိုင်ငံ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် စိစစ်အကဲဖြတ်မှုများ၊ ဟောပြောပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများကို ၂၀၁၆ ခုနှစ် နိုဝင်ဘာလမှစ၍ ဆောင်ရွက်ပေးလျက်ရှိပြီး ဆက်လက်၍လည်း 'စုဖောင်ဒေးရှင်း'နှင့် ပူးပေါင်း၍ မြန်မာနိုင်ငံသို့ အကူအညီများပေးသွားမည်ဟု သိရှိရပါသည်။

သို့ဖြစ်ရာ အစိုးရသစ်လက်ထက်တွင် နိုင်ငံတော်အကူအညီများ အလုံးအရင်းနှင့် ဝင်ရောက်ကူညီလာကြပြီး ဤ လေးနှစ်တာကာလအတွင်း တစ်စိတ်တစ်ပိုင်းပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ကုလသမဂ္ဂ၏ ရည်မှန်းချက် SDG နှင့်အညီ မြန်မာနိုင်ငံအတွင်း အဝေးပြေးလမ်းများအားလုံး ယာဉ်အန္တရာယ်ကင်းရှင်းရေးကို စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ။



အမြန်လမ်းမကြီးအား အဆင့်မြှင့်တင်ပြီး တွေ့ရှိရမည့်ပုံစံငယ်။

# မြန်မာသတင်းမီဒီယာစာတမ်းဖတ်ပွဲနှင့် စာနယ်ဇင်းစျေးရောင်းပွဲတော် အောင်မြင်စွာကျင်းပပြီးစီး

**ရန်ကုန် မတ် ၁၉**

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ကြီးမှူးကျင်းပသော မြန်မာသတင်းမီဒီယာ စာတမ်းဖတ်ပွဲနှင့် စာနယ်ဇင်းစျေးရောင်းပွဲတော် ဒုတိယနေ့ အစီအစဉ်ကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ မြို့တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။



နံနက်ပိုင်း စာတမ်းဖတ်ပွဲတွင် သဘာပတိများအဖြစ် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ပါမောက္ခ ဒေါက်တာ မောင်မောင်စံနှင့် ဦးဇေယျာလှိုင်တို့က ဆောင်ရွက်ကြပြီး စာတမ်းရှင် ဦးအောင်လှထွန်းက **"မြန်မာနိုင်ငံနှင့် နိုင်ငံတကာ သတင်းမီဒီယာများ"** စာတမ်း၊ ဦးချစ်နိုင်(စိတ်ပညာ)က **"သတင်းစာဆရာကောင်းဖြစ်နည်း"** စာတမ်းနှင့် ဒေါ်သင်းသင်းသာက **"မြန်မာသတင်းလောကနှင့် အမျိုးသမီးများ"** စာတမ်းတို့ကို ဖတ်ကြားကြသည်။

မွန်းလွဲပိုင်း စာတမ်းဖတ်ပွဲတွင် သဘာပတိများအဖြစ် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ဒေါက်တာဇော်သန်းနှင့် ဦးခိုင်မြတ်ကျော်တို့က ဆောင်ရွက်ကြပြီး ဦးဟန်ညွန့် (ဦးဟန်ညွန့်-ဥပဒေ)က **"သတင်းမီဒီယာသမားများ သိထားသင့်သည့် ဥပဒေအချို့"** စာတမ်း၊ ဒေါက်တာတင်ထွန်း (သထုံတင်ထွန်း)က **"နိုင်ငံရေးနှင့် သတင်းစာဆရာ၏ မဟာဗျူဟာရည်မှန်းချက်"** စာတမ်းနှင့် ဦးဇေယျနှင့် ဦးမျိုးကိုမျိုးတို့ ရေးသားသော **"မြန်မာမီဒီယာနှင့် မြန်မာနိုင်ငံရေး"** စာတမ်းကို ဦးဇေယျက ဖတ်ကြားကာ ညနေပိုင်းတွင် စာတမ်းဖတ်ပွဲ အောင်မြင်စွာ ပြီးစီးသည်။

နှစ်ရက်တာကျင်းပသည့် စာတမ်းဖတ်ပွဲတွင် မတ် ၁၈ ရက်က စာတမ်းခြောက်စောင်၊ မတ် ၁၉ ရက်က စာတမ်း ခြောက်စောင် စုစုပေါင်း စာတမ်း ၁၂ စောင်ကို ဖတ်ကြားခဲ့သည်။

စာတမ်းဖတ်ပွဲနှင့်အတူ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာအုပ်၊ ရုပ်သံထုတ်လွှင့်မှု စသည့် ပြခန်းပေါင်း ၆၀ ကျော်တို့က "စာနယ်ဇင်းစျေးရောင်းပွဲတော်"အဖြစ် ပါဝင်ပြသရောင်းချခဲ့ရာ စာပေချစ်သူများ နှစ်သက်ရာ ဝယ်ယူအားပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# လောက်ကိုင်ဒေသ တိုက်ပွဲရှောင်များနှင့် သေဆုံးဒဏ်ရာရရှိသူများအား ထောက်ပံ့လှူဒါန်း

**လားရှိုး မတ် ၁၉**

ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့က လောက်ကိုင်ဒေသတိုက်ပွဲရှောင်များနှင့် သေဆုံးဒဏ်ရာရရှိသူများအား ထောက်ပံ့ငွေ၊ ကယ်ဆယ်ရေးပစ္စည်းနှင့် ကျန်းမာရေးသုံးပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းကို မတ် ၁၇ ရက်နှင့် ၁၈ ရက်တို့က လားရှိုးမြို့ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်း၌ ပြုလုပ်သည်။



ထို့နောက် လောက်ကိုင်တိုက်ပွဲတွင် ကျဆုံးရဲတပ်ဖွဲ့ဝင် ရှစ်ဦးအတွက် ငွေကျပ် ရှစ်သိန်း၊ ဒဏ်ရာရသူ ရှစ်ဦးအတွက် ငွေကျပ် လေးသိန်း၊ တိုက်ပွဲဖြစ်စဉ်အတွင်း သေဆုံးခဲ့ရသည့် ကျောင်းဆရာမ ဒေါ်ဗျာမီးနှင့် ခင်ပွန်းအတွက် ငွေကျပ် နှစ်သိန်း၊ တိုက်ပွဲရှောင်လောက်ကိုင်ဌာနေ အိမ်ထောင်စု ၂၀ အတွက် စောင်၊ ခြင်ထောင်၊ ကျားဝတ်လုံချည်၊ မဝတ်လုံချည်၊ ဆပ်ပြာ၊ ဒယ်အိုး၊ ဇလုံ၊ တီရှပ်၊ တဘက်ပါ ကယ်ဆယ်ရေးပစ္စည်း ကိုးမျိုး၊ လောက်ကိုင်ဌာနဆိုင်ရာမိသားစုဝင်များအတွက် ကယ်ဆယ်ရေးပစ္စည်း ကိုးမျိုးနှင့် ဆန်၊ ဆီ၊ ငါးသေတ္တာများကို လည်းကောင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းက တိုက်ပွဲရှောင်တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ၅၉၃ ဦးအတွက် ထောက်ပံ့ငွေကျပ် ၂၉၆၅၀၀၀ နှင့် တိုက်ပွဲရှောင် လောက်ကိုင်ဌာနေအိမ်ထောင်စု ၂၀ အတွက် ၁၈ မျိုးပါ ကျန်းမာရေးသုံးပစ္စည်းများ (Hygiene kit)ကိုလည်းကောင်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်ထွန်းနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှတာဝန်ရှိသူများက ပေးအပ်ခဲ့ကြသည်။

လားရှိုးမြို့ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်တွင် မတ် ၇ ရက်မှ ၁၈ ရက်အထိ လောက်ကိုင်ဒေသမှ တိုက်ပွဲရှောင်ပြည်သူ အမျိုးသား အမျိုးသမီး ၆၄၈၃ ဦးရောက်လာခဲ့ပြီး မော်တော်ယာဉ်များဖြင့် မန္တလေးသို့ ပို့ဆောင်ပေးခဲ့ရသူ အမျိုးသား အမျိုးသမီး ၆၃၈၂ဦးရှိကြောင်းနှင့် လောက်ကိုင်ဒေသဌာနေ တိုက်ပွဲရှောင်အိမ်ထောင်စု ၂၀ မှ အမျိုးသား ၅၀၊ အမျိုးသမီး ၅၁ ဦး စုစုပေါင်း ၁၀၁ ဦး ကျန်ရှိနေကြောင်း သိရသည်။

**(သီပေါကိုလတ်)**

# ရထားခဲပေါက်မှု မဖြစ်ပွားစေရေး ပညာပေးဆွေးနွေး

**ရန်ကုန် မတ် ၁၉** - ရထားရဲတပ်ဖွဲ့အမှတ်(၁၄)တပ်ခွဲအင်းစိန်မှတပ်စု (၂)တပ်စုမှူး ရဲအုပ်မိုးလွင်နှင့် အင်းစိန်ဘူတာရုံပိုင်ကြီး ဦးအောင်ဇော်ဦးနှင့် ဈေးကုန်းအရှေ့ရပ်ကွက် အုပ်ချုပ်ရေးအဖွဲ့ ဦးအောင်သန်းတို့ ဦးဆောင်သောအဖွဲ့သည် မတ် ၁၇ ရက် နံနက်ပိုင်းက အင်းစိန်ဘူတာ၌ ရထားစီးနင်းကြမည့် ခရီးသွားပြည်သူများအား ရထားနှင့် ယာဉ်တိုက်မိသည့်ဖြစ်စဉ်၊ ရထားကြိတ်ခံရသည့်ဖြစ်စဉ်များကြောင့် ထိခိုက်ဒဏ်ရာရသေဆုံးမှုများ လျော့နည်းကျဆင်းရေး၊ မှုခင်းကျဆင်းရေးနှင့် ရထားခဲပေါက်မှုဖြစ်စဉ်များ မဖြစ်ပွားစေရေးအတွက် ရထားအန္တရာယ်ကင်းရှင်းရေး စသည့် ပညာပေးဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

**ဉာဏ်လင်း (အင်းစိန်)**

# ရေကြောင်းအရာရှိလောင်းများနှင့် ရေကြောင်းအင်ဂျင်နီယာအရာရှိလောင်းများ သင်တန်းဆင်း

**ရန်ကုန် မတ် ၁၉**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်၊ အရာရှိလောင်း ဒီပလိုမာသင်တန်း အမှတ်စဉ်(၉) သင်တန်းဆင်းပွဲကို အဆိုပါကောလိပ်ရှိ စစ်ရေးပြကွင်း၌ မတ် ၁၈ ရက် နံနက် ၇ နာရီခွဲက ကျင်းပရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုး၊ ဝန်ကြီးဌာနအောက်ရှိ ဌာနအကြီးအကဲများ၊ ဌာနဆိုင်ရာများ၊ ကျောင်းဆင်းအရာရှိလောင်းများ၏ မိဘများနှင့် ရေကြောင်းဘက်ဆိုင်ရာ သင်တန်းကျောင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

အဆိုပါကောလိပ်မှ ပင်တိုင်ဆရာ ၄၀ ကျော်နှင့် ပြင်ပဆရာ ၂၅ ဦးကျော်တို့ဖြင့် သင်ကြားပို့ချပေးခဲ့သော ကုန်သွယ်ရေကြောင်းကောလိပ် အရာရှိလောင်း ဒီပလိုမာသင်တန်း အမှတ်စဉ်(၉) သင်တန်းဆင်းပွဲတွင် ဆုရရှိကြသည့် စံပြအရာရှိလောင်း(ရေကြောင်း)ဆုရအရာရှိလောင်း စောဌေး၊ စာပေထူးချွန် (ရေကြောင်း)ဆုရ အရာရှိလောင်း ရဲမင်းအောင်၊ စံပြအရာရှိလောင်း(အင်ဂျင်နီယာ) နှင့် စာပေထူးချွန်(အင်ဂျင်နီယာ)အရာရှိလောင်း ရဲဝင်းထွန်း၊ အကောင်းဆုံး စစ်ရေးပြဆုရ ကုန်သွယ်ရေကြောင်း အရာရှိလောင်း ဒီပလိုမာ သင်တန်းအမှတ်စဉ်(၉)မှ တပ်ခွဲ(၂)နှင့် အကောင်းဆုံးစစ်ရေးပြဆုရ ကုန်သွယ်ရေကြောင်း အရာရှိလောင်း ဒီပလိုမာသင်တန်းအမှတ်စဉ်(၁၁)မှ တပ်ခွဲ(၁)တို့အား ဒုတိယဝန်ကြီး ဦးကျော်မျိုးက ဆုပေးအပ်ချီးမြှင့်ခဲ့ပြီး ဒီပလိုမာလက်မှတ်ရ ရေကြောင်းအရာရှိလောင်းများနှင့် ရေကြောင်းအင်ဂျင်နီယာအရာရှိလောင်း စုစုပေါင်း ၁၂၄ ဦးကို မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်မှ ဆရာများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်တွင် ကုန်သွယ်ရေကြောင်းအရာရှိလောင်း သင်တန်းများစတင်ဖွင့်လှစ်ခဲ့သည့် ၁၉၆၃ ခုနှစ်မှ ယနေ့အချိန်ထိ ရေကြောင်းအရာရှိလောင်း ၂၆၀၄ ဦးနှင့် ရေကြောင်းအင်ဂျင်နီယာအရာရှိလောင်း ၂၅၄၅ ဦးအား လေ့ကျင့်သင်ကြားမွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ သိရသည်။

**စိုးဝင်း(MLA)**



# ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာရိုဒရီဂိုရိုဝါဒူတာတေး နေပြည်တော်သို့ ချစ်ကြည်ရေးခရီးရောက်ရှိ



**နေပြည်တော် မတ် ၁၉**
ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာရိုဒရီဂိုရိုဝါဒူတာတေးသည် မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့ညနေ ၆ နာရီတွင် နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ရောက်ရှိသည်။

### ကြိုဆိုနှုတ်ဆက်

ဧည့်သည်တော် ဖိလစ်ပိုင်သမ္မတနှင့်ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီးဒေါက်တာဖေမြင့်၊ ဒေါက်တာအောင်သူ၊ ဒုတိယဝန်ကြီး ဦးကျော်တင်၊ မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သံအမတ်ကြီး Mr.Alex Chuaနှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(ယာပုံ)**

### သီးခြားစီတွေ့ဆုံ

ညပိုင်းတွင် ဖိလစ်ပိုင်သမ္မတသည် မြန်မာနိုင်ငံရှိ ဖိလစ်ပိုင်စီးပွားရေးလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံရှိ ဖိလစ်ပိုင်အသိုက်အဝန်းနှင့် Horizon Lake View ဟိုတယ်၌ သီးခြားစီတွေ့ဆုံခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းဖွင့်

**စစ်တွေ မတ် ၁၉**
ရခိုင်ပြည်နယ် စစ်တွေခရိုင် ပေါက်တောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းဖွင့်ပွဲကို မတ်လ ဒုတိယပတ်နှင့် တတိယပတ်တွင် ပေါက်တောမြို့နယ် ကျောက်ဆစ်ကျေးရွာ၌ သင်တန်းဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

သင်တန်းသို့ သင်တန်းသား ၂၀ တက်ရောက်ခဲ့ကြပြီး သင်တန်းတွင် ပေါက်တောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြတ်ဦးနှင့် တာဝန်ရှိသူတို့က မိမိတို့ကဏ္ဍအလိုက် သင်တန်းနှင့်ဆက်စပ်၍ လုပ်ငန်းလိုအပ်ချက်များကို စနစ်တကျ သင်တန်းများ ပို့ချပေးခဲ့ကြောင်း သိရသည်။ **(၅၂၂)**

# အမျိုးသမီးများ အလုပ်အကိုင်အခွင့်အရေးရရှိရေး စီမံကိန်းအသစ် ရှင်းလင်းပွဲကျင်းပ



**ရန်ကုန် မတ် ၁၉**
လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် ပြည်သူများလွတ်လပ်လုံခြုံစွာ ဖွံ့ဖြိုးတိုးတက်ရေးကို ဥပဒေ၊ နည်းဥပဒေများ၊ မူဝါဒများနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံလူဦးရေထက်ဝက်ကျော်မှာ အမျိုးသမီးများဖြစ်၍ အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်ကိုယ်စား မိမိတို့ဝန်ကြီးဌာနက အဓိကတာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ပြောကြားသည်။

ဆက်လက်၍ ရွှေ့ပြောင်းအလုပ်သမားများ အလုပ်အကိုင်အခွင့်အလမ်း ရရှိရေးအတွက်သာမက ပဋိပက္ခဖြစ်ပွားရာဒေသများရှိ ယာယီကယ်ဆယ်ရေးစခန်းများတွင် နေထိုင်လျက်ရှိသော အမျိုးသမီးများ၏ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးကိုလည်း ငြိမ်းချမ်းရေးနှင့်အတူ ထည့်သွင်းဖော်ဆောင်ပေးရန် လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့်လည်း မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (National Skills Standard Authority-NSSA)ကို ဖွဲ့စည်းထားရှိပြီး ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးနှင့် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အလုပ်သမားများအနေဖြင့်လည်း အသိပညာ၊ အတတ်ပညာ၊ ကျွမ်းကျင်မှုရှိရန်နှင့် ခံယူချက်မှန်ကန်မှုရှိရန် လိုအပ်ကြောင်း၊ လူတိုင်းလူတိုင်း အခြေခံလူ့အခွင့်အရေးရရှိရေး၊ ဒီမိုကရေစီစံနှုန်းများနှင့်အညီ ဖြစ်စေရေး၊ ဂုဏ်သိက္ခာနှင့် ညီညွတ်စွာ နေထိုင်နိုင်ရေးအတွက် အစိုးရ၊ ပြည်သူ၊ လုပ်ငန်းရှင်များနှင့် လူမှုအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ကနောင်ခန်းမ၌ကျင်းပသည့် အမျိုးသမီးများအတွက် လုံခြုံစိတ်ချပြီး ခိုင်မာသော အလုပ်အကိုင်ရရှိစေရန် လုပ်ငန်းခွင်အတွင်း အဖြေရှာခြင်းများဆောင်ရွက်မည့် အောင်မြင်မှုစီမံချက် မိတ်ဆက်ပွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ထိုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့၏ အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအရည်အသွေးမူဘောင်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ကျော်လွင်က ရှင်းလင်းပြောကြားသည်။

အဆိုပါ စီမံကိန်းကို Livelihoods and Food Security Trust Fund (LIFT) ၏ ရန်ပုံငွေ ထောက်ပံ့မှုဖြင့် ရွှေ့ပြောင်းအမျိုးသမီးများကို ကျွမ်းကျင်မှုသင်တန်းပို့ချပေးကာ အထည်ချုပ်ကဏ္ဍတွင် အလုပ်အကိုင် ရရှိစေရေးနှင့် အခြားသောမိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ကျွမ်းကျင်မှုသင်တန်းဌာနများကို လိုအပ်သောနေရာများတွင် တိုးချဲ့ဖွင့်လှစ်ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တတိယအကြိမ် ကလေးစာပေထုတ်လုပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ



**ရန်ကုန် မတ် ၁၉**
မြန်မာနိုင်ငံ စာရေးဆရာအသင်းနှင့် ဂျပန်နိုင်ငံ ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့ (SVA)တို့ပူးပေါင်းကျင်းပသည့် တတိယအကြိမ် ကလေးစာပေထုတ်လုပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ Orchid Hotel ၌ ကျင်းပသည်။

မြန်မာနိုင်ငံ စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးကျော်ဝင်း(မနုဿကျော်ဝင်း)က "ကလေးတွေကို အသိပညာပေးရာမှာ အဆင့်မြင့်၊ တန်ဖိုးကြီးတဲ့အရာတွေနဲ့ လုပ်မှမဟုတ်ဘဲ မိမိပတ်ဝန်းကျင်မှာရှိတဲ့ စာရွက်၊ စက္ကူတွေကို စိတ်ဝင်စားအောင် ဆွဲဆောင်ပေးနိုင်တယ်ဆိုတဲ့ အသိတွေကို တက်ရောက်သူတွေရရှိမှာဖြစ်ပါတယ်။ ရုပ်ပုံလေးတွေနဲ့တွဲပြီး ပေးတဲ့အသိက ပိုထိရောက်တယ်"ဟု ပြောသည်။

ယမန်နှစ်က ဧရာဝတီဟိုတယ်၌ ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲတွင် စာရေးဆရာ မောင်ခေတ်ထွန်းနှင့်အဖွဲ့ ရေးသားပုံဖော်သည့် ခွေးကလေးအစာရှာထွက်ခြင်း စက္ကူပြဇာတ်မှာ ဂျပန်နိုင်ငံတွင် ကျင်းပသည့် ကလေးစာပေဆိုင်ရာ စက္ကူပြဇာတ်ပြိုင်ပွဲ၌ သတ္တမဆုရရှိခဲ့ကြောင်း သိရသည်။ အဆိုပါစက္ကူပြဇာတ် ဇာတ်လမ်းများသည် မြန်မာကလေးငယ်များနှင့် ရင်းနှီးကျွမ်းဝင်ခြင်း မရှိသေးသော်လည်း ဂျပန်နိုင်ငံတွင်မူ လူသိများထင်ရှားသည်။

ယခုနှစ် စက္ကူပြဇာတ်ဖန်တီးခြင်းဆိုင်ရာ အတတ်ပညာသင်တန်းကို သင်ကြားပို့ချပေးမည့် ပညာရှင် Mr.Mitsunori Yabe က "ဂျပန်မှာ သိပ္ပံပညာနဲ့သက်ဆိုင်တဲ့ စက္ကူပြဇာတ်ကို တီထွင်ထုတ်လုပ် လုပ်ကိုင်နေပါတယ်။ ဒီသင်တန်းကတစ်ဆင့် မြန်မာကလေးတွေကို စက္ကူပြဇာတ် ဇာတ်လမ်းတွေက အထောက်အပံ့များစွာပေးနိုင်လိမ့်မယ်လို့ ယုံကြည်တယ်။ တကယ်လိုအပ်တဲ့ အဓိကရည်ရွယ်ချက်ကလည်း ကလေးတွေကို ဆွဲဆောင်မှုရှိဖို့ဖြစ်ပါတယ်"ဟု ပြောသည်။

ယခုကျင်းပသည့် ကလေးစာပေထုတ်လုပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကို ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနက ပံ့ပိုးပေးထားခြင်းဖြစ်ကြောင်း သိရသည်။ ယခုနှစ် အလုပ်ရုံဆွေးနွေးပွဲ၌ သိပ္ပံဆိုင်ရာ စက္ကူပြဇာတ်ပြုလုပ်ပုံ၊ စာရွက်ဆိုဒ်သေးများဖြင့် ပုံစံငယ်များပြုလုပ်ဖန်တီးခြင်းတို့ကို သင်တန်းသားများက ပြုလုပ်မည်ဖြစ်ကြောင်းနှင့် သင်တန်းနောက်ဆုံးနေ့တွင် ရန်ကုန်မြို့ ကေသရဝတီ သီလရှင်ကျောင်း၌ စက္ကူပြဇာတ် တင်ဆက်ခြင်းတို့ကို ဆောင်ရွက်ကြမည်ဖြစ်သည်။

သင်တန်းကာလမှာ မတ် ၁၉ ရက်မှ ၂၄ ရက်အထိဖြစ်ကာ အလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံစာရေးဆရာအသင်းမှ ကလေးသူငယ်စာပေဆိုင်ရာ စိတ်ပါဝင်စားသူ ၃၀ ခန့် တက်ရောက်ကြသည်။ **သတင်း-မြတ်စန္ဒီသင်းဇော်**
**ဓာတ်ပုံ-ရဲထွန်း**

# ရန်ကုန်စာအုပ်လမ်းတွင် ရေးသူ ဖတ်သူ တွေ့ဆုံ

**ရန်ကုန် မတ် ၁၉**
ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ရန်ကုန်စာအုပ်လမ်း စာအုပ်ဈေးတန်းကို ယနေ့တွင် ၂၂ ရက်မြောက်နေ့အဖြစ် ဆက်လက်ဖွင့်လှစ်ရာ စာအုပ်စာပေချစ်မြတ်နိုးသူများ၊ ရောင်းသူ ဝယ်သူ ထုတ်လုပ်သူများ၊ ရေးသူ ဖတ်သူများ ညနေပိုင်း စာအုပ်ဈေးတန်းပိတ်ချိန်ထိရှိခဲ့ကြောင်း တွေ့ရသည်။

ယနေ့တွင် ဝန်ကြီးများရုံးဘက်ခြမ်း စာအုပ်ဈေးတန်းရှေ့၌ ရေးသူ ဖတ်သူ တွေ့ဆုံပွဲအဖြစ် စာရေးသူ အင်းစိန်အောင်စိုးနှင့် စာဖတ်သူများ ရေးသူ ဖတ်သူ ဆွေးနွေးပွဲအဖြစ် တွေ့ဆုံသည်။

ရေးသူ ဖတ်သူတွေ့ဆုံပွဲတွင် စာရေးသူအင်းစိန်အောင်စိုးက ၎င်းရေးသားသည့် "အုတ်ရိုးအတွင်း သံဆူးကြိုးဝင်းမှ လူဆိုးများ" စာအုပ်အပေါ် လက်မှတ်ရေးထိုး လက်ဆောင်ပေးအပ်ပြီး အဆိုပါစာအုပ်ပါအကြောင်းတို့ကို ဆွေးနွေးပြောကြားကာ စာဖတ်သူများ၏ သိရှိလိုသည်များကို ပြန်လည်ဆွေးနွေးသည်။

အဆိုပါရန်ကုန်စာအုပ်လမ်း စာအုပ်ဈေးတန်းကို စနေ၊ တနင်္ဂနွေနေ့တိုင်း နံနက် ၈ နာရီမှ ညနေ ၆ နာရီထိ စာပေတိုက်များ၊ စာအုပ်အရောင်းဆိုင်ကြီးများက စာအုပ်အဟောင်း အသစ်မျိုးစုံတို့ကို ခင်းကျင်းရောင်းချပေးလျက်ရှိရာ မည်သူမဆို လွတ်လပ်စွာ လာရောက်ဝယ်ယူအားပေးနိုင်ကြောင်း သိရသည်။ **(ကိုချစ်)**

**စာပေမြင့်မှ လူမျိုးတင့်မည်**

## ပြည်တွင်းရေးရာ

**✻ နိုင်ငံတကာမှ**

ပရိသတ်အကြိုက် ပွဲကောင်းဖြစ်ခဲ့သည်။ ဆလိုင်းချမ်းမြေ့ကို (ထွန်းသွင်ကလပ်)နှင့် စိုးဝင်းသန်း(ရန်စစ်ငြိမ်း)တို့ ပွဲစဉ်တွင်လည်း ပွဲချိပြည့်ယှဉ်ပြိုင်ပြီး အရှုံးအနိုင်မပေါ်ဘဲ ပူးတွဲသရေဖြစ်ခဲ့သည်။

ရိုးရာလက်ဝှေ့ အထူးငါးချိစိန်ခေါ်ပွဲ ပထမပွဲစဉ် စောထူးဇော်(မြန်မာဒို့ရိုးရာ)နှင့် ဟန်ချိုင်း(ထိုင်း)တို့ ပွဲစဉ် ပထမအချီတွင် ပြိုင်ဘက်နှစ်ဦးတို့ ဟာကွက်စောင့်ရင်း သွေးအေးနေခဲ့သော်လည်း ဒုတိယအချီတွင် ပွဲကကြည့်ကောင်းလာသည်။ စတုတ္ထအချီ စောထူးဇော်၏ ပါဝါပြင်းသည့် ဘယ်ဝိုက်လက်သီးက ဟန်ချိုင်းမေးရိုးထိလဲကျပြီး အနားတောင်းလိုက်ရသည်။ သို့သော် ဟန်ချိုင်း မာဂုဏ်ရှိသည်။ ပွဲစဉ်တစ်လျှောက်လုံး ပြိုင်ဘက်ကို အသာစီးထိုးသတ်နိုင်ခဲ့သော်လည်း ကြံ့ခိုင်မှုစွမ်းရည်နှင့် သက်လုံကျမသွားသည့် ဟန်ချိုင်းကို ထင်တိုင်းမပေါက်ဖြစ်သည့် စောထူးဇော်မှာ အချီပြည့် ယှဉ်ပြိုင်ခဲ့သော်လည်း ပူးတွဲသရေရလဒ်ဖြင့် ကျေနပ်ခဲ့ရသည်။

ကြယ်ဇင်ဖြိုး (မြန်မာ/ဒို့ရိုးရာ)နှင့် သောမတ်ဟန်ဘာကာ(ဩစတြေးယား)တို့ တွဲဆိုင်းပြိုင်ဘက်နှစ်ဦးတို့ ဝိတ်ချင်းတူသော်လည်း အသက်ကကွာသည်။ သူတို့တွဲဆိုင်းသည်လည်း အရှုံးအနိုင်မပေါ် ပူးတွဲသရေဖြစ်ခဲ့သည်။ ဘက်တူရင်လူမရွေးသည့် အားကစားစိတ်ဓာတ်ဖြင့် လူငယ်ကြယ်ဇင်ဖြိုးကို သရေရအောင် ယှဉ်ပြိုင်ခဲ့သည့် သောမတ်ကို မြန်မာပရိသတ်များက မှတ်စွာအားပေးခဲ့သည်။

ရှမ်းကို(မြန်/ရန္တာမိတ်)နှင့် စင်ရိုင်း(ထိုင်း)တို့ တွဲဆိုင်း သက်တူရွယ်တူများဖြစ်သဖြင့် ပွဲကမြိုင်ဆိုင်လှသည်။ တတိယအချီပြည့်ခါနီးတွင် ရှမ်းကို၏ ဘယ်ညာဝိုက်လက်သီးများက စင်ရိုင်းမေးရိုးထိပြီး လဲကျခဲ့သည်။ ထိုအချီကို ဒိုင်အဖွဲ့က တတိယချီပြည့်အဖြစ် သတ်မှတ်ခဲ့သည်။ စတုတ္ထချီပြန်အတည်တွင် ရှမ်းကို၏ ထိုးသတ်ချက်များကို စင်ရိုင်းမခံနိုင်တော့။ မကြာခဏလဲကျနေသဖြင့် ဒိုင်အဖွဲ့က ရှမ်းကိုအား ဒိုင်ပွဲရပ်ဖြင့်အနိုင်ပေးခဲ့သည်။

ဒိုင်ခိခါနဲကို(ဂျပန်)နှင့် မာတင်စူတိုင်း (အင်္ဂလန်)တို့၏ ထူးထူးခြားခြား ညှိနိုင်ငံသားနှစ်ဦးတို့ ပွဲစဉ်တွင် မြန်မာလက်ဝှေ့ထိုးသတ်မှု အတွေ့အကြုံရှိပြီးဖြစ်သည့် ဒိုင်ခိခါနဲကိုအား မာတင်စူထိုင်း မယှဉ်နိုင်။ ပထမအချီ စတင်ကတည်းက မာတင် အနားတောင်းခဲ့ရသည်။ ဒုတိယအချီမှာပင် ဒိုင်ခိခါနဲကို၏ ပါဝါပြင်းသော ထောက်လက်သီးက မာတင်စူထိုင်း အရှိုက်ထိလဲကျပြီး ပြန်မထနိုင်တော့သဖြင့် ဒိုင်ခိခါနဲကို ပြိုင်ဘက်ကို အလဲထိုးအနိုင်ရခဲ့သည်။

ယနေ့ ကျင်းပသော နောက်ဆုံးပွဲစဉ်ဖြစ်သည့် စောဂေါ်မူဒို(မြန်မာ/သတ္တိကလပ်)နှင့် အီကျူစံ(ထိုင်း) တို့ တွဲဆိုင်းတွင် စောဂေါ်မူဒိုက ပွဲစကတည်းက ပြိုင်ဘက်ကို အသာစီးဖြင့် တိုက်စစ်ဆင်ခဲ့သော်လည်း မြန်မာ့လက်ဝှေ့အတွေ့အကြုံ ကောင်းစွာရှိထားသည့် အီကျူစံကို ထင်တိုင်းမပေါက်ဖြစ်နေသည်။ ပထမအချီတွင် ပါဝါပြင်းအားကောင်းသည့် စောဂေါ်မူဒို၏ ညာတံတောင် ရိုက်ချက်က အီကျူစံကို မေ့လဲကျစေခဲ့သည်။ သို့သော် ပြိုင်ဘက်နှစ်ဦးစလုံး ရေကုန်ရေခန်း ယှဉ်ပြိုင်တိုက်ခိုက်ခဲ့သော်လည်း အရှုံးအနိုင်မပေါ်ဘဲ ပူးတွဲသရေဖြစ်ခဲ့သည်။



စောဂေါ်မူဒို(မြန်မာ/သတ္တိကလပ်)နှင့် အီကျူစံ(ထိုင်း)ယှဉ်ပြိုင်စဉ်။

**သတင်း-အောင်ကျော်ဦး၊**
**ဓာတ်ပုံ-ခင်မောင်ဝင်း**

# စူဠသဘင် ဂုဏ်ပြုပူဇော်ပွဲကျင်းပ

**ရန်ကုန် မတ် ၁၉**
ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်လုံးဆိုင်ရာ ဥပတ္ထမ္ဘကအဖွဲ့က ကြီးမှူးကျင်းပသော ၂၀၁၆ ခုနှစ် စာအောင် စူဠသဘင် ဂုဏ်ပြုပူဇော်ပွဲအခမ်းအနားကို အင်းစိန်ပရိယတ္တိစာသင်တိုက် သာသနာ၀င် လေးထပ်ကျောင်းဆောင်ကြီး၌ မတ် ၁၉ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် အင်းစိန်မြို့နယ် သံဃနာယက ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တနန္ဒာဘိဝံသ ဟေမာဂနိုင်ကျောင်းတိုက်ဆရာတော်ထံမှ သီလဆောက်တည်ကြပြီး အင်းစိန်မြို့နယ်လုံးဆိုင်ရာ ဥပတ္ထမ္ဘက အဖွဲ့ဥက္ကဋ္ဌ ဦးသောင်းကြည်က စူဠဘွဲ့နှင်းသဘင်ဆိုင်ရာများ လျှောက်ထားပြီး ဩဝါဒါစရိယ ဆရာတော်ကြီးကိုးပါးနှင့် စာအောင်သံဃာ ၃၀၈ ပါး၊ သီလရှင် တစ်ပါး၊ စာအောင်လူပုဂ္ဂိုလ်တို့ကို လှူဖွယ်ပစ္စည်းများနှင့် အောင်လက်မှတ်များ ဆက်ကပ်ခဲ့ကြသည်။

အင်းစိန်စာစစ်ဌာန၌ ပထမပြန်စာမေးပွဲအသီးသီးတွင် အောင်မြင်ခဲ့သော သံဃာတော်များမှာ ဓမ္မာစရိယ (၃) ကျမ်းအောင် ၁၀ ပါး၊ ဝိနည်း (၅) ကျမ်းအောင် ၁၉ ပါး၊ ပထမလတ်တန်းအောင် မြန်မာပြည်တစ်ပြည်လုံး ပထမ သီလရှင် တစ်ပါး၊ ပထမကြီးတန်းအောင် ၂၉ ပါး၊ ပထမလတ်တန်းအောင် ၅၈ ပါး၊ ပထမငယ်တန်းအောင် ၁၅၁ ပါး၊ ဝိသုဒ္ဓိမဂ်အောင် ကိုးဦး၊ အဘိဓမ္မာဂုဏ်ထူးအောင် ၂၁ ဦး၊ အဘိဓမ္မာအောင် ၁၂ ဦး၊ ယဉ်ကျေးလိမ္မာဂုဏ်ထူးအောင် ကိုးဦးတို့အား စုစုပေါင်းလှူဒါန်းငွေကျပ် ၃၅ သိန်းကို အင်းစိန်မြို့နယ်လုံးဆိုင်ရာ ဥပတ္ထမ္ဘက အဖွဲ့က လစဉ် စေတနာအလှူရှင်များ၏ အာစိဏ္ဏကံအလှူငွေများမှ လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

**(ဌေးကြိုင်)**



**မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်းတို့ ကြီးမှူး၍ ဗဟန်းမြို့နယ် သာသနာနုဂ္ဂဟအသင်း နွေရာသီ လူငယ်ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲကို မတ် ၁၉ ရက်က ကျင်းပရာ တက်ရောက်သူများနှင့် သင်တန်းသား သင်တန်းသူများအား တွေ့ရစဉ်။** (ကြေးမုံ)

**❖ ညောင်တုန်းမှ**

ယင်းဖြစ်စဉ် ဖြစ်ပွားလျှင်ဖြစ်ပွားချင်း လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီနီမိုးနှင့် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူများပူးပေါင်း၍ မြစ်ကမ်းတာဘေးနေထိုင်သူ မြို့နေပြည်သူများ အန္တရာယ်မဖြစ်ပေါ်စေရေးနှင့် လက်ရှိအခြေအနေထက် ပိုမိုဆိုးရွားမှု မရှိစေရေးအတွက် ထိန်းသိမ်းကာကွယ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေးအထူးအဖွဲ့(၉)မှ မြို့ပတ်တာ ပြုပြင်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်ခြင်း၊ မြေသားထိန်းနံရံများတည်ဆောက်ခြင်း၊ (၁၂)လမ်းတာအနီးတွင် ကွန်ကရစ်ဘိုးပိုင်များ တည်ဆောက်ခြင်း၊ ကျောက်စီနံရံများ တည်ဆောက်ခြင်း၊ ကွန်ကရစ်နံရံများတည်ဆောက်ခြင်း လုပ်ငန်းများအား လုပ်ဆောင်ပေးခဲ့သောကြောင့် မိုးတွင်းအခါက မြို့နေပြည်သူများ စိတ်ချအဆင်ပြေစွာနေခဲ့ရသည်။

အဆိုပါ(၂၀/၂၂)လမ်း မြစ်ကမ်းထိန်းတာ ထပ်မံကွဲအက်နိမ့်ကျမှုမဖြစ်ပေါ်စေရေး မြစ်ကမ်းပါးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို မိုးမကျမီ အမြန်ဆုံး စီစဉ်ဆောင်ရွက်ပေးနိုင်ပါရန်နှင့် (၁၂)လမ်းကမ်းနားမြစ်ကမ်းပါးတာဆောင်ရွက်ပေးသကဲ့သို့ အကြီးစားကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးပါရန် ဒေသခံများက လိုလားလျက်ရှိကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**

# ရန်ကုန်မြို့၌ နေ့ပိုင်းကုန်သေတ္တာတင်ယာဉ်များသွားလာခွင့်ပေးရာတွင် ပြည်ပသွားသင်္ဘောဆိပ်ကမ်းများမှ သွင်းကုန်သယ်ယူခြင်းများသာ သက်ဆိုင်

**ရန်ကုန် မတ် ၁၉**
၂၀၁၇ ခုနှစ် မတ်လ ၁၅ ရက်နေ့စွဲဖြင့် ရန်ကုန်တိုင်းဒေသကြီးမှ ထုတ်ပြန်ချက်အရ နံနက် ၁၁ မှ ညနေ ၃ နာရီအတွင်း ကုန်သေတ္တာတင်ယာဉ်နှင့် ကုန်တင်ယာဉ်များ ဖြတ်သန်းသွားလာခွင့်ပြုရာတွင် ဆိပ်ကမ်းများသို့ တင်ပို့မည့် ကုန်ပစ္စည်းများ တင်ဆောင်လာသော အဝင် ကုန်သေတ္တာတင်ယာဉ်နှင့် ကုန်တင်ယာဉ်များ ကမ်းနားလမ်းနှင့် ဘုရင့်နောင်လမ်းမကြီးတို့ကို နံနက် ၁၁ နာရီမှ ညနေ ၃ နာရီအတွင်း ဖြတ်သန်းသွားလာခွင့်ပြုနိုင်ခြင်း ရှိ၊ မရှိ စိစစ်တင်ပြရန် အကြောင်းကြားအပ်ပါသည်ဟု ပါရှိသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကုန်သေတ္တာတင်ယာဉ်နှင့် ကုန်တင်ယာဉ်များကို ညအချိန်ချောမွေ့စွာ ပြေးဆွဲရေးစီမံချက်တွင် အရှေ့ဗိုလ်တထောင်ကမ်းနား ကွန်ကရစ်လမ်းထိပ်မှ မဟာဗန္ဓုလတံတားကို ဖြတ်၍ သာကေတ ရှုခင်းသာလမ်း၊ရတနာလမ်း၊ ဧရာဝဏ်လမ်း၊ မောင်းမကန်လမ်း၊ အမှတ် ၂ လမ်းမကြီး၊ ပြည်ထောင်စုလမ်း၊ ဗိုလ်မှူးဗထူးလမ်း၊ သုဓမ္မာလမ်း၊ ခရေပင်လမ်းတို့ကို ကုန်သေတ္တာတင်ယာဉ်(ဝန်မပါ)နှင့် ကုန်တင်ယာဉ်များနှင့် ဆိပ်ကမ်းများသို့ တင်ပို့မည့် ကုန်ပစ္စည်းများကို ခရေပင်လမ်း၊ သုဓမ္မာလမ်း၊ ဗိုလ်မှူးဗထူးလမ်း၊ ပြည်ထောင်စုလမ်း၊ ဗိုလ်တထောင်ကမ်းနားကွန်ကရစ်လမ်းကြောင်းအတိုင်း ကုန်သေတ္တာတင်ယာဉ်(ဝန်ပါ)နှင့် ကုန်တင်ယာဉ်များအား နံနက် ၁၁ နာရီမှ ညနေ ၃ နာရီအတွင်း ဖြတ်သန်းမောင်းနှင်ခွင့်ပြုထားခဲ့ပြီးဖြစ်သည်။

ယခုအခါ ရည်ညွှန်းပါစာဖြင့် ပေးပို့လာသော ညှိနှိုင်းအစည်းအဝေးမှတ်တမ်းအရ ပို့ကုန်လုပ်ငန်းရှင်များနှင့် မြန်မာနိုင်ငံ ကုန်သေတ္တာအသင်းတို့က လက်ရှိကာလသည် ပွင့်လင်းရာသီဖြစ်ပြီး မြန်မာနိုင်ငံ၏ အဓိကပို့ကုန်များဖြစ်သည့် ဆန်နှင့် ပဲမျိုးစုံအပါအဝင် စိုက်ပျိုးရေးထွက်ကုန်များ တိုးမြှင့်တင်ပို့နေသည့် ကာလဖြစ်၍ ဈေးကွက်လိုအပ်ချက်အရ အချိန်မီတင်ပို့ရန် လည်ကောင်း၊ မကြာမီသင်္ကြန်ကာလ ကျရောက်တော့မည်ဖြစ်၍ ပိတ်ရက်များတွင် ရပ်ဆိုင်းထားရမည့် လုပ်ငန်းများအတွက် ယခုအချိန်တွင် အထူးကိစ္စတစ်ရပ်အနေဖြင့် တွန်းအားပေး၍ ဆောင်ရွက်ရန်လိုအပ်ချက်အရလည်းကောင်း ကမ်းနားလမ်းနှင့် ဘုရင့်နောင်လမ်းမကြီးများအား နေ့အချိန်ကုန်တင်ယာဉ်နှင့် ကုန်သေတ္တာတင်ယာဉ်များ ဖြတ်သန်းအသုံးပြုခွင့်ပြုရန် တင်ပြခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ကမ်းနားလမ်းမကြီးကို နံနက် ၁၁ နာရီမှ ညနေ ၃ အတွင်း ဆိပ်ကမ်းများမှအထွက် ကုန်သေတ္တာတင်ယာဉ်နှင့် ကုန်တင်ယာဉ်များကို ဖြတ်သန်း မောင်းနှင်ခွင့်ပြုကြောင်း၊ ထိုသို့ ခွင့်ပြုမှုအပေါ် ယာဉ်ကြောကျပ်တည်းမှု မဖြစ်ပေါ်စေရေး ဆောင်ရွက်သွားရန်နှင့် ဆိပ်ကမ်းသို့ အဝင်ကုန်သေတ္တာတင်ယာဉ်နှင့် ကုန်တင်ယာဉ်များအား ခွင့်ပြုနိုင်ခြင်း ရှိ၊ မရှိ စိစစ်တင်ပြရန် အကြောင်းကြားပါသည်ဟု ပါရှိသည်။

မတ် ၁၆ ရက်မှစ၍ ခွင့်ပြုထားသော မွန်းလွဲပိုင်းအချိန် ကမ်းနားလမ်းနှင့် ဘုရင့်နောင်လမ်းမကြီးများပေါ်တွင် ဆိပ်ကမ်းများမှ အထွက်သာမက ဆိပ်ကမ်းသို့အဝင် ကုန်သေတ္တာတင်ယာဉ်နှင့် ကုန်တင်ယာဉ်များကိုပါ ဖြတ်သန်းသွားလာနေသည်ကို မြင်တွေ့ကြောင်း ယင်းလမ်းမကြီး နှစ်လမ်းပေါ်တွင် သွားလာနေသူများက ပြောဆိုလာသည်။

သက်ဆိုင်ရာမှ ထုတ်ပြန်ထားချက်နှင့်အညီ ကုန်တင်ယာဉ်များ သွားလာမှုရှိရန် လိုအပ်သည်ဟု ကုန်သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သည့် ကိုအောင်က ပြောသည်။

**(မောင်စေအောင်)**

**❍ ကျောဖုံးမှ**

Southern အသင်းက ရှစ်ပွဲကစား ခြောက်မှတ်ဖြင့် အဆင့် ၁၁ နေရာတွင် ရပ်တည်လျက်ရှိသည်။

Southern အသင်းနှင့် မကွေးအသင်းသည် ပြီးခဲ့သည့်ရာသီ တွေ့ဆုံစဉ်က ပထမအကျော့တွင် တစ်ဂိုးစီ သရေကျထားပြီး ဒုတိယအကျော့တွင် မကွေးအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရထားသည်။ မကွေးအသင်းသည် ယခု ရာသီတွင် AFC Cup ပြိုင်ပွဲ ယှဉ်ပြိုင်နေရသောကြောင့် ပွဲများဆက်နေပြီး ရလဒ်ကောင်းရန် ရုန်းကန်နေရသည်။

**သတင်းနှင့် ဓာတ်ပုံ-ရှိုင်းထက်ဇော်**

**ဥတု ရာသီ တောကို မှီ၍**

# ခိုးဆိုးနှိုက်လုယက်မှုများ မဖြစ်ပွားစေရေး ညအခါလှည့်ကင်းယာဉ်ဖြင့် အထူးဆောင်ရွက်

**နေပြည်တော် မတ် ၁၉**
နေပြည်တော်ကောင်စီနယ်မြေအတွင်းတွင် ခိုးဆိုးနှိုက်လုယက်မှုစသောမှုခင်းများ မဖြစ်ပွားစေရန်အတွက် နေပြည်တော် ရဲတပ်ဖွဲ့မှူးကြီး ဦးဆောင်၍ နေပြည်တော်ကောင်စီနယ်မြေ ရှစ်မြို့နယ်တွင် ညအခါများ၌ အဆက်မပြတ် ဆိုင်ကယ်ရှေ့ပြေးယာဉ်၊ မီးတန်းမော်တော်ယာဉ်များဖြင့် လှည့်ကင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မတ် ၁၈ ရက် ညနေ ၅ နာရီမှ ည ၁၀ နာရီထိ ဒက္ခိဏခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မောင်မောင်ခင် ဦးဆောင်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်ကျော်နှင့် တပ်ဖွဲ့ဝင်များနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များသည် ဆိုင်ကယ်ရှေ့ပြေးယာဉ် နှစ်စီးနှင့် မီးတန်းမော်တော်ယာဉ်များဖြင့် ဒက္ခိဏသီရိမြို့နယ် ဟိုတယ်ဇုန်(၁)၊ နိုင်ငံတော်ညှိဂေဟာ၊ Junction Center/Capital-စီလမ်းဆုံ၊ စုပေါင်းစစ်ဆေးရေးဂိတ်၊ မြို့မဈေး၊ MICC-2 / MICC 1၊ တတိုင်းမွေးအဝိုင်း၊ ကံ့ကော်ပန်းအဝိုင်းလမ်းကြောင်းအတိုင်း လှည့်ကင်းယာဉ်များဖြင့် လှည့်လည်ကာ ယာဉ်နှင့် မော်တော်ဆိုင်ကယ်များအား ရပ်တန့်၍ စစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**(၁၀၇)**

# ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး

**ရန်ကုန် မတ် ၁၉**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ချက်အရ ရန်ကုန်တိုင်း အားကစားနှင့် ကာယပညာကော်မတီက အားကစားနည်းအလိုက် ဆပ်ကော်မတီများကို တွေ့ဆုံကာ ၂၀၁၇ ခုနှစ်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ် အားကစားပြိုင်ပွဲများတွင် အောင်မြင်မှုရရှိစေရေးနှင့် တိုင်းဒေသကြီးအတွင်း အားကစားလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်စေရေးတို့အတွက် (၁/၂၀၁၇) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၁၅ ရက် နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာ ကော်မတီဥက္ကဋ္ဌ ဦးနိုင်ငံလင်းက ၂၀၁၇ ခုနှစ်အတွင်း ကျင်းပမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲတိုင်းကို ရာနှုန်းပြည့် မပျက်မကွက် ပါဝင်ယှဉ်ပြိုင်နိုင်ရေး၊ အားကစားနည်းအလိုက် လူရွေးပွဲများ ကျင်းပလျာထားမှုအား အတည်ပြုနိုင်ရေး၊ မြို့နယ်များအလိုက် အားကစားလုပ်ငန်းများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးဆောင်ရွက်နိုင်မှသာ လူငယ်လူရွယ်ကျောင်းသားလူငယ်များ လမ်းမှားမရောက်ဘဲ မိမိတို့ကြိုက်နှစ်သက်ရာ အားကစားနည်းများ လေ့ကျင့်လိုက်စားစေရေးတို့အတွက် ခရိုင်နှင့် မြို့နယ်အဆင့် အားကစားအရာရှိများက စီစဉ်ဆောင်ရွက်ပေးမှသာလျှင် ရန်ကုန်တိုင်းဒေသကြီးမှ ထူးချွန်ထက်မြက်သော အားကစားသမားကောင်းများ ပေါ်ထွက်လာပြီး နိုင်ငံတော်အတွက် အားထားရမည့် ပဏာမလက်ရွေးစင်ကောင်းများရရှိမည်ဖြစ်ကြောင်း၊ ယခုနွေရာသီ ကျောင်းပိတ်ရက်ကာလတွင် ကျောင်းသားလူငယ်များ အခြေခံအားကစားနည်းများကို စနစ်တကျ သင်ကြားပေးခြင်းသည် အားကစားကုန်ကြမ်းများ ရရှိလာမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး ရန်ကုန်တိုင်းအားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မိုးက ၂၀၁၇ ခုနှစ်အတွင်း ကျင်းပမည့် အားကစားပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးနှင့် ၂၀၁၇ ခုနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီးအစီအစဉ်ဖြင့် ကျင်းပမည့် ဝန်ကြီးချုပ်ဖလားပြိုင်ပွဲများ၊ ဆပ်ကော်မတီ ဥက္ကဋ္ဌဖလားပြိုင်ပွဲများ၊ အားကစားနည်းအလိုက် လူရွေးပြိုင်ပွဲများ ကျင်းပနိုင်ရေးလျာထားမှုအား အတည်ပြုနိုင်ရေး၊ လစ်လပ်လျက်ရှိသော ဆပ်ကော်မတီဥက္ကဋ္ဌနေရာများတွင် အစားထိုးရွေးချယ်တင်မြှောက်နိုင်ရေးတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အားကစားနည်းအလိုက် ဆပ်ကော်မတီဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်များ ဝင်ရောက်နိုင်မှု၊ စီစဉ်ဆောင်ရွက်ထားရှိမှုနှင့် ပြိုင်ပွဲများကျင်းပမည့် ရက်သတ်မှတ်နိုင်ရေးနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ပြိုင်ပွဲများ အောင်မြင်မှုရရှိနိုင်ရေးအတွက် ကြိုတင်စီစဉ်ဆောင်ရွက်ထားရှိမှုများကို ဆပ်ကော်မတီအလိုက် ရှင်းလင်းတင်ပြကြပြီး ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ရန်ကုန်တိုင်းအားကစားနှင့် ကာယပညာကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသန့်ဇင်နှင့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များ စိစစ်ရွေးချယ်ရေးအဖွဲ့ဝင် ဦးစိုးသိန်းတို့က ဖြည့်စွက်ဆွေးနွေးကြသည်။

**(ကြေးမုံ)**


(၂၀၁၇)ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့

"တီဘီရောဂါကင်းဝေးဖို့၊ အားလုံးပူးပေါင်းဆောင်ရွက်စို့"

World TB Day (2017)

"Unite to End TB"

၂၀၁၇ခုနှစ်၊ မတ်လ(၂၄)ရက် 24th March, 2017


# ၂၀၁၇ ခုနှစ် ဇန်နဝါရီလအတွင်း တရားမဝင်ဓာတ်အား သုံးစွဲမှု ၄၆ မှု စစ်ဆေးတွေ့ရှိ

**နေပြည်တော် မတ် ၁၉**

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းအနေဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် မြို့ပြနှင့် ကျေးလက်ဒေသအများပြည်သူများသို့ တိုးတက်သုံးစွဲလာသော ဓာတ်အားလိုအပ်ချက်အား ဖြည့်ဆည်းဖြန့်ဖြူးပေးနိုင်ရန်အတွက် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသကဲ့သို့ တရားမဝင်ဓာတ်အားသုံးစွဲမှုများကိုလည်း ဒေသအသီးသီးတွင် စစ်ဆေးခဲ့ရာ တရားမဝင်မီးသုံးစွဲသူများအနက် တိုက်ရိုက်ခိုးယူ သုံးစွဲမှုများမှာ အများဆုံးဖြစ်ပြီး ဝန်ပို၊ ဆင့်ပွား၊ ရှန့်လင့်ခွာ၊ မီတာခွထောက်၊ ကာဗာဆီးလ် -ဖတ်သုံးစွဲခြင်းများနှင့် အိမ်သုံးမီတာဖြင့် စီးပွားရေးလုပ်ငန်းစသည့် တရားမဝင် ဓာတ်အားသုံးစွဲမှုများကို စစ်ဆေးတွေ့ရှိရသည်။

ထိုသို့ဆောင်ရွက်ရာ၌ ၂၀၁၇ ခုနှစ် ဇန်နဝါရီလအတွင်း ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း(တောင်နှင့်မြောက်)၊ စစ်ကိုင်း၊ တနင်္သာရီ၊ ပဲခူး (အရှေ့နှင့်အနောက်)၊ မကွေး၊ ဧရာဝတီနှင့် နေပြည်တော် ဒေသအသီးသီးတွင် စစ်ဆေးခဲ့ရာ ၃၀၀၄၈ ဦး စစ်ဆေးနိုင်ခဲ့ပြီး ဆုံးရှုံးမှုယူနစ်ပေါင်း ၁၀၅၃၉၀ ယူနစ်ဆုံးရှုံးခဲ့သည်။

တရားမဝင်ဓာတ်အားသုံးစွဲမှု ၂၀ မှု ရှိသည့်အနက် နေပြည်တော် ကောင်စီနယ်မြေတွင် တရားမဝင် ဓာတ်အားသုံးစွဲမှု နစ်နာကြေး အများဆုံးဖြစ်ပြီး စုစုပေါင်းလျော်ကြေးငွေ ၁၁၆၄၉၇၅၀ ကျပ်ရရှိခဲ့ကြောင်း သိရသည်။

အလားတူ ရန်ကုန်နှင့် မန္တလေး တိုင်းဒေသကြီးတို့တွင် စစ်ဆေးရာတွင်လည်း တရားမဝင် ဓာတ်အားသုံးစွဲမှု ၂၅ မှုရှိပြီး တရားမဝင် ဓာတ်အားသုံးစွဲမှု နစ်နာကြေးငွေ စုစုပေါင်း ၅၂၈၈၈၈၁၀ ကျပ်ရရှိခဲ့သဖြင့် တစ်နိုင်ငံလုံးအနေဖြင့် ၂၀၁၇ခုနှစ် ဇန်နဝါရီလအတွင်း စစ်ဆေးမှုများအရ တရားမဝင် ဓာတ်အားသုံးစွဲမှု ၄၆ မှုရှိပြီး တရားမဝင်ဓာတ်အားသုံးစွဲမှု နစ်နာကြေးငွေ စုစုပေါင်း ငွေကျပ်၆၄၅၃၈၀၆၀ ကျပ် (ကျပ် သိန်းပေါင်း ၆၄၀ ကျော်) ရရှိခဲ့ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**ညီညီသန်း(နေပြည်တော်)**

# အမျိုးသမီးများအား နည်းမျိုးစုံအကြမ်းဖက်မှုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

**ပြည် မတ် ၁၉**

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပြည်ခရိုင်ရဲတပ်ဖွဲ့က ကြီးမှူးကျင်းပသော အမျိုးသမီးများအား နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးပွဲကို မတ် ၁၃ ရက်က ပန်းတောင်းမြို့နယ် ဖောင်းကန်ရပ်ကွက် မူလတန်းလွန်ကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ကြည်က အဖွင့်အမှာစကားပြောကြားပြီး ဒုမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးတင့်ဆွေက လူကုန်ကူးမှု၊ လူမှောင်ခိုမှု၊ လူမှောင်ခိုမှုအဓိပ္ပာယ်၊ ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ရာတွင် သိထားသင့်သည့်အချက်များ၊ လူကုန်ကူးအမှု၊ လူပွဲစားများ၏ စည်းရုံးပုံစည်းရုံးနည်းများ၊ အမျိုးသမီးများ အကြမ်းဖက်မှုမှ ကာကွယ်ရေးဆိုင်ရာ အကြောင်းအရာများကို ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**(ထွန်းအောင်လွင်)**

# ၅၀၀ ကျပ်တန် ထီလက်မှတ်များ သတ်မှတ်ဈေးနှုန်းထက် ပိုမိုရောင်းချမှုအပေါ် တိုင်ကြားမှုများကို စစ်ဆေးနေ

**ရန်ကုန် မတ် ၁၉**

ယခုနှစ် မတ် ၁ ရက်တွင် စတင်ရောင်းချခဲ့ပြီး ဧပြီ ၁ ရက်တွင် ပထမအကြိမ် စတင်ဖွင့်လှစ်တော့မည့် ၅၀၀ ကျပ်တန် ထီလက်မှတ်များကို သတ်မှတ်ဈေးနှုန်းထက် ပိုမိုရောင်းချနေမှုများနှင့်ပတ်သက်၍ တိုင်ကြားမှုများရှိလာရာ ယင်းတို့ကို စစ်ဆေးလျက်ရှိကြောင်း ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲမှ သိရသည်။

ဧပြီ ၁ ရက်တွင် ပထမအကြိမ် စတင်ဖွင့်လှစ်တော့မည့် ကျပ်သိန်း ၁၀၀၀၀ အမြင့်ဆုံးဆုကြေးအပါအဝင် ၅၀၀ ကျပ်တန် ထီလက်မှတ်များကို စိတ်ဝင်တစားကံစမ်းသူများ များပြားနေပြီး မူရင်းသတ်မှတ်ထားသောဈေးနှုန်းထက် ပိုမိုရောင်းချမှုများအပေါ် တိုင်ကြားမှုများရှိလာရာ ယင်းတို့ကို သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာန ရုံးများက ခေါ်ယူစစ်ဆေးလျက်ရှိကြောင်း သိရသည်။

"သတ်မှတ်ဈေးထက် ပိုရောင်းတဲ့ဆိုင်တွေကို တိုင်ကြားတာတွေရှိတဲ့အတွက် ခေါ်ယူစစ်ဆေးနေပါတယ်။ သတ်မှတ်ထုတ်ပြန်ထားတဲ့ စည်းကမ်းချက်၊ ကြေညာချက်မှာကိုက ဘယ်သူမဆို ထီလက်မှတ်ဈေးကို တစ်စောင်ချင်းဖြစ်စေ၊ အုပ်လိုက်ဖြစ်စေ မူရင်းဈေးနှုန်းထက် ပိုမိုရောင်းချရင် တိုင်ကြားနိုင်တယ်။ အရေးယူမယ်ဆိုတာ ပါပါတယ်။ တရားဝင်ရောင်းချတဲ့ ကိုယ်စားလှယ်ဆိုရင် အမည်ပျက်စာရင်းဝင်သွားပြီးတော့ ကိုယ်စားလှယ်စာချုပ်ပါအတိုင်း ပေးသွင်းထားတဲ့ Deposit ကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းယူအရေးယူပါမယ်။ အဆင့်ဆင့်ရောင်းချနေတဲ့ လက်ခွဲတွေဆိုရင် ဘယ်ကိုယ်စားလှယ်ဆီက ယူရောင်းနေတာလဲဆိုတာ စုံစမ်းပါမယ်။ တကယ်လို့ ထီလက်မှတ်ရောင်းချင်ရင် အောင်ဘာလေဌာနမှာ လာဝယ်ဆိုတာမျိုးနဲ့ ဆောင်ရွက်ပါမယ်"ဟု ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲမှ တာဝန်ရှိသူတစ်ဦးက ကြေးမုံသို့ ပြောကြားခဲ့သည်။

ကျပ် ၅၀၀ တန် အောင်ဘာလေထီ စတင်ရောင်းချခြင်းမပြုမီ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲအနေဖြင့် ၂၀၁၇ ဖေဖော်ဝါရီ ၂၈ ရက်က ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့ပြီး ၅၀၀ ကျပ်တန် ထီလက်မှတ်များရောင်းချခြင်းနှင့်ပတ်သက်၍ ထီလက်မှတ်ပေါ်တွင် ရိုက်နှိပ်ထားသော မူရင်းထီလက်မှတ်တန်ဖိုးအတိုင်း ရောင်းချရန်နှင့် တန်ဖိုးအတိုင်းရောင်းချခြင်းမပြုပါက ပဋိညာဉ်စာချုပ်ပါအတိုင်း ထီကိုယ်စားလှယ်ကို အမည်ပျက်စာရင်း(Black List)အဖြစ် သတ်မှတ်မည်ဟု ထုတ်ပြန်ခဲ့သည်။ ယင်းအပြင် လစဉ်ထီစာအုပ်ဝယ်ယူခွင့်ကို ပြန်လည်ရုပ်သိမ်းခြင်း၊ ထီအရောင်းကိုယ်စားလှယ်က ဌာနသို့ပေးသွင်းထားသည့် အာမခံငွေ (Deposit) အား နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းယူခြင်းတို့ကို ဆောင်ရွက်မည်ဟု ထုတ်ပြန်ကြေညာထားသည်။

ထီထိုး ကံစမ်းမည့် ပြည်သူများအနေဖြင့်လည်း ထီတစ်စောင်ချင်းဖြစ်စေ၊ အတွဲလိုက်ဖြစ်စေ၊ အုပ်လိုက်ဖြစ်စေ မူရင်းဈေးနှုန်းအတိုင်း ရောင်းချသည့်ဆိုင်များတွင်သာ ဝယ်ယူကံစမ်းကြရန်နှင့် ဈေးပိုရောင်းသည်များကို တွေ့ရှိပါက သက်ဆိုင်ရာမြို့နယ် အခွန်ဦးစီးဌာနရုံးများသို့လည်းကောင်း၊ အောင်ဘာလေသိန်းဆုဌာနခွဲသို့လည်းကောင်း ဆက်သွယ်တိုင်ကြားနိုင်သည့်အပြင် ဌာနသို့ တိုင်ကြားနိုင်သည့် ဖုန်းနံပါတ်များကိုလည်း ထည့်သွင်းကြေညာခဲ့သည်။

"တိုင်တယ်ဆိုတာကသာ လွယ်တာ၊ ဘယ်လိုသွားစစ်ဆေးမလဲဗျ။ ထီလက်မှတ်ရောင်းတယ်ဆိုတာ ဘောက်ချာနဲ့ရောင်းတာမှ မဟုတ်တာ။ သက်သေအထောက်အထား ယူဖို့ဆိုတာကလည်း အသံဖမ်း၊ ဗီဒီယိုရိုက်ထားရမှာ။ ထီရုံးက လူတွေအနေနဲ့ တိုင်ကြားတဲ့ဆိုင်ကို ထီထိုးမယ့်အသွင်ယူပြီး လျှို့ဝှက်စစ်ဆေးမယ်ဆိုရင်တော့ ဖြစ်နိုင်ပါတယ်။ မဟုတ်ရင် အထောက်အထား အတိအကျရဖို့ဆိုတာ မလွယ်ပါဘူး။ ထီဈေးကွက်၊ ထီအရောင်းစနစ်ကလည်း ကိုယ်စားလှယ်ကြီးတွေက ချုပ်ကိုင်လုပ်ကိုင်ခဲ့တာ ကြာပါပြီ။ အများပြည်သူက ကျယ်ကျယ်ပြန့်ပြန့်နဲ့ မည်သည့်နေရာ၊ မည်သည့်ဒေသမှာမဆို တစ်ပြေးညီဈေးနှုန်းနဲ့ ကံစမ်းနိုင်အောင် လုပ်ရမှာပါ။ ဒါဆို နှစ်လုံးထီ၊ သုံးလုံးထီတွေလည်း ပျောက်သွားပြီး အစိုးရရဲ့ တရားဝင်ဖြစ်တဲ့ အောင်ဘာလေထီကိုပဲအားပေးကြမှာ"ဟု လစဉ် အောင်ဘာလေထီကံစမ်းနေသည့် ပန်းဘဲတန်းမြို့နယ်တွင် နေထိုင်သူတစ်ဦးက ပြောသည်။

အောင်ဘာလေ သိန်းဆုဌာနခွဲအနေဖြင့် ဧပြီ ၁ ရက်တွင် ဖွင့်လှစ်မည့် (၁) ကြိမ်မြောက် ၅၀၀ ကျပ်တန် အောင်ဘာလေထီလက်မှတ်စာအုပ်များကို အက္ခရာအရေအတွက် ၅၂ လုံး၊ ထီစာအုပ်ပေါင်း ၄၂၅၄၅၃၆ အုပ်၊ ထီစောင်ရေပေါင်း ၄၆၇၉၉၈၉၆ စောင်ထုတ်ဝေထားပြီး ရောင်းချပြီး အက္ခရာအရေအတွက်မှာ ၃၅ လုံးကျော်၊ ထီစာအုပ်ပေါင်း ၂၈၈၈၈၈၉ အုပ်၊ ထီစောင်ရေပေါင်း ၃၁၇၇၇၇၇၉ စောင် ဖြစ်ကြောင်း သိရသည်။

ယင်းအပြင် ထီဖွင့်ပွဲမတိုင်မီတွင် ရောင်းချခဲ့ရသည့် အက္ခရာနှင့် ထီလက်မှတ်စောင်ရေတို့ကို အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ကြောင်း အောင်ဘာလေသိန်းဆုဌာနခွဲမှ သိရသည်။

**(ဆုနှင်းလှဲ့)**



ရထားရဲတပ်ဖွဲ့ အမှတ် (၁၉) တပ်ခွဲ တပ်စု (၂) (လက်ပံတန်း) တပ်စုမှူး ရဲအုပ်ကျော်ကျော်ခိုင်သည် မတ် ၁၆ ရက်က မြန်မာ့မီးရထားဝန်ထမ်းများနှင့်အတူ လက်ပံတန်းဘူတာ၌ ရထားစီးရန်စောင့်ဆိုင်းနေသည့် ခရီးသွားပြည်သူများအား ရထားနှင့် ယာဉ်၊ ရထားနှင့် လူ၊ တိရစ္ဆာန် ကြိတ်/တိုက်မှုခင်းများ လျော့နည်းကျဆင်းရေးအတွက် အသိပညာပေးဟောပြောဆောင်ရွက်ခဲ့ပြီး ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေလက်ကမ်းစာစောင်များ ဖြန့်ဝေပေးစဉ်။ (ရထားရဲတပ်ဖွဲ့)

# လမ်းအဆင့်မြှင့်တင်နိုင်ရေး ကွင်းဆင်းဆောင်ရွက်

**ငါန်းဇွန် မတ် ၁၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါန်းဇွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရန် မျှော်မှန်း၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ငါန်းဇွန်-ငါန်းမြာ ကျောက်ချောလမ်းမကြီး (၁/၃)မိုင် ကတ္တရာလမ်းခင်းနိုင်ရေး လက်ရှိမြေပြင်အနေအထား လမ်းအဆင့်မြှင့်တင်နိုင်ရေးအတွက် ဦးစီးအရာရှိ ဦးစိုးဝင်းထွန်း၊ အငယ်တန်းအင်ဂျင်နီယာ-၂ နှင့်အဖွဲ့များက မတ် ၁၈ ရက် နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုပြီး CBR တိုင်းတာရေးကိရိယာဖြင့် စမ်းသပ်စစ်ဆေးမှုများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# ယာဉ်စည်းကမ်းမဲ့မှုကြောင့် လမ်းပိတ်၊ သွားလာရေးအဆင်မပြေမှုဖြစ်

**ရန်ကုန် မတ် ၁၉**
မော်တင်(လမ်းသစ်)ဆိပ်ကမ်း ဝင်ပေါက်ခုံးကျော်တံတားအောက်တွင် မတ် ၁၆ ရက် ည ၇ နာရီက ကုန်ရထားတွဲ တစ်စင်းပိတ်ရပ်ထားသည်မှာ နာရီဝက်ခန့်ကြာမြင့်နေသည်ကို မြင်တွေ့ရသည်။**(အောက်ပုံ)**

ဆိပ်ကမ်းသို့အဝင်အထွက်ယာဉ်များ၊ လမ်းသွားလမ်းလာများ အခက်အခဲကြုံတွေ့ရသည်။ ယာဉ်များနောက်ကြောင်းပြန်လှည့်သွားရသည်။ လမ်းသွား လမ်းလာများ ရထားတွဲကြားမှကျော်လွှားသွားနေရသည်။ မကျော်တက်နိုင်သူများ တွဲဆုံးသည်အထိလျှောက်၍ ကွေ့ဝင်နေရသည်ကို ခုံးကျော်တံတားပေါ်မှ မြင်တွေ့ရသည်။

ကွန်ကရစ်ခင်းကမ်းနားလမ်းမ သစ်ဝါးတန်းဆိပ်ကမ်းဝင်ပေါက်အနီး ရထားသံလမ်းပေါ် ကုန်သေတ္တာတင်ယာဉ်အချို့ရပ်ထား၍ ဖြည်းဖြည်းချင်းမောင်းလာနေသောရထားမှာ အချိန်မီရပ်ပေးရသဖြင့် မော်တင်ဆိပ်ကမ်းအဝင်ကားလမ်းပိတ်သွားရခြင်းဖြစ်သည်ဟု ယင်းနေရာအနီးရှိ ညဈေးတန်းတွင် ဖွင့်လှစ်ဈေးရောင်းသူတစ်ဦးက ပြောသည်။

မတ် ၁၇ ရက် နံနက် ၁၀ နာရီခန့်က အနော်ရထာလမ်းအတိုင်း မြို့ပတ်လိုင်းပြေးဆွဲနေသောယာဉ်လိုင်းမှ ယာဉ်ကြီးများစီးရန် နာရီဝက်ခန့်ကြာသည်အထိ စောင့်နေခဲ့ရသည်ဟု စံပြမှတ်တိုင်သွားမည့်ခရီးသည် ကိုဝင်းက ပြောသည်။ အဆိုပါယာဉ်လိုင်းပြေးဆွဲသော ကမ်းနားလမ်းဟောင်းပေါ် ဗိုလ်တထောင်ဘုရားအနီး ကုန်သေတ္တာတင်ယာဉ်များ ခေါင်းချင်းဆိုင်ပိတ်နေကြ၍ ဖြတ်သန်းမရသဖြင့် အချိန်ကြာနေရခြင်းဖြစ်သည်ဟု ယင်းယာဉ်လိုင်းမှ ယာဉ်ကြီးပေါ် လိုက်ပါလာသည့်ခရီးသည်အပါအဝင် အဆိုပါယာဉ်လိုင်း၏ယာဉ်ပေါ်တွင် မြင်တွေ့ရသည့် ကုမ္ပဏီဖုန်းနံပါတ်ထံ စုံစမ်းမေးမြန်းရာမှ သိရသည်ဟု ၎င်းက ဆက်လက်ပြောသည်။

ယခုအချိန်ကုန်ကားကြီးများ ကုန်သေတ္တာတင်ယာဉ်ကြီးများအား သွားလာခွင့်ကန့်သတ်ထားရာမှ နံနက်ပိုင်း ၁၁ နာရီမှ ညနေ ၃ နာရီအထိ သွားလာခွင့်ပြုထားသည်ဟုသိရသည်။ ကားလမ်းများပေါ်တွင် ယာဉ်များ စည်းကမ်းတကျမောင်းနှင်သွားလာရန် အရေးကြီးသည်။ သို့မှသာ ကားလမ်းပိတ်ဆို့မှုလျော့နည်းလာပြီး သွားလာရေးအဆင်ပြေလာမည်။

သို့ဖြစ်၍ နေ့ပိုင်း လေးနာရီ တိုးမြှင့်သွားလာခွင့် ကုန်ကားကြီးများကို ခွင့်ပြုလာချိန် ယာဉ်ပိတ်ဆို့မှုနှင့် ယာဉ်အန္တရာယ်မဖြစ်ပွားရေးသက်ဆိုင်ရာမှ စောင့်ကြည့်အရေးယူဆောင်ရွက်မှုများ လိုအပ်နေသည်။ ကုန်ကားကြီးများအနေဖြင့် နေ့ပိုင်းအချိန် တိုးမြှင့်သွားလာနိုင်သကဲ့သို့ ယာဉ်စည်းကမ်း လမ်းစည်းကမ်းများနှင့်အညီ မောင်းနှင်ခြင်း၊ ရပ်နားခြင်းများကို လေးစားလိုက်နာမှု ရှိမှသာ အများပြည်သူသွားလာရေး အဆင်ပြေလာနိုင်မည်ဟု လမ်းအသုံးပြုသွားလာနေသူများက ပြောဆိုနေကြကြောင်း သိရသည်။

**(မောင်စေအောင်)**



ပြန်ကြားရေးဝန်ကြီးဌာန ၊ ပညာရေးဝန်ကြီးဌာန
နှင့်
မွန်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော
ကလေးစာပေပွဲတော်
ကလေးစာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ
မော်လမြိုင် တက္ကသိုလ် (ဘက်စုံခန်းမ)၊ တောင်ဝိုင်းရပ်၊ မော်လမြိုင်မြို့ မွန်ပြည်နယ်။
၂၀၁၇ ခုနှစ် ၊ မတ်လ (၂၅၊ ၂၆၊ ၂၇ )ရက် (စနေ၊ တနင်္ဂနွေ၊ တနင်္လာ)နံနက် (၉) နာရီမှ ညနေ (၅) နာရီအထိ
မည်သူမဆိုပါဝင်ဆင်နွှဲနိုင်ပါသည်။
Platinum Sponsor
Dumex Dugro
Dumex Aptamil SUPER GOLD Step-3 Step-4
Organized by
VII mix HeptaMix CREATIVE MARKETING SERVICES

## ဝန်ထမ်းများစွမ်းဆောင်ရည်မြှင့်တင်ရေး စီမံခန့်ခွဲရေးသင်တန်းဆင်း

**မော်လမြိုင် မတ် ၁၉**
မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၌ဖွင့်လှစ်သော ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး စီမံခန့်ခွဲရေးသင်တန်း(၂/၂၀၁၇) သင်တန်းဆင်းပွဲကို မတ် ၁၄ ရက်က ပြည်နယ်ကျေးလက်ရုံးအစည်းအဝေးခန်းမ၌ပြုလုပ်သည်။

အခမ်းအနားတွင် ပြည်နယ်ဦးစီးမှူး ဦးမျိုးကြည်က သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ၊ လိုက်နာရမည့် စည်းကမ်းများ၊ အမိန့်နှင့် တာဝန်ကျေပွန်အောင်ဆောင်ရွက်ရန်၊ ပြည်သူပိုင်ပစ္စည်းများကို အလွဲသုံးစားမရှိစေရန်၊ နိုင်ငံတော်လျှို့ဝှက်ဥပဒေများကို လိုက်နာကျင့်သုံးရန်စသည့် ဝန်ထမ်းများ လိုက်နာရမည့် ကျင့်ဝတ်၊ လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်၍ ရှင်းလင်းမှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၆ ဦး တက်ရောက်ကာ ငါးရက်ကြာဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

## လူထုဗဟိုပြုစီမံကိန်းထောက်ပံ့ငွေဖြင့် ကျေးရွာချင်းဆက်မြေသားလမ်းများ ဖောက်လုပ်

**ပင်လည်ဘူး မတ် ၁၉**
စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ်၌ ကျေးလက်နေပြည်သူများ သွားလာမှုအဆင်ပြေစေရေးနှင့် လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မြို့နယ်လူထုဗဟိုပြုစီမံကိန်း စီမံကိန်းတတိယနှစ် ထောက်ပံ့ငွေဖြင့် အင်းဂါးကျေးရွာနှင့် သိမ်ဇင်ကျေးရွာကြား၊ ဆားတောင်ပုံကျေးရွာနှင့်အင်းဂါးကျေးရွာကြား ကျေးရွာချင်းဆက်မြေသားလမ်းများ ဖောက်လုပ်လျက်ရှိကြောင်း သိရသည်။

အင်းဂါးကျေးရွာနှင့် သိမ်ဇင်ကျေးရွာကြား ကျေးရွာချင်းဆက်မြေသားလမ်းမှာ အကျယ် ၁၈ ပေ၊ အရှည် ပေ ၁၉၂၁၀ လူထုဗဟိုပြုစီမံကိန်းမှ ထောက်ပံ့ငွေကျပ် ၃၀၀၁၈၇၅၀၊ ဆားတောင်ပုံကျေးရွာနှင့် အင်းဂါးကျေးရွာကြား ကျေးရွာချင်းဆက်မြေသားလမ်းမှာ အကျယ် ၁၈ ပေ၊ အရှည် ပေ ၁၉၁၄၀ လူထုဗဟိုပြုစီမံကိန်းမှ ထောက်ပံ့ငွေကျပ် ၂၉၉၈၁၂၅၀ ဖြင့် မတ် ၁၈ ရက်တွင် စတင်ဆောင်ရွက်ကြောင်း သိရသည်။

**မျိုးလွင် (ပြန်/ဆက်)**

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော မတ် ၈ ရက်မှ မတ် ၁၃ ရက်အထိထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | ဆရာချမ်းဇော်ထက် | လျှပ်တစ်ပြက် အင်္ဂလိပ်စကားပြော | ၃၅၀၀ိ/- | ထိပ်တန်းစာပေ |
| ၂ | နေဘုန်းလတ် | ဘုန်းဦးမောင် | ၂၅၀၀ိ/- | ငါတို့စာပေ |
| ၃ | သျှင်ထွေးယဉ် | မေယုတောင်နွယ်ကြားမှာ သွေးချင်းမောင်မယ်များ | ၃၀၀၀ိ/- | |
| ၄ | ပြည်သစ်ဟန် | ကျည်ဆန်တစ်လှည့် ပန်းပွင့်တစ်လှည့် | ၂၀၀၀ိ/- | |
| ၅ | Dr.ငွေသိန်း | မြန်မာနိုင်ငံလွတ်လပ်ရေး ကြိုးပမ်းမှုနှင့် ဘဝလွတ်မြောက်ရေးသို့ | ၃၀၀၀ိ/- | |
| ၆ | မောင်သစ်လှိုင်း | လမ်းဘေးလိပ်ပြာ | ၂၀၀၀ိ/- | Global PiecGroup |
| ၇ | မောင်မောင်စိုး | မြောက်ပိုင်းစစ်ပွဲနှင့် မြန်မာနိုင်ငံငြိမ်းချမ်းရေး | ၂၀၀၀ိ/- | မူဝံ |
| ၈ | လွန်းထားထား | အနီရောင် ပုလဲတစ်ကုံး | ၂၅၀၀ိ/- | တံခွန်တိုင် |
| ၉ | ဦးသော်ဇင် | မြတ်စွာဘုရား၏ ဥဒါန်းစကားများ | ၂၀၀၀ိ/- | စိတ်ကူးချိုချို |
| ၁၀ | မင်းဒင် | ကိုယ့်ငါးချဉ် ကိုယ်ချဉ်သည့် လက်ရွေးစင် သရော်စာများ | ၄၅၀၀ိ/- | လွင်ဦး |
| ၁၁ | မင်းယုဝေ | အနော်ရထာနှင့် တို့ဘိုးဘွားများ | ၄၅၀၀ိ/- | စိတ်ကူးချိုချို |
| ၁၂ | ဆရာညွန့်ဝေမိုး | 10 eng ထိပ်တန်း E/Lများ | ၃၆၀၀ိ/- | |
| ၁၃ | အောင်စိုး | ဈေးကွက်လှုပ်ရှားလာသော ထောပတ်ပင်အား သိပ္ပံနည်းကျစိုက်ပျိုးထုတ်လုပ်ခြင်း | ၄၀၀၀ိ/- | |
| ၁၄ | သန်းစိုးအောင် | စမ်းရေစီးသံမြန်မာမှု ပုံပြင်များ | ၂၅၀၀ိ/- | မျိုးဆက်သစ်စာပေ |
| ၁၅ | ကြည်ဇော်အေး | လူငယ်တစ်ယောက်ရဲ့မှတ်စုများ | ၂၀၀၀ိ/- | နှစ်ကာလများ |
| ၁၆ | ချစ်ဦးညို | အဓိဋ္ဌာန ကုမာရ | ၃၀၀၀ိ/- | မူဝံစာပေ |
| ၁၇ | သူလှိုင်း | မြန်မာပြည်က လူမျောက် | ၂၅၀၀ိ/- | အနာဂတ်ကာလ |
| ၁၈ | ထွန်းမြင့်အောင် | ကလပ်စီကယ် ဂစ်တာတီးနည်း အတွဲ(၁) | ၅၀၀၀ိ/- | |
| ၁၉ | ကလောင်စုံ | ဟန်ကျပန်ကျ နေနည်း စုစည်းမှု (၂) | ၁၀၀၀ိ/- | ရန်အောင်စာပေ |
| ၂၀ | တာတီး | သီတဂူဆရာတော်၏ အဆိုအမိန့်နှင့် အတွေးအခေါ်များ(၂) | ၁၅၀၀ိ/- | |
| ၂၁ | Dr.စိန်မြင့် | တစ်နှစ်အတွင်း ငြိမ်းချမ်းရေးမှသည် (၁၉၄၈-၁၉၆၂) | ၃၅၀၀ိ/- | လွင်ဦး |
| ၂၂ | ဒီဒီ(ရွှေခြံသား) | မေတ္တာဘွဲ့၏ အနှိုင်းမဲ့အမေ | ၂၅၀၀ိ/- | ရွှေမေ |
| ၂၃ | နောင်ချိုသစ် | မော်ဒန်စာပေလှုပ်ရှားမှုများ | ၆၀၀၀ိ/- | MKS Publishing |
| ၂၄ | မောင်သာနိုး | ရှုမိရဲ့ကဗျာများ | ၃၀၀၀ိ/- | |
| ၂၅ | မြတ်သစ် | ဂိုထေ့ဘ်နှင့် စကားပြောခြင်း | ၂၀၀၀ိ/- | နှစ်ကာလများ |
| ၂၆ | ကလောင်စုံ | ဘေကျင်းမှာ ဆုံကြမယ် | ၅၅၀၀ိ/- | |
| ၂၇ | ကြည်အေး | မှန်၏မှောင်ရိပ် | ၃၀၀၀ိ/- | စိတ်ကူးချိုချို |
| ၂၈ | ထိန်လင်း | သမိုင်းမှတ်တမ်းစာမှတ်တမ်း | ၃၀၀၀ိ/- | ပန်းဆက်လမ်း |
| ၂၉ | ပါရဂူ | အလက်ဇန္ဒား | ၃၅၀၀ိ/- | စိတ်ကူးချိုချို |
| ၃၀ | ရန်လိုက္ခါ | ရေငတ်တုန်းရေထဲကျတဲ့ မြန်မာပြည်နှင့် သရော်စာများ | ၂၅၀၀ိ/- | |
| ၃၁ | Dr.ထွန်းဝင်း | အမေစုပြောကြားသောခေါင်းဆောင်မှုတရား | ၂၀၀၀ိ/- | သရဖီထွန်းဝင်း |
| ၃၂ | အေးထွန်းမင်း | ဘီလျှံဒေါ်လာစပိုင် | ၃၅၀၀ိ/- | The Book House |
| ၃၃ | ခန္ဓာ-ရှစ်ပါးတစ်ဦး | ဝိပဿနာနှင့် ဆိုင်ရာစာစုများ | ၃၅၀၀ိ/- | နန်းဒေဝီ |
| ၃၄ | ကလောင်စုံ | နှင်းယုကြည်လဲ့ညို၀တ္ထုတိုစု | ၂၅၀၀ိ/- | လင်းလွန်းခင်စာပေ |
| ၃၅ | လေ့လာသူတစ်ဦး | အခြေခံပန်းချီရေးနည်း | ၁၅၀၀ိ/- | စိတ်ကူးချိုချို |
| ၃၆ | Dr.ထွန်းဝင်း | HR တို့အတွက် ကိုယ်ရည်ကိုယ်သွေးစိတ်ပညာ | ၂၄၀၀ိ/- | သရဖီထွန်းဝင်း |
| ၃၇ | Quality အယ်ဒီတာအဖွဲ့ | ကျူးဘားလွတ်မြောက်ရေးရဲဘော် ချေဂွေဗားရား | ၃၀၀၀ိ/- | Quality |
| ၃၈ | ခင်ဝင်းမြင့် | တင်ဒါစနစ်ဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးရမည့်လုပ်ငန်းလမ်းညွှန်နှင့် သိကောင်းစရာများ | ၂၅၀၀ိ/- | ရှုတိုင်းယဉ် |
| ၃၉ | Quality အယ်ဒီတာအဖွဲ့ | အိန္ဒိယနိုင်ငံ၏လွတ်လပ်ရေးဖခင်ကြီး မဟတ္တမဂန္ဒီ | ၃၀၀၀ိ/- | Quality |
| ၄၀ | ဓမ္မာစရိယ ဦးအောင်ကျော်မိုး | မေတ္တာပွားပုံ နည်းမျိုးစုံ | ၂၀၀၀ိ/- | မဇ္ဈိမ |
| ၄၁ | ခင်ဝင်းမြင့် | ရှေးဟောင်းအဆောက်အအုံများကာကွယ် ထိန်းသိမ်းရေးဥပဒေ၂၀၁၅ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅၁ နှင့် ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးနည်းဥပဒေ | ၁၅၀၀ိ/- | ရှုတိုင်းယဉ် |
| ၄၂ | ဖြိုးကျော်မြင့် | သားငယ်သမီးငယ်တို့ လူရည်ချွန် လူရည်မွန်များဖြစ်စေရန် လမ်းညွှန် | ၁၅၀၀ိ/- | မဇ္ဈိမ |

# ဖရဲသီးများဖြင့် ဖုံးအုပ်သယ်ဆောင်လာသော ခန့်မှန်းတန်ဖိုး ငွေကျပ်သန်း ၃၅၀ ခန့်ရှိ ကျောက်စိမ်းရိုင်း နှစ်တုံး သိမ်းဆည်းရမိ



**မန္တလေး မတ် ၁၉**
မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ်(၁၉၅/၅) မိုင်အနီး အနောက်ဘက် ၂ မိုင်ခန့်အကွာ တောတွင်းတစ်နေရာတွင် မတ် ၁၈ ရက်က မသက်ဘွယ်ရာ မစ်ဆူဘီရှီဖူဆို ၁၂ ဘီးယာဉ်တစ်စီး ရပ်တန့်ထားသည်ကို စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် ဖရဲသီးများနှင့် ဖုံးအုပ်ကာ တင်ဆောင်ထားသည့် ခန့်မှန်းတန်ဖိုး ငွေကျပ်သန်း ၃၅၀ ခန့်ရှိ ကျောက်စိမ်းရိုင်းတုံး နှစ်တုံး ဖမ်းဆီးရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

မသက်ဘွယ်ရာ မစ်ဆူဘီရှီဖူဆို ၁၂ ဘီးယာဉ်တစ်စီး ရပ်တန့်ထားကြောင်း သတင်းရရှိသဖြင့် ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က သွားရောက်စစ်ဆေးခဲ့ခြင်းဖြစ်ပြီး ယာဉ်ပေါ်တွင် ဖရဲသီးများနှင့် ဖုံးအုပ်ထားသည့် ကျောက်စိမ်းရိုင်းတုံး နှစ်တုံး (7000 kg)ကို တွေ့ရှိ ဖမ်းဆီးခဲ့ကြောင်း သိရသည်။

တရားမဝင် ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့တွင် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိရာ မတ် ၁၈ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းတွင် တားဆီးမှု ခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၀ ဒသမ ၁၃ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတွင် တားဆီးမှု ခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃ ဒသမ ၃၇ သန်းခန့် ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ မတ် ၁၈ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှု ယာဉ်ပို့ကုန် ၆၆၄ စီး၊ သွင်းကုန်အစီး ၇၆၀၊ ရန်ကုန်-မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၁ စီး၊ သွင်းကုန် ၁၆၆ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိကြောင်း သိရသည်။

(ဝဝ၁)

# အပူရှိန်လွန်ကဲ၍ မီးလောင် နေအိမ် ရှစ်လုံး မီးသင့်

**မြစ်ကြီးနား မတ် ၁၉**
ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် မတ် ၁၈ ရက်က ရွှေညောင်ပင်ရပ်ကွက်အတွင်း နေအိမ်တစ်လုံးရှိ လျှပ်စစ်မီန်းခုံအပူရှိန်လွန်ကဲပြီး မီးလောင်မှုဖြစ်ပွားရာမှ နေအိမ် ရှစ်လုံး မီးကူးစက်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၁၈ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်က မြစ်ကြီးနားမြို့ ရွှေညောင်ပင်ရပ်ကွက် နယ်မြေ(၈)ရှိ အိမ်အမှတ်(၄၉၁)တွင် နေအိမ် အောက်ထပ်ရှိ လျှပ်စစ်မီန်းပလပ်ခုံမှအပူရှိန်လွန်ကဲကာ မီးစတင်လောင်ကျွမ်းခဲ့ရာ ပြည်နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယပြည်နယ်မီးသတ် ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စိုးသန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ နယ်မြေခံရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရန်မီးသတ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများက မီးငြှိမ်းသတ်ယာဉ် ခြောက်စီး၊ ရေသယ်ယာဉ် သုံးစီးတို့ဖြင့် ဝိုင်းဝန်းငြှိမ်းသတ်ရာ မွန်းလွဲ ၁၂ နာရီ ၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

မီးပေါ့ဆစွာ သုံးစွဲသူ ထုစံ(၂၆)နှစ်အား အမှုဖွင့်အရေးယူထားပြီး မီးလောင်မှုကြောင့် အိုးအိမ်မဲ့ဖြစ်သွားရသူများအား ကချင်ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးနေဝင်းက သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**သူရိန်စိုး(ကချင်မြေ)**



# ဇီးကုန်းမြို့တွင် ရေခဲသေတ္တာဆေ့ဖ်ကတ် အပူလွန်ကဲရာမှ မီးလောင်၊ နေအိမ် သုံးလုံး မီးလောင်ဆုံးရှုံး

**ဇီးကုန်း မတ် ၁၉**
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့ အမှတ်(၂)ရပ်ကွက် မင်းဘူးလမ်းတွင် မတ် ၁၈ ရက် ည ၁၀ နာရီ ၁၅ မိနစ်က ဦးမင်းသိန်း အိမ်တွင် ငှားရမ်းနေထိုင်သော ဦးကိုလင်း (၄၄)နှစ်၏ နေအိမ်က ရေခဲသေတ္တာ အသုံးပြုသော ဆေ့ဖ်ကတ် အပူရှိန်လွန်ကဲပြီး မီးလောင်ကျွမ်းရာ သွပ်မိုး အုတ်ကာအုတ်ခင်း နှစ်ထပ်အိမ် တစ်လုံး၊ သွပ်မိုး ပျဉ်ကာပျဉ်ခင်းအိမ် တစ်လုံး၊ အသေးစားချေးငွေဘဏ် သွပ်မိုး တစ်ခြမ်း မီးလောင်ဆုံးရှုံးခဲ့သည်။

မီးလောင်ရာသို့ မြို့နယ်မီးသတ်ဦးစီးဌာနမှ သန္နေတပ်ဖွဲ့ဝင် ၂၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦး၊ မီးငြှိမ်းသတ်ယာဉ် လေးစီး၊ ရေသယ်ယာဉ် တစ်စီး၊ နတ်တလင်းမြို့နယ်မှ မီးငြှိမ်းသတ်ယာဉ် တစ်စီး ဇီးကုန်းမြို့ ဆန်ကုန်သည်ကြီးများ အသင်းမှ မီးသတ်ယာဉ် တစ်စီး၊ ကြို့ပင်ကောက်မြို့မှ မီးသတ်ယာဉ် တစ်စီး စုစုပေါင်းမီးသတ်ယာဉ် ရှစ်စီး ဖြင့် ဝိုင်းဝန်းငြှိမ်းသတ်ရာ ည ၁၀ နာရီ ၄၀ မိနစ်တွင် မီးလုံးဝငြိမ်းသွားကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုအတွက် အိမ်ငှားနေထိုင်သူ ဦးကိုလင်းအား ဇီးကုန်းမြို့မရဲစခန်းက (ပ)၃၁၉/၂၀၁၇၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၈၅ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

(ဝ၇၁)

# သာဂရ-ကိုးပင်ရိုးမဖြတ်ကျော်လမ်းတွင် အုတ်တင်ယာဉ်တစ်စီးအရှိန်လွန်တိမ်းမှောက် တစ်ဦးသေဆုံး၊ လိုက်ပါလာသူများ ဒဏ်ရာရရှိ

**ရေတာရှည် မတ် ၁၉**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သာဂရ-ကိုးပင်ရိုးမဖြတ်ကျော်ကားလမ်း မိုင်တိုင်(၁၄/၇)နှင့် (၁၅/၀)အကြား ဇရဲပေါက်ကျေးရွာအဝင်တွင် မတ် ၁၉ ရက် နံနက် ၁၀ နာရီ ၂၀ မိနစ်အချိန်ခန့်က ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားကြောင်း သတင်းအရ ဆွာနယ်မြေရဲစခန်းမှ တာဝန်မှူး ရဲအုပ်မျိုးမင်းမြတ်နှင့်အဖွဲ့က သွားရောက် စစ်ဆေးခဲ့ရာ ရိုးမဖြတ်ကျော်ကားလမ်းအတိုင်း အရှေ့မှ အနောက်သို့ အုတ်ခဲများတင်ဆောင်၍ မင်းသူဝင်း(၂၇)နှစ် မြို့မြေ ရပ်ကွက် မြို့လှနေသူမောင်းနှင်ပြီး ယာဉ်ပေါ်တွင် ၉၄/--- ခြောက်ဘီး ဖောယာဉ်၏ ရှေ့ခေါင်းခန်း၌ ဦးမြင့်အောင် (၅၅)နှစ် မြို့မြေရပ်ကွက် မြို့လှမြို့နေသူ လိုက်ပါပြီး ယာဉ်နောက်ခန်းတွင် တစ်ရွာတည်းသားများဖြစ် ကြသည့် ထွန်းထွန်းထွေး(၂၉)နှစ်၊ လင်းထက်သော်(၁၄)နှစ်၊ ဟာမင်း(၃၁)နှစ်၊ မတုတ်(၄၃)နှစ် တို့လိုက်ပါလာသည့် ယာဉ်သည် ကုန်းဆင်းလမ်းတွင် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်သွားခဲ့ရာ လိုက်ပါလာသူများအနက် ဟာမင်း (၃၁)နှစ်သည် ရရှိသောဒဏ်ရာများဖြင့် နေရာ၌ သေဆုံးသွားခဲ့ပြီး ကျန်သူများအားလုံး ဒဏ်ရာများရရှိခဲ့သည်။ ဆွာနယ်မြေရဲစခန်းက ယာဉ်(ပ)၆/၂၀၁၇၊ ရာဇသတ်ကြီး ပုဒ်မ ၃၀၄-က/၃၃၇/၃၃၈ ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**ထားဝယ် မတ် ၁၉**
တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့မရဲစခန်းမှူး ဒုရဲမှူးကောင်းနိုင်နှင့်အဖွဲ့၊ ထားဝယ်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲမှူးသန်းဇော်ဦးနှင့်အဖွဲ့သည် မတ် ၁၈ ရက် မွန်းလွဲ ၂ နာရီခန့်က မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ ရေဖြူမြို့ ကျောက်ကညာကျေးရွာနေ ထွေးမင်းလတ်(ခ)ညီပု နေအိမ်သို့ ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် ထွေးမင်းလတ်(ခ)ညီပုအား မတွေ့ရှိဘဲ ၎င်း၏ဇနီးသာ တွေ့ရှိသဖြင့် နေအိမ်အနောက်ဘက်ရှိ ကြက်ခြံအား ပိတ်ဆို့ရှာဖွေခဲ့ရာ ကြက်ခြံစင်၏အပေါ် အနောက်ဘက်ခြမ်းထောင့်တွင် ထွေးမင်းလတ်(ခ)ညီပု ပါ ငါးဦး ဝိုင်းထိုင်ဖွဲ့၍ မူးယစ်ဆေးဝါးသုံးစွဲနေသည်ကို တွေ့ရှိခဲ့သည်။ ၎င်းတို့အနီးတွင် မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုဆက်စပ်ပစ္စည်းများ၊ WY စာတန်းပါစိတ်ကြွရူးသွပ်ဆေးပြား ၃၁ ပြား၊ ငွေကျပ် ၅၂၅၀၀၀၊ ဆင်းကတ်ပါလက်ကိုင်ဖုန်း ငါးလုံး၊ အရိုးအသွား ၂၀ ဒသမ ၅ လက်မ ဓားဦးချွန် တစ်ချောင်း၊ အရိုးအသွား ၁၈ ဒသမ ၅ လက်မ ဓားဦးချွန် တစ်ချောင်း၊ အရိုးအသွား ၁၂ ဒသမ ၇၈ လက်မ ဓားဦးချွန် တစ်ချောင်းတို့နှင့်အတူ ရှာဖွေတွေ့ရှိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ထွေးမင်းလတ်(ခ)ညီပု (၃၁)နှစ် ကျောက်ကညာကျေးရွာ(နေ)ပါ ငါးဦးအား ရေဖြူမြို့မရဲစခန်းက မယ(ပ)/၂/၂၀၁၇၊ မူး/စိတ် ပုဒ်မ-၁၅/၁၉(က)/၂၀/၂၂(ခ)ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ကျောက်မျက်ရတနာများ သိမ်းဆည်းရမိ

**ထားဝယ် မတ် ၁၉**
တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့နယ် မလွဲတောင်ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ထားဝယ်ခရိုင်ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီး အောင်ထွန်း ဦးဆောင်၍ ရဲအုပ်ခင်မောင်ချင်းနှင့်အဖွဲ့သည် သက်သေများနှင့်အတူ မတ် ၁၈ ရက် ညနေ ၃ နာရီတွင် ရေးမြို့မှ ထားဝယ်မြို့သို့ မောင်းနှင်လာသော ယာဉ်အမှတ် 6I/....... SUBARU LEGACY ယာဉ်ကို ရပ်တန့်စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် တင်မိုးလွင် မောင်းနှင်ပြီး အပြာရောင်ကပ်ခွာအိတ်ဖြင့် ထည့်ထားသော WY စာတန်းပါစိတ်ကြွရူးသွပ်ဆေးပြား ၃၇၀၅၀၊ ငွေကျပ် ၅၉၀၀၀၊ ဆင်းကတ်ပါ ဟန်းဖုန်း နှစ်လုံး၊ ကျောက်မျက်ပိုင်းဖြတ်စ ၂၇ ခု၊ ဦးတိပွားရုပ် ကျောက်စိမ်းပိုင်း တစ်ခု၊ မယ်တော်ရုပ်ပုံ ကျောက်မျက်ပိုင်း တစ်ခု၊ ငါးရုပ်ပုံ ကျောက်စိမ်းပိုင်း သုံးခု၊ ကနုတ်ပုံရုပ်ကျောက်စိမ်းပိုင်း နှစ်ခု၊ နဂါးရုပ်ပုံ ကျောက်စိမ်းပိုင်း တစ်ခု၊ အချောသွေးပြီးပုံစံ ငါးခုတို့ကို ရှာဖွေတွေ့ရှိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တင်မိုးလွင်(၃၅)နှစ် သခင်ဖိုးလှကြီးလမ်း (၄၃)ရပ်ကွက် ဒဂုံမြို့သစ်မြောက်ပိုင်း ရန်ကုန်မြို့နေသူအား ကလိန်အောင်နယ်မြေရဲစခန်းက မယ(ပ)၂/၂၀၁၇၊ မူးစိတ်ပုဒ်မ-၁၅/ ၁၉(က)/၂၁ ဖြင့်လည်းကောင်း၊ (ပ)၉/၂၀၁၇ ၊ မြန်မာ့ကျောက်မျက် ရတနာဥပဒေပုဒ်မ-၄၂(က)ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပိုင်ရှင်မဲ့သစ်စက်တစ်လုံး သိမ်းဆည်းရမိ

**မော်လူး မတ် ၁၉**
စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးရဲစခန်းပိုင်နယ် မော်လူးအဆိုပြုကြိုးဝိုင်းအတွင်းရှိ နားပုံတောဧရိယာ၌ ပိုင်ရှင်မဲ့တရားမဝင်သစ်စက်တစ်လုံး သိမ်းဆည်းရမိကြောင်း သိရသည် ။

ဖြစ်စဉ်မှာ မတ် ၁၈ ရက် နံနက် ၁၀ နာရီခန့်က မော်လူးနယ်မြေရဲစခန်းမှ ခေတ္တစခန်းမှူး ရဲအုပ်မင်းသိန်းထွန်း ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များ၊ မော်လူးသစ်တောဘိနယ်တာဝန်ခံ တောအုပ် ဝင်းလှိုင်မိုးပါဝင်သော အဖွဲ့များက သွားရောက်စစ်ဆေးခဲ့ရာ မော်လူးအဆိုပြုကြိုးဝိုင်းအတွင်းရှိ နားပုံတောဧရိယာတွင် ကျွန်းခွဲသားဆိုက်စုံ ၄၇ ချောင်း (သုည ဒသမ ၇၈၅၆ တန်)၊ ကျွန်းသစ်လုံး ၂၀ (၅ ဒသမ ၁၁၀ တန်)၊ ကျွန်းတိုင် သုံးလုံး (သုည ဒသမ ၅၃၈ တန်)၊ အခြားသစ် နှစ်လုံး (၁ ဒသမ ဝ၈၈ တန်)နှင့် ဆက်စပ်ပစ္စည်း ခြောက်မျိုးတို့ကို သိမ်းဆည်းရမိခဲ့သည်။ မော်လူးသစ်တောဘိနယ်မှ



သိမ်းဆည်းရမိသော ပစ္စည်းများကို သစ်တောဥပဒေအရ ထိန်းသိမ်းဆောင်ရွက်ထားကြောင်း သိရသည်။ (ဝ၅၈)

# အာဆင်နယ်တွင် ဆက်ရှိ၊ မရှိဆိုသည်ကို မကြာမီ ကြေညာသွားမည်ဟုဝင်းဂါးပြောကြား


## ဆန်းချက်ဇ်၏ ဒဏ်ရာပြင်းထန်

အာဆင်နယ်နည်းပြဝင်းဂါးက မကြာမီအချိန်အတွင်း အာဆင်နယ်တွင် ဆက်ရှိ၊ မရှိဆိုသည့် သူ၏အနာဂတ်အစီအစဉ်ကို ထုတ်ဖော်ကြေညာသွားမည်ဖြစ်ကြောင်း ပြောကြားလိုက်ပြီဖြစ်သည်။ အာဆင်နယ်အသင်းသည် ဝက်စ်ဘရွန်းအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အရေးနိမ့်ခဲ့သည့် ပွဲစဉ်အပြီးတွင် ဝင်းဂါးက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

အာဆင်နယ်အသင်းသည် နောက်ဆုံးကစားခဲ့သည့် လိဂ်ပွဲငါးပွဲတွင်လေးပွဲအထိ ရှုံးပွဲကြုံတွေ့ခဲ့ရပြီး အမှတ်ပေးဇယားစတုတ္ထနေရာရှိ လီဗာပူးအသင်းနှင့်ပင် ငါးမှတ်အထိ ကွာဟသွားပြီဖြစ်ရာအာဆင်နယ်အသင်းကို ဝင်းဂါးတာဝန်ယူခဲ့သည့် ၁၉၉၆ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ချန်ပီယံလိဂ် ဝင်ခွင့် လွဲချော်နိုင်သည့် အခြေအနေကို ရင်ဆိုင်နေရပြီဖြစ်သည်။

ဝင်းဂါးက“ ကျွန်တော် ဘာလုပ်ရမလဲဆိုတာ ကျွန်တော်ကောင်းကောင်းသိပါတယ်။ ဒါကြောင့် ဒီအကြောင်းကို ခင်ဗျားတို့လည်း မကြာခင်သိရပါလိမ့်မယ်” ဟု သူ၏ အနာဂတ်ကိစ္စရပ်နှင့် ပတ်သက်၍ ဖြေကြားခဲ့သည်။ ထို့ပြင် ဝင်းဂါးက သူ၏ အနာဂတ်ကိစ္စရပ်ထက် အာဆင်နယ်ကို ကိုင်တွယ်ခဲ့သည့် နှစ်၂၀အတွင်း ရှုံးပွဲဆက်နေသည့် အခြေအနေကသာ သူ့အတွက်ပို၍ အရေးကြီးနေသည်ဟု ပြောကြားခဲ့ရာ ဝင်းဂါး၏ ဆုံးဖြတ်ချက်နှင့် ရလဒ်ပိုင်းတိုက်ရိုက်အချိုးကျနိုင်သည့်အတွက် ဝင်းဂါးနှင့် အာဆင်နယ် လမ်းခွဲချိန်ကို ကြေညာရန် ရှိနေသည်ဟူသော ခန့်မှန်းချက်များ ထွက်လာခြင်းဖြစ်သည်။

ဝင်းဂါး၏ လက်ရှိစာချုပ်မှာ ယခုနှစ်ရာသီကုန်တွင် သက်တမ်းကုန်ဆုံးတော့မည်ဖြစ်ပြီး အာဆင်နယ်တာဝန်ရှိသူများက သူ့ကို နှစ်နှစ် သက်တမ်းတိုးစာချုပ်ကမ်းလှမ်းထားသည်။ အစောပိုင်းက အဆိုပါ ကမ်းလှမ်းမှုကို နှုတ်အားဖြင့် သဘောတူထားပြီးဖြစ်သော်လည်း ဝက်စ်ဘရွန်းနှင့် ပွဲမကစားမီနှင့် ကစားပြီးချိန် ပရိသတ်များ၏ ဆိုးရွားသည့် ဆန့်ကျင်မှုများကြောင့် ဝင်းဂါး၏ ဆုံးဖြတ်ချက်ပြောင်းလဲသွားဖွယ်ရှိနေသည်။ အာဆင်နယ်ပရိသတ်များ၊ မီဒီယာများက ဝင်းဂါးကို ပြင်းထန်သည့် ဆန့်ကျင်မှုများ ဖော်ပြနေချိန်တွင် ကစားသမားများ၏ လျော့ရဲလွန်းသည့် ကစားပုံက ဝင်းဂါးနှင့် အာဆင်နယ်အနာဂတ်ကုန်ဆုံးရေးကို ဦးတည်အောင်ဖန်တီးနေသည်ဟု ဘီဘီစီ သတင်းဌာနက သုံးသပ်ဖော်ပြသည်။



ဒဏ်ရာရရှိသော ဆန်းချက်ဇ်(ယာ)ကို နှုတ်ဆက်နေသည့် အာဆင်နယ်နည်းပြ အာစင်ဝင်းဂါး(ဝဲ)။

တိုက်စစ်မှူး အလက်ဆစ်ဆန်းချက်ဇ်၏ ညာဘက်ခြေချင်းဝတ် ဒဏ်ရာမှာ ထိတ်လန့်ဖွယ်ကောင်းလောက်အောင်ပြင်းထန်ပြီး အရွတ်ကြောစုတ်ပြဲခြင်းဖြစ်နိုင်ကြောင်း နည်းပြ ဝင်းဂါးက ဆိုခဲ့သည်။ ဆန်းချက်ဇ်မှာ ဝက်စ်ဘရွန်းကို အရေးနိမ့်ခဲ့သည့် ပွဲစဉ်ပထမပိုင်း ပွဲကစားချိန်အတွင်း ဂျိမ်းစ်မက်ကလင်း၏ ပြင်းထန်သည့် ဖျက်ထုတ်မှုကြောင့် ဒဏ်ရာရရှိသွားခဲ့ခြင်းဖြစ်သော်လည်း ဒုတိယပိုင်းအထိ ဆက်လက်ကစားခဲ့သည်။

ဝင်းဂါးက“ သူ့ကို ဒုတိယပိုင်းအထိ ဆက်လက်ကစားခိုင်းဖို့ မသင့်ပါဘူး။ ဒါပေမယ့်သူက ဆက်ကစားချင်နေခဲ့တယ်။ နောက်ဆုံးတော့လည်း ကျွန်တော်တို့ သူ့ကို လူစားလဲကစားလိုက်ရတာပါပဲ” ဟု ပြောကြားခဲ့သည်။ ဆန်းချက်ဇ်မှာ ချီလီအသင်း၏ ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်များအတွက် ရွေးချယ်ခံထားရသော်လည်း လက်ရှိအခြေအနေအရ ဝင်ရောက်ကစားနိုင်ရန် အလားအလာနည်းသွားပြီဖြစ်သည်။ ဝင်းဂါးက ဆန်းချက်ဇ်အနေဖြင့် ချီလီအသင်းအတွက် ဝင်ရောက်ကစားဦးမည်လားဆိုသည့် မေးခွန်းအတွက်မူ အရွတ်ကြောစုတ်ပြဲဒဏ်ရာဆိုလျှင် ဝင်ရောက်ကစားနိုင်မည်မဟုတ်သော်လည်း ဒဏ်ရာမှာ ထင်သလောက်မပြင်းထန်လျှင် ကစားပေးလိမ့်မည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့သည်။

# လူကာကူအတွက် ပေါင်သန်း ၇၀ အသုံးပြုရန် ချယ်လ်ဆီးဆန္ဒမရှိ

ချယ်လ်ဆီးအသင်းဟာ အဲဗာတန်အသင်းရဲ့ စာချုပ်သစ်ကမ်းလှမ်းမှုကို ငြင်းပယ်ထားတဲ့ တိုက်စစ်မှူးလူကာကူအတွက် ပေါင်သန်း၇၀လောက် အသုံးပြုဖို့ ဆန္ဒမရှိတာကြောင့် မန်ယူအသင်းကသာ လူကာကူရရှိရေးပြိုင်ပွဲမှာ ရှေ့ဆုံးက ဦးဆောင်နေပြီဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းက ၂၀၁၄ ခုနှစ်တုန်းကမှ ပေါင်၂၈သန်းနဲ့ ရောင်းချခဲ့တဲ့ ဒီကစားသမားကို ပြီးခဲ့တဲ့နွေရာသီအပြောင်းအရွှေ့ကွက်အတွင်း ပေါင် ၅၆ သန်းနဲ့ ခေါ်ယူဖို့ ကြိုးစားခဲ့ပေမယ့် မအောင်မမြင်ဖြစ်ခဲ့တာပါ။ အဲဗာတန်အသင်းကတော့ သူတို့တိုက်စစ်မှူးဟာ ပေါင် ၇၅ သန်းလောက် တန်ကြေးရှိတဲ့ ကစားသမားဖြစ်တယ်လို့ ယုံကြည်ထားပြီး ဂျူဗင်တပ်နဲ့ ပီအက်စ်ဂျီအသင်းတို့ကလည်း ဒီတိုက်စစ်မှူးအပေါ် စိတ်ဝင်စားမှုပြသခဲ့ကြပါတယ်။ ဒါပေမယ့် အခြားဥရောပအသင်းကြီးတွေက လူကာကူအတွက် ပေါင်သန်း ၆၀အထက် သုံးစွဲဖို့လက်တွန့်နေတာကြောင့် မန်ယူလိုငွေသုံးကြမ်းတဲ့ အသင်းကိုသာ ရောက်လာနိုင်ဖို့ပိုပြီး အလားအလာများသွားတာဖြစ်ပါတယ်။

လူကာကူဟာ ယခုနှစ်ဘောလုံးရာသီမှာ အဲဗာတန်အတွက် ခြေစွမ်းကောင်းတစ်ရပ်ပြသထားနိုင်ပြီး ပရီမီယာလိဂ်သွင်းဂိုး ၂၁ဂိုးအထိ သွင်းယူပေးထားနိုင်သူဖြစ်ပါတယ်။ ချယ်ဆီးနည်းပြ ကွန်တီက တိုက်စစ်မှူးလူကာကူကို ခေါ်ယူချင်ပေမယ့် ပေါင်သန်း၇၀လောက်အထိတော့ ပေးချေဖို့ မလိုလားဘူးလို့ သိရပါတယ်။ ဒါပေမယ့် ချယ်လ်ဆီးတိုက်စစ်မှူး ကော်စတာဟာ လာမယ့်နွေမှာ တရုတ်စူပါလိဂ်ကို ထွက်ခွာဖို့ ရှိနေတဲ့အတွက် ချယ်လ်ဆီးဟာ တိုက်စစ်ပိုင်းကို ဦးဆောင်နိုင်မယ့် ထိပ်တန်းတိုက်စစ်မှူးတစ်ဦး မဖြစ်မနေခေါ်ယူရမှာတော့ သေချာပါတယ်။ ချယ်လ်ဆီးဟာ လူကာကူအပြင် ရီးယဲလ်တိုက်စစ်မှူး မိုရာတာကိုလည်း ခေါ်ယူဖို့ ချိတ်ဆက်နေပြီး တိုက်စစ်ပိုင်းမှာ ပက်ဒရို၊ အလွန်ဆိုတို့လည်း ရှိနေပြီးသား ဖြစ်ပါတယ်။

မန်ယူအသင်းကတော့ လူကာကူ၊ ဂရစ်ဇ်မန်းတို့နှစ်ဦးကို ချိတ်ဆက်နေပြီး ဂရစ်ဇ်မန်းကို ခေါ်လို့ရရင်တော့ လူကာကူရောက်လာဖို့ မရှိပါဘူး။ ဒါပေမယ့် ဂရစ်ဇ်မန်းက အက်သလက်တီကိုကနေ ထွက်ခွာစရာ အကြောင်းမရှိဘူးလို့ ပြီးခဲ့တဲ့ရက်ပိုင်းက ထုတ်ဖော်ပြောကြားခဲ့တာကြောင့် မန်ယူဟာ လူကာကူအပေါ် ပိုအာရုံစိုက်လာတာဖြစ်ပါတယ်။ လူကာကူဘက်ကလည်း အဲဗာတန်က သူ့အတွက် ဈေးကြီးကြီးခေါ်ထားချိန်မှာ ချန်ပီယံလိဂ်ဝင်ခွင့်ရ အသင်းကိုသာ ပြောင်းရွှေ့ဖို့ မျှော်လင့်နေတာဖြစ်ပါတယ်။ မန်ယူအသင်းဟာ လက်ရှိမှာ ပရီမီယာလိဂ်အမှတ်ပေးဇယား အဆင့်(၇)နေရာအထိ ရောက်ရှိနေတာကြောင့် ဘာတွေဆက်ဖြစ်လာမလဲဆိုတာလည်း စိတ်ဝင်စားဖို့ကောင်းပါတယ်။



ဥရောပအသင်းကြီးများက အလိုရှိနေသောအဲဗာတန်တိုက်စစ်မှူး လူကာကူ။

# အက်သလက်တီကိုအသင်းကို ချန်ပီယံလိဂ်မှ ထွက်ခွာစေရန် လက်စတာတွင်အစွမ်းအစရှိဟု အွန်နရီယုံကြည်

ပရီမီယာလိဂ်ကလပ် လက်စတာစီးတီးအသင်းသည် ဥရောပအတွေ့အကြုံရင့် ဆီဗီလာကိုပင် ချန်ပီယံလိဂ်ပြိုင်ပွဲမှ ထွက်ခွာစေခဲ့ပြီဖြစ်ရာ အက်သလက်တီကိုအသင်းကိုလည်း အလားတူ အခြေအနေမျိုး ထပ်မံ ကြုံတွေ့စေရန် လက်စတာအသင်း စွမ်းဆောင်ပြနိုင်သည်ဟု အွန်နရီက သူ၏အယူအဆကို ထုတ်ဖော်ပြောကြားခဲ့သည်။ လက်စတာအသင်းသည် ပရီမီယာလိဂ် ချန်ပီယံအသင်းဖြစ်သလို ကစားသမားကောင်းများလည်းရှိသည့်အတွက် ဥရောပအသင်းကြီးများကိုပင် မထင်မှတ်ထားသည်များ လုပ်ဆောင်ပြနိုင်စွမ်း ရှိနေသည်ဟု အွန်နရီက သုံးသပ်ခဲ့သည်။ အွန်နရီက သူ၏ ကလပ်အသင်းဟောင်း မိုနာကိုမှာလည်း ဒေါ့မွန်အသင်းကို အနိုင်ယူနိုင်သည်ဟု ဒေါ့မွန်အသင်းကိုလည်း သတိပေးစကားဆိုလိုက်သည်။




အက်သလက်တီကိုတိုက်စစ်မှူး ဂရစ်ဇ်မန်း(ဝဲ)၊ အွန်နရီ(လယ်)နှင့် လက်စတာတိုက်စစ်မှူး ဂျေမီဗာဒီ(ယာ)။

အွန်နရီက မိုနာကိုအနေဖြင့် မန်စီးတီးကို အနိုင်ကစားနိုင်သည်ကို လူအများစုက အံ့အားသင့်ကြသော်လည်း အသင်းတိုင်းကို သတိထားယှဉ်ပြိုင်ခြင်းကသာလျှင် ချန်ပီယံလိဂ်ပြိုင်ပွဲ၏ အနှစ်သာရဖြစ်သည်ဟုဆိုခဲ့ပြီး ၁၉၉၈ ခုနှစ်က မန်ယူနှင့် မိုနာကို၊ ၂၀၀၆ခုနှစ်က ရီးယဲလ်မက်ဒရစ်နှင့် အာဆင်နယ်တို့၏အဖြစ်ကိုကြည့်လျှင် သိနိုင်မည်ဖြစ်ကြောင်းလည်း ဥပမာပေးရှင်းလင်းပြောကြားလိုက်သည်။

# မန်ယူ၏ လစာအများဆုံး ကစားသမားဖြစ်ခွင့်ရလျှင် စာချုပ်သစ်ကို အီဗရာဟီမိုဗစ် လက်မှတ်ရေးထိုးမည်

မန်ယူတိုက်စစ်မှူး အီဗရာဟီမိုဗစ်က မန်ယူအသင်း၏ တစ်နှစ်စာချုပ်သစ် ကမ်းလှမ်းမှုကို လတ်တလောတွင် လက်မှတ်ရေးထိုးခြင်းမရှိသေးသော်လည်း ရွှန်းနီနှင့် ပေါလ်ပေါ့ဘာတို့ကဲ့သို့ တစ်ပတ်လုပ်ခ ပေါင်၃၀၀၀၀၀ရရှိလျှင် မန်ယူအသင်း၏ စာချုပ်သစ်ကို လက်မှတ်ရေးထိုးလိမ့်မည်ဖြစ်ကြောင်း The Sun သတင်းဌာန၏ ဖော်ပြချက်အရ သိရသည်။

အီဗရာဟီမိုဗစ်၏ လက်ရှိ စာချုပ်သက်တမ်းမှာ နှစ်လသာ ကျန်ရှိတော့ပြီး မန်ယူအသင်းက စာချုပ်တစ်နှစ်သက်တမ်းတိုးရန် ကမ်းလှမ်းထားခြင်းဖြစ်သည်။ မိုဗစ်ကသူ၏ အနာဂတ်ကိစ္စရပ်ကို ရာသီကုန်မှသာ စဉ်းစားမည်ဟု ပြောကြားထားသော်လည်း တကယ်တမ်းတွင် မန်ယူအသင်း၏ လုပ်ခလစာ အများဆုံးကစားသမားဖြစ်လိုခြင်းက မိုဗစ်၏ ဆန္ဒအမှန်ဖြစ်ကြောင်း အဆိုပါသတင်းရင်းမြစ်ကပင် ဆက်လက်ဖော်ပြသည်။ မိုဗစ်သည် လက်ရှိတွင် တစ်ပတ်လုပ်ခပေါင်၂၆၀၀၀၀ ရရှိနေပြီး သူ၏ အေးဂျင့်ဖြစ်သူ ရှိုင်လိုလာက မိုဗစ်ကို စူပါလိဂ်နှင့် မေဂျာလိဂ်ကလပ်အသင်းများမှ မြောက်မြားစွာသော လုပ်ခလစာဖြင့် ကမ်းလှမ်းမှုကို လက်ခံရရှိထားသည်ဟု ပြောကြားခဲ့သည်။

မိုဗစ်မှာ ယခုနှစ်ဘောလုံးရာသီတွင် မန်ယူအသင်းအတွက် ဂိုးအများဆုံးသွင်းယူထားသည့် ကစားသမားဖြစ်ပြီး ပြိုင်ပွဲစုံတွင် သွင်းဂိုး၂၆ဂိုးအထိ သွင်းယူပေးထားနိုင်သည်။ လက်ရှိတွင် ဘုန်းမောက်နောက်ခံလူ တိုင်ရိုနီမင်းစ်အား တံတောင်ဖြင့် တွတ်ခဲ့သည့်အတွက် သုံးပွဲပယ်ပြစ်ဒဏ်ကျခံထားရပြီး နောက်လာမည့် ရက်သတ္တနှစ်ပတ်မှသာ မန်ယူအသင်းအတွက် ပြန်လည်ဝင်ရောက်ကစားပေးနိုင်မည်ဖြစ်သည်။ မန်ယူနည်းပြမော်ရင်ဟိုက မိုဗစ်မှာ မန်ယူအသင်းအတွက် အရေးကြီးသည့်ကစားသမားဖြစ်ခြင်းကြောင့် မိုဗစ်မန်ယူတွင် ဆက်ရှိရန်ဆန္ဒရှိသော်လည်း မည်သည့်ကစားသမားကိုမျှ လက်မှတ်ရေးထိုးရန်တောင်းဆိုမည်မဟုတ်ကြောင်း ပြောကြားခဲ့ပြီးဖြစ်သည်။

# အာဆင်နယ်နှင့် အက်ဖ်အေဖလားအကြိုဗိုလ်လုပွဲစဉ်တွင် မန်စီးတီးတိုက်စစ်မှူး ဂျီးဆပ်ဇ်ပါဝင်လာဖွယ်ရှိ

မန်စီးတီး တိုက်စစ်မှူး ဂါဘရီယယ်ဂျီးဆပ်ဇ်သည် မျှော်မှန်းအချိန်ထက်စော၍ အာဆင်နယ်အသင်းနှင့် ကစားမည့် အက်ဖ်အေဖလားအကြိုဗိုလ်လုပွဲစဉ်အမီ ပြန်လည်ပါဝင်လာနိုင်ရန် ရှိနေပြီဖြစ်ကြောင်း သိရသည်။ ဖေဖော်ဝါရီ ၁၃ ရက် ဘုန်းမောက်အသင်းနှင့် ကစားခဲ့သည့် ပွဲစဉ်တွင် ခြေချောင်းရိုးကျိုးသွားခဲ့သည့်အတွက် အနည်းဆုံး ၁၀ပတ်ခန့်အနားယူရမည်ဟု ခန့်မှန်းခံခဲ့ရသော်လည်း မျှော်မှန်းကာလထက်စောစီးစွာ ပြန်လည်ကစားနိုင်ရန် ရှိနေခြင်းဖြစ်သည်။

အသက်(၁၉)နှစ်အရွယ် ဂျီးဆပ်ဇ်က ဘရာဇီးရှိသူ၏သူငယ်ချင်းများကို ခြောက်ပတ်လောက်သာ အနားယူရမည်ဟု ပြောကြားခဲ့ရာ ယင်းအချိန်အတိုင်းသာဆိုလျှင် ဧပြီ ၂၃ ရက် ဝင်ဘလေကွင်း၌ ယှဉ်ပြိုင်ရမည့် အာဆင်နယ်အသင်းနှင့် အက်ဖ်အေဖလားအကြိုဗိုလ်လုပွဲစဉ်ကို ဝင်ရောက်ကစားနိုင်မည်ဖြစ်သည်။ ဂျီးဆပ်ဇ်သည် ပြီးခဲ့သည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလအတွင်း ဘရာဇီးကလပ် ပါမီးယက်စ်အသင်းမှ မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ကြေးပေါင်၂၇သန်းဖြင့် ပြောင်းရွှေ့လာခဲ့ပြီးနောက် ငါးပွဲဝင်ရောက်ကစားပြီး သွင်းဂိုးသုံးဂိုးအထိ သွင်းယူနိုင်ခဲ့သည်။

မေလွဲ့သင်း-စုစည်းသည်

## ဆရာစံမြောက်/အရှေ့ အေးစေတီကွန်ကရစ်လမ်းဖွင့်

**ဇဟန်း မတ် ၁၉**

ရန်ကုန်အနောက်ပိုင်းခရိုင် ဇဟန်းမြို့နယ် ဆရာစံမြောက်/အရှေ့ ရပ်ကွက် အေးစေတီလမ်းအား ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေ ကျပ်သိန်း ၅၀ နှင့် အေးစေတီလမ်း မိသားစုများမှ ထည့်ဝင်လှူဒါန်းငွေကျပ် ၂၀၅၅၀၀၀ ဖြင့် ကွန်ကရစ်လမ်းအရှည် ပေ ၅၅၀၊ အကျယ် ၁၂ ပေနှင့် ဒုခြောက်လက်မ လမ်းခင်းဆောင်ရွက်ပြီးဖြစ်သဖြင့် မတ် ၁၉ ရက် နံနက်က တိုင်းဒေသကြီးလွှတ်တော် ဇဟန်းမြို့နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြတ်ကျော်နှင့် ဦးသောင်းထွန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသက်တင်၊ ရပ်မိရပ်ဖ ဦးအောင်မျိုးဝင်း(ခ) ဦးဆံရှည်၊ လမ်းသာယာရေးဥက္ကဋ္ဌ ဦးသန်းနိုင်နှင့်အဖွဲ့ဝင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

"ဆရာစံ မြောက်/အရှေ့ရပ်ကွက်မှာ လမ်းပေါင်း ၁၃ လမ်းရှိပြီး ဒီလမ်းအပါအဝင် အားလုံးကွန်ကရစ်လမ်းတွေ ဖြစ်ကုန်ပါပြီ။ မိဘပြည်သူတွေအနေနဲ့ မိမိတို့ရဲ့လမ်းကို မပျက်စီးအောင် အမြဲထိန်းသိမ်းစောင့်ရှောက်ဖို့လိုအပ်ပါတယ်" ဟု လွှတ်တော်ကိုယ်စားလှယ်များနှင့် ဦးအောင်မျိုးဝင်း (ခ) ဦးဆံရှည်တို့က ပြောကြားသည်။

**မောင်မောင်**

## ဆွာချောင်းဆည်ရေသောက်စနစ်ဖြင့် နွေစပါးစိုက်ပျိုး

**ရေတာရှည် မတ် ၁၉**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာချောင်းရေလှောင်တမံ ရေသောက်စနစ်ဖြင့် ဇန်နဝါရီလပထမအပတ်မှစတင်၍ နွေစပါးများ စတင်စိုက်ပျိုးခဲ့ရာ လက်ရှိအချိန်ထိ ၂၁၃၈၂ ဧက စိုက်ပျိုးပြီးစီးသွားပြီဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိက ပြောကြားသည်။

ယခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် ရေပေးဝေသည့် မြောင်းမကြီးများ၊ လက်ခွဲမြောင်းများ၊ ရေတံခါးများအား စနစ်တကျပြုပြင်ဆောင်ရွက်ခဲ့ရာ မူလလျာထားချက်ထက် ဧက ၅၀၀ ကျော်တိုးမြှင့်စိုက်ပျိုးနိုင်ခဲ့၍ အဆင်ပြေလျက်ရှိကြောင်း တောင်သူများက ပြောသည်။

"ကျွန်တော်တို့ဘက်ကို ဘယ်တုန်းကမှ ရေမရောက်ခဲ့တာ အခုနှစ်ကျမှ ရေဝင်လာလို့ တောင်သူတွေအားလုံး နွေစပါးစိုက်ပျိုးနိုင်ကြတာ ဝမ်းသာစရာကောင်းပါတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

ရေတာရှည်မြို့နယ်တွင် ချောင်းမကြီးဆည်ရေဖြင့် ၄၃၈ ဧက၊ အင်ဒိုင်းမြစ်ရေတင်စနစ်ဖြင့် ၂၃၆ ဧက၊ ဆွာချောင်းဆည်ရေသောက်စနစ်ဖြင့် ၂၁၃၈၂ ဧကဖြစ်ကြောင်း မြို့နယ်တွင်အတည်ပြုသည့် စာရင်းများအရ သိရသည်။

**ကိုလွင်(ဆွာ)**

## ရေနုတ်မြောင်းအတွင်းပိတ်ဆို့နေမှုများ ဆယ်ယူရှင်းလင်း

**မရမ်းကုန်း မတ် ၁၉**

မြို့ပြဖွံ့ဖြိုးလာမှုနှင့်အတူ အထပ်မြင့်အဆောက်အအုံများ၊ ကန်ထရိုက်တိုက်များ ယခင်ထက် များပြားလာသဖြင့် ဆောက်လုပ်ရေးလုပ်ငန်းသုံး အုတ်၊ သဲ၊ ကျောက်စရစ်များကို ရေနုတ်မြောင်းအတွင်း စုပုံထားခြင်း၊ စွန့်ပစ်ခြင်းနှင့် အမှိုက်များ စည်းကမ်းမဲ့ စွန့်ပစ်ခြင်းတို့ကြောင့် ရေနုတ်မြောင်းအချို့ ပိတ်ဆို့မှုဖြစ်ပေါ်နေသဖြင့် စည်ပင်သာယာမှ မကြာခဏ ဆယ်ယူပေးလျက်ရှိရာ မတ် ၁၈ ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် အမှတ် (၁) ရပ်ကွက်တွင် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးအေးသောင်း၏ ကြီးကြပ်မှုဖြင့် ပိတ်ဆို့အမှိုက်၊ နုန်း၊ သဲများအား ဆယ်ယူပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအဖြစ် သွေးလွန်တုပ်ကွေးရောဂါနှင့် ဇီကာဗိုင်းရပ်စ်ရောဂါများ မဖြစ်ပွားစေရေးအတွက် စည်ပင်သာယာကျန်းမာရေးဌာနမှ အဘိတ်ဆေးများ တစ်အိမ်တက်ဆင်း ခတ်ပေးနေမှုတို့ကို မြင်တွေ့ရသည်။

ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်း ဆောင်ရွက်ရာတွင် သန့်ရှင်းရေးဌာနမှ မြောင်းရှင်းလုပ်သားများ၊ လမ်းတံတားဌာနမှ လုပ်သားများ၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ လုပ်သားများက သမိုင်း(၈)လမ်း၊ (၆) လမ်းနှင့် (၂) လမ်းသွယ် (၁)လမ်းရှိ ရေနုတ်မြောင်းအတွင်း ပိတ်ဆို့အမှိုက်၊ နုန်း၊ သဲများကို ဆယ်ယူရှင်းလင်းပေးကြပြီး စည်ပင်သာယာကျန်းမာရေးဌာနမှ မြို့နယ်ကျန်းမာရေးအရာရှိ ဒေါက်တာဟိန်းထက်ဇော်နှင့်ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ပူးပေါင်း၍ အိမ်ခြေ ၁၁၄ လုံးကို တစ်အိမ်တက်ဆင်း အဘိတ်ဆေးများ ခတ်ပေးခဲ့ကြောင်း သိရသည်။

**(မောင်သုည)**

## မဲရုံမှူး/ဒုမဲရုံမှူးများသင်တန်းဖွင့်လှစ်

**အလုံ မတ် ၁၉**

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် အလုံမြို့နယ် ဌာနာရပ်ကွက် နှင်းဆီလမ်းရှိ အလုံမြို့နယ်ခန်းမ၌ အလုံမြို့နယ်ကော်မရှင်အဖွဲ့ခွဲမှ ကြီးမှူး၍ ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် မဲရုံမှူး/ဒုတိယမဲရုံမှူးများအတွက် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုသင်တန်းကို မတ် ၁၈ ရက် နံနက် ၈ နာရီက ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးလှဝင်းက အဖွင့်အမှာစကားပြောကြားသည်။ သင်တန်းသို့ မဲရုံမှူး/ဒုတိယမဲရုံမှူး သင်တန်းသားစုစုပေါင်း ၆၄ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ အလုံမြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးလှဝင်းနှင့်အဖွဲ့ဝင်များ၊ အလုံမြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးသန့်စင်နှင့်တာဝန်ရှိသူများ၊ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မဲရုံမှူး/ ဒုမဲရုံမှူးများ တက်ရောက်ကြောင်းသိရသည်။

**တင်မောင်ဦး (အလုံ)**

## မိတ္ထီလာတွင် သိမ်ကိုးသိမ် လှည့်လည်ပူဇော်ပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ

**မိတ္ထီလာ မတ် ၁၉**



မိတ္ထီလာတွင် အနော်ရထာမင်းကြီး တောင်းပန်လျှောက်ထားမှုကြောင့် အရှင်အရဟံမြတ် အမျှုပြုသည့် ရဟန္တာမထေရ်မြတ်များ တစ်ချိန်တည်း တစ်ပြိုင်တည်း သိမ်သမုတ်တော်မူသည့် သိမ် ကိုးသိမ် လှည့်လည်ပူဇော်ပွဲကို မတ် ၁၈ ရက် နံနက် ၇ နာရီက စည်ကားသိုက်မြိုက်စွာ ကျင်းပကြောင်းသိရသည်။

သိမ် ကိုးသိမ် လှည့်လည်ပူဇော်ပွဲ ကျင်းပရေးအလှည့်ကျကော်မတီဥက္ကဋ္ဌ ဦးကျော်ဇေယျက "သိမ်ကိုးသိမ် လှည့်လည်ပူဇော်ပွဲကို နှစ်စဉ်နှစ်တိုင်း တပေါင်းလပြည့်နေ့မှာ စည်ကားသိုက်မြိုက်စွာ ကျင်းပလာတာ ဒီနှစ်ဆို ခြောက်ကြိမ်မြောက် ရှိပါပြီ။ ဒီနှစ် အကြောင်းကြောင်းကြောင့် တပေါင်းလပြည့်နေ့မှာ မကျင်းပဖြစ်ပေမယ့် နောက်နှစ်တွေမှာ တပေါင်းလပြည့်နေ့တွေမှာပဲ ကျင်းပနိုင်ဖို့ ဆောင်ရွက်သွားမှာပါ။

ဒီနှစ် သိမ် ကိုးသိမ် လိုက်ပါလှည့်လည်ပူဇော်တဲ့ မော်တော်ယာဉ်တန်း (၁)က ဘုရားဖူးဧည့်သည်တွေကို နေ့လယ်စာ ထမင်းကျွေးမွေးဖို့ ညောင်ကုန်းကျေးရွာအနီးက ကလိန်ခြေသိမ်မှာ ရွှေမိုး ပဲကြော်ပဲလှော် မိသားစု၊ မော်တော်ယာဉ်တန်း (၂) မှာပါတဲ့ ဘုရားဖူးဧည့်သည်တွေကို ညောင်ဇောက်ကျေးရွာမှာရှိတဲ့ သဖန်းသိမ်မှာ ဝင်းမာလာအထည်ဆိုင် မိသားစုတို့က ကျွေးမွေးလှူဒါန်းဖို့ စီစဉ် ဆောင်ရွက်ထားပါတယ်" ဟု ပြောသည်။

မိတ္ထီလာကန်အား ဗဟိုပြု၍ တည်ထားသည့် ပဲသိတာ၊ ကက္ကူကန်၊ ဝက်ကျောက်၊ ရှင်ပင်ကူ၊ သဖန်းသိမ်၊ ကလိန်ခြေ၊ ကူဖြူ၊ ကုန်းတောင်း၊ ထီးသုံးဆင့် သိမ်ကိုးသိမ် လှည့်လည်ပူဇော်ပွဲတွင် ပြည်သာယာ(မ)၊ ပြည်သာယာ(တ)၊ ကျီတော်ကုန်း၊ ရန်မျိုးအောင်၊ ဝန်ဇင်း၊ အောင်ဇေယျာ၊ ချည်စက်၊ ရတနာမာရ်အောင်၊ မြို့မ၊ ဈေးအရှေ့ပြင်၊ ပေါက်ချောင်း၊ အောင်ဆန်း မြို့ပေါ် ရပ်ကွက် ၁၄ ရပ်ကွက်ရှိ ဒေသခံများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လျှော်ဖြူကန်၊ မကျီးချောက်၊ ဇောင်ချမ်းကုန်း၊ ကန်တောင်စသည့် ကျေးရွာများမှ ဒေသခံများ စုစုပေါင်း ၆၀၀၀ ခန့်မှာ မော်တော်ယာဉ်စီးရေ ၂၀၁ စီး ဖြင့် စည်ကားသိုက်မြိုက်စွာလိုက်ပါကြပြီး ယင်းသိမ်များရှိ သိမ်ဘုရားများအား ဆီမီး၊ ပန်း၊ ရေချမ်း ကပ်လှူပူဇော်ခြင်း၊ နဝကမ္မလှူဒါန်းငွေများ လှူဒါန်းခြင်း ကောင်းမှုကုသိုလ်များ ပြုလုပ်ကြကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

## ကရင်ပြည်နယ် ဘားအံမြို့၌ ကလေးစာပေပွဲတော်ဖွင့်ပွဲကျင်းပ ကလေးများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲ

**ဘားအံ မတ် ၁၉**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကရင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော ကလေးစာပေပွဲတော် ဖွင့်ပွဲအခမ်းအနားကို ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ မတ် ၁၉ ရက် နံနက် ၈ နာရီက ကျင်းပရာ ကလေးများပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကလေးစာပေပွဲတော်အား ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတေဇထွန်းလှိုင်ထွေး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဆင့်၊ ကင်းထောက်နှင့်ထူးချွန် ကျောင်းသား၊ ကျောင်းသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က အမှာစကားပြောကြားရာတွင် နည်းပညာဖွံ့ဖြိုးတိုးတက်နေသည့် ယနေ့လို အချိန်အခါများတွင် မိမိတို့၏ ကလေးငယ်များကို အတွေးအခေါ် အယူအဆများ၊ ပြုမူပြောဆိုပုံများ၊ ယိမ်းယိုင်ပျက်ယွင်းစေမည့် နည်းလမ်းများသည် ဖျော်ဖြေရေးနည်းများ၊ ကစားနည်းများအဖြစ် ပုံပျက်စည်းရုံးရောက်ရှိနေကြသည်ကို တွေ့ရှိရပါကြောင်း၊ ယခုလို အခြေအနေမျိုးတွင် ကလေးများ စာပေဖတ်ရှုလာအောင် စာကြည့်တိုက်ဝန်းကျင်တွင် မွေ့လျော်အောင် စည်းရုံးဆောင်ရွက်သွားရန်၊ ကလေးမိဘ ပတ်ဝန်းကျင်တို့က ကလေးများ အနာဂတ် တိုးတက်ကောင်းမွန်လာစေရေး၊ ကလေးများဖွံ့ဖြိုးတိုးတက်စေရေး၊ ကလေးစာပေနှင့် ကလေးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံတော်၏ အနာဂတ်အပေါ် သက်ရောက်မှုများစွာ ရှိလာနိုင်သည့်အတွက် ဝိုင်းဝန်းကူညီ ဖော်ဆောင်ပေးကြစေလိုပါကြောင်း ပြောကြားသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်) ညွှန်ကြားရေးမှူး ဦးကျော်ဆင့်က ကလေးစာပေပွဲတော်ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ကလေးစာပေပွဲတော်ကို ကလေးများ၏ ဉာဏ်ရည်ဉာဏ်သွေးနှင့် အတွေးအခေါ်အယူအဆများ ထက်မြက်လာစေရန်၊ တီထွင်ဖန်တီးလိုစိတ်များ ရင့်သန်လာစေရန်၊ စာပေနှင့် ရင်းနှီးပြီး စာဖတ်ခြင်းတွင် ပျော်မွေ့တတ်လာစေရန်နှင့် ကလေးများ၏ ပျော်ရွှင်မှုကို ဖန်တီးပေးရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

"ကလေးစာပေပွဲတော်မှာ ကလေးများအတွက် သက်ဆိုင်ရာ အလှူရှင်များကလည်း မုန့်မျိုးစုံ၊ အချိုရည်မျိုးစုံနှင့် အခြားအာဟာရဖြစ်စေသော အစားအစာများကို အခမဲ့ကျွေးမွေးတဲ့အတွက်ကလေးများပျော်ရွှင်စေပြီး တစ်ဖက်မှာလည်း ကလေးများ မိမိတို့ ကြိုက်နှစ်သက်သည့် ပြိုင်ပွဲများ၊ ကစားနည်းများကို စိတ်ကြိုက် လွတ်လပ်စွာ ပါဝင်ဆင်နွှဲနိုင်တဲ့အတွက် ဉာဏ်ရည်ဉာဏ်သွေးနှင့် စိတ်ဓာတ်ရေးရာများတိုးတက်မြင့်မားလာမှာဖြစ်ပါတယ်"ဟု ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယ ညွှန် ကြားရေးမှူး ဒေါ်ခင်စောလင်းက ပြောကြားသည်။



ကလေးစာပေပွဲတော်တွင် ဉာဏ်ရည်ဉာဏ်သွေး ဖော်ထုတ်သည့် တစ်ဦးချင်းနှင့် အဖွဲ့လိုက် ဂိမ်းကစားပွဲများ၊ ဖျော်ဖြေပွဲများ၊ ပုံပြောပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ပြခန်းများ၊ စကားပုံဆက်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ စာအုပ်ပြပွဲနှင့် စာအုပ်အရောင်းပွဲ၊ ကလေးများနှင့်ပတ်သက်သည့် ပျော်ပွဲရွှင်ပွဲများကို နံနက် ၉ နာရီမှ စတင်၍ကျင်းပရာ ကလေးများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြသည်။

အလားတူ ကလေးစာပေပွဲတော်ကျင်းပနေသည့်ကာလအတွင်း နေ့စဉ် ည ၇ နာရီမှစ၍ စာပေဟောပြောပွဲများကိုလည်း ထည့်သွင်းကျင်းပပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း၊ ထိန်လင်းအောင်**




# “Despicable Me 3”မှာ ဇာတ်ကောင်သစ်တစ်ဦးပါဝင်လာ

ဒစ်စနေရဲ့အောင်မြင်တဲ့ ရုပ်သံဖန်တီးမှုရုပ်ရှင်တစ်ခုဖြစ်တဲ့ “ Despicable Me ”ရုပ်ရှင်တွေရဲ့ ရုပ်ရှင်သစ်အတွက် အစမ်းဗီဒီယိုကို လတ်တလော ထုတ်လွှင့်ခဲ့ရာမှာတော့ ယင်းဇာတ်လမ်းတွေရုပ်ရှင်တွေရဲ့ပင်တိုင်ဇာတ်ဆောင်တစ်ဦးဖြစ်တဲ့ ဂရုရဲ့အမြွှာအစ်ကိုကို ဇာတ်ဆောင်သစ်အဖြစ် မိတ်ဆက်လာခဲ့တာကို တွေ့ခဲ့ရကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

3Dကွန်ပျူတာဖန်တီးမှုဟာသရုပ်ရှင်“ Despicable Me 3”ရဲ့ အစမ်းဗီဒီယိုကို ပြီးခဲ့တဲ့ မတ် ၁၅ ရက်မှာ ထုတ်လွှင့်ပြသခဲ့တာဖြစ်ပြီး ယင်းဇာတ်လမ်းတွဲရုပ်ရှင်တွေရဲ့အဓိကဗီလိန်တစ်ဦးဖြစ်တဲ့ ဘယ်သာဇာဘရက်ထ်က ဂရုရဲ့အမြွှာအစ်ကိုကို မိတ်ဆက်လာခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

အဆိုပါဇာတ်ကောင်သစ်ဖြစ်တဲ့ ဂရုရဲ့အစ်ကိုဟာ ဒရူလို့အမည်ရပြီး ဂရုကသူ့ရဲ့အမြွှာအစ်ကိုကိုတွေ့ဆုံဖို့ရာ လေယာဉ်နဲ့အပြေးသွားခဲ့ကာ အစ်ကိုနဲ့တွေ့ဖို့ မစောင့်နိုင်တော့ကြောင်း အော်ကာလေယာဉ်ပေါ်မှဆင်းသွားတာကို လတ်တလောထုတ်လွှင့်ခဲ့တဲ့ အဆိုပါရုပ်ရှင်သစ်အတွက် ပထမဆုံးသောအစမ်းရုပ်ရှင်မှာ တွေ့မြင်ခဲ့ရပါတယ်။ အဆိုပါအစမ်းရုပ်ရှင်ရဲ့အဆုံးမှာတော့ ဇာတ်ကောင်သစ်ဒရူဟာကြီးမားတဲ့အိမ်ကြီးအတွင်းမှာ နေထိုင်နေတာကိုလည်း တွေ့မြင်ခဲ့ရပါတယ်။

အဆိုပါအစမ်းရုပ်ရှင်အရ လာမယ့် ရုပ်ရှင်သစ် "Despicable Me 3" ဟာ ဂရုနဲ့ ဒရူတို့အကြားမှာရှိတဲ့ ညီအစ်ကိုနှစ်ဦးရဲ့ ချစ်ခြင်းမေတ္တာတွေနဲ့ ပတ်သက်မှုတွေကို အဓိကထားပုံဖော်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

အဆိုပါရုပ်ရှင်တွေရဲ့ ပထမဆုံးသောရုပ်ရှင်ဖြစ်တဲ့ “ Despicable Me ”ကို ပြီးခဲ့တဲ့ ၂၀၁၀ခုနှစ်အတွင်း ထုတ်လွှင့်ပြသခဲ့ပြီး ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၅၄၃ ဒသမ တစ်သန်း ရရှိခဲ့ပါတယ်။ အဲဒီနောက် ဒုတိယမြောက်ရုပ်ရှင်ဖြစ်တဲ့ “ Despicable Me 2”ကို ၂၀၁၃ခုနှစ်အတွင်း ထုတ်လွှင့်ခဲ့ရာ ဝင်ငွေ အမေရိကန်ဒေါ်လာ ၉၇၀ ဒသမ ၈ သန်းရရှိခဲ့တာကြောင့် ဝင်ငွေအရ အောင်မြင်တဲ့ ရုပ်ရှင်တစ်ကားဖြစ်ခဲ့ပါတယ်။ အဲဒီနောက် ၂၀၁၅ခုနှစ်အတွင်းမှာ အဆိုပါရုပ်ရှင်တွေကို ပြန်လည်ဆန်းသစ်ထားတဲ့ရုပ်ရှင် “Minions” ကို ထုတ်လွှင့်ခဲ့ချိန်မှာတော့ အမေရိကန်ဒေါ်လာ ၁ဒသမ ၁၅၉ ဘီလီယံရရှိခဲ့ကာ ရုံတင်ပြသခဲ့သမျှသော ရုပ်သံဖန်တီးမှုရုပ်ရှင်တွေအနက် ဒုတိယမြောက်ဝင်ငွေအကောင်းဆုံးရုပ်ရှင်အဖြစ် ရပ်တည်နိုင်ခဲ့ပါတယ်။

ရုပ်ရှင်သစ် “ Despicable Me 3” ကိုတော့ လာမယ့် ဇွန် ၃၀ ရက်တွင် အမေရိကန်နိုင်ငံတစ်ဝန်းစတင်ရုံတင်သွားမှာဖြစ်ပြီး ယင်းရုပ်ရှင်တွင် ဟောလိဝုဒ်သရုပ်ဆောင်များစွာက အသံဖြင့်ပါဝင်သရုပ်ဆောင်ပေးထားကြောင်းလည်း သိရပါတယ်။

# ပြောင်းလဲသွားတဲ့ စကားလက်ဂျိုဟန်စန်

ဟောလိဝုဒ်ရဲ့နာမည်ကျော်မင်းသမီးတစ်ဦးဖြစ်တဲ့ စကားလက်ဂျိုဟန်စန်ဟာ မကြာသေးမီက ခင်ပွန်းဟောင်းဖြစ်သူ ရိုမိန်းဒိုရီယက်စ်နဲ့ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း တရားဝင်ထုတ်ဖော်ပြောကြားလာခဲ့ပြီးတဲ့နောက် လတ်တလောမှာတော့ သူနဲ့အတူ “The Avengers”ရုပ်ရှင်မှာ တွဲဖက်သရုပ်ဆောင်ထားတဲ့ မင်းသားခရစ်အီဗန်နဲ့ ချစ်သူတွေဖြစ်ကြောင်း ကောလာဟလတွေပေါ်ထွက်လာခဲ့တာကြောင့် စကားလက်ဂျိုဟန်စန်လည်း အချစ်သစ်ဆီသို့ ပြောင်းသွားခဲ့ပြီဖြစ်ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

လတ်တလောမှာ အသက် (၃၂)နှစ်ရှိပြီဖြစ်တဲ့ မင်းသမီးစကားလက်ဂျိုဟန်စန်ဟာ သူနဲ့ နှစ်နှစ်ကျော်ကြာလက်တွဲလာခဲ့တဲ့ ခင်ပွန်းဖြစ်သူ ပြင်သစ်ဂျာနယ်လစ် ရိုမိန်းဒိုရီယက်စ်နဲ့ လတ်တလောမှာ တရားဝင်ကွာရှင်းနိုင်ရေးဆောင်ရွက်လျက်ရှိပါတယ်။ တဖက်မှာလည်း မင်းသားခရစ်အီဗန်နဲ့ ဇာတ်လမ်းတွေဖြစ်နေခဲ့ပါတယ်။ သူတို့နှစ်ဦးကို ပြီးခဲ့တဲ့ အော်စကာဆုပေးပွဲကြီးအပြီး ကျင်းပခဲ့တဲ့ အော်စကာပါတီမှာ အတူတွဲတွေ့ခဲ့ရပြီးနောက် ရင်းနှီးလွန်းတဲ့ဆက်ဆံရေးကြောင့် မီဒီယာတွေက စတင်ဝေဖန်ခဲ့ကြတာ ဖြစ်ပါတယ်။

အဆိုပါဆုပေးပွဲအခမ်းအနားမှာ ဘေးချင်းကပ်ထိုင်ကြရင်စကားတွေဖောင်ဖွဲ့ကာ တိုးတိုးတိတ်တိတ်နှစ်ယောက်ထဲ အဖွဲ့ကျနေခဲ့တဲ့ သူတို့နှစ်ဦးဟာ အချိန်ကာလတစ်ခုကိုကျော်ဖြတ်ပြီးတဲ့အခါမှာ နှစ်ဦးသားရဲ့အချစ်ရေးကို တရားဝင်ဖွင့်ဟလာမလားရယ်လို့လည်း ဟောလိဝုဒ်မီဒီယာတွေက စိတ်ဝင်တစားစောင့်ကြည့်လျက်ရှိနေကြောင်းလည်း သိရပါတယ်။







○ အေးပြည့်-စုစည်းသည် ○



# အမ်မာဝပ်ဆန်ရဲ့ ဓာတ်ပုံများအခိုးခံရ

“Harry Potter” ဇာတ်လမ်းတွဲရုပ်ရှင်တွေရဲ့ အဓိကဇာတ်ဆောင်မင်းသမီးတစ်ဦးဖြစ်တဲ့အပြင် လတ်တလောမှာ ရုံတင်ပြသလျက်ရှိတဲ့ ဒစ်စနေရဲ့ လိုက်ဖ်အက်ရှင်ရုပ်ရှင်သစ် “Beauty and the Beast”မှာ အဓိကဇာတ်ဆောင်မင်းသမီးအဖြစ်ပါဝင်သရုပ်ဆောင်ထားတဲ့ ဗြိတိန်မင်းသမီးချော အမ်မာဝပ်ဆန်ဟာ လတ်တလောမှာ ဆိုက်ဘာတိုက်ခိုက်သူတွေရဲ့သားကောင်ဖြစ်ခဲ့ရပြီး သူ့ရဲ့ အနုပညာလုပ်ငန်းသုံးဓာတ်ပုံတွေမဟုတ်ဘဲ ကိုယ်ပိုင်ဓာတ်ပုံတွေကို အဆိုပါဆိုက်ဘာတိုက်ခိုက်မှုတစ်ခုအတွင်း ခိုးယူခံခဲ့ရကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ယခုလိုဓာတ်ပုံတွေအခိုးခံခဲ့ရပြီးနောက် အမ်မာဝပ်ဆန်ရဲ့ မလျော်ကန်တဲ့ဓာတ်ပုံတွေကို အွန်လိုင်းမီဒီယာတွေပေါ်ကနေ တစ်ဆင့် ထုတ်ဖော်ပြသမှာဖြစ်ကြောင်း ခြိမ်းခြောက်မှုတွေနဲ့လည်း ရင်ဆိုင်နေရတဲ့အတွက် အမ်မာဝပ်ဆန်က ရှေ့နေတွေနဲ့ တိုင်ပင်ကာ ယခုလိုလုပ်ဆောင်ခဲ့သူတွေကို အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်းလည်း သိရပါတယ်။

အမ်မာဝပ်ဆန်က သူ့ရဲ့အခိုးခံခဲ့ရတဲ့ ဓာတ်ပုံတွေဟာ လွန်ခဲ့တဲ့ နှစ်နှစ်ခန့်က အဝတ်အစားဒီဇိုင်နာတစ်ဦးနဲ့ ဝတ်စုံသစ်အတွက် ကိုယ်တိုင်းယူနေစဉ် ရိုက်ကူးထားတဲ့ ဓာတ်ပုံတွေဖြစ်ကြောင်းနဲ့ သူ့အနေနဲ့ မတော်မလျော်ပုံတွေကို တစ်သက်တာမှာ ရိုက်ကူးခဲ့ခြင်းမရှိဖူးကြောင်းလည်း အမ်မာဝပ်ဆန်က လတ်တလောမှာ ထုတ်ဖော်ပြောကြားလာခဲ့ပါတယ်။

အမ်မာဝပ်ဆန်အနေနဲ့ အမျိုးသမီးဝါဒီတစ်ဦးအဖြစ် ဟောပြောခဲ့မှုတွေအတွက် ယခုလိုတိုက်ခိုက်ခံခဲ့ရခြင်းဖြစ်နိုင်ကြောင်းလည်း မီဒီယာတွေက ဝေဖန်ပြောကြားခဲ့ပါတယ်။ အမ်မာဝပ်ဆန်ကတော့ ယခုလို ခြိမ်းခြောက်မှုဟာ လိမ်လည်လှည့်ဖျားမှုသက်သက်သာဖြစ်ကြောင်း၊ ခြိမ်းခြောက်သူတွေပြောလာတဲ့ ဓာတ်ပုံမျိုးဟာ အမှန်တကယ်မရှိခဲ့ဖူးဆိုတာကိုလည်း သူသာအသိဆုံးဖြစ်ကြောင်းနဲ့ ဒီလိုခြိမ်းခြောက်မှုကြောင့် သူ့ရဲ့လုပ်ဆောင်ချက်တွေ ရပ်တန့်သွားစေဖို့ကြိုးစားခဲ့ခြင်းဖြစ်ပါကလည်း ဆန့်ကျင်ဘက်ရလဒ်တွေသာရလာမှာဖြစ်ကြောင်းလည်း ပြောကြားခဲ့တယ်လို့သိရပါတယ်။

# အိုင်ယူ၏ တေးအယ်လ်ဘမ်သစ်ထွက်ရှိမည့်ရက်ကြေညာ

တောင်ကိုရီးယားရဲ့ တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် ကျော်ကြားတဲ့ အိုင်ယူရဲ့ တေးအယ်လ်ဘမ်သစ်ထွက်ရှိမယ့်ရက်ကို သူ့ရဲ့အေဂျင်စီတွေက လတ်တလောမှာ ထုတ်ပြန်ပြောကြားခဲ့ပါတယ်။ အိုင်ယူရဲ့ အဆိုပါတစ်ကိုယ်တော်တေးအယ်လ်ဘမ်ဟာ မီနီတေးအယ်လ်ဘမ်မဟုတ်ဘဲ တေးအယ်လ်ဘမ်အပြည့်အစုံအဖြစ် ထုတ်လွှင့်မှာဖြစ်ပြီး လာမယ့်ဧပြီ ၂၁ရက်တွင် စတင်ထုတ်လွှင့်သွားမှာဖြစ်ကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါတေးအယ်လ်ဘမ်သစ်ဟာ အိုင်ယူရဲ့ လွန်ခဲ့တဲ့ တစ်နှစ်ခွဲအတွင်း ပထမဆုံးအကြိမ်ပြန်လည် စတင်လာတဲ့ တေးဂီတလှုပ်ရှားမှုလည်းဖြစ်ပြီး သူ့ရဲ့ စတုတ္ထမြောက်တေးအယ်လ်ဘမ်လည်း ဖြစ်ပါတယ်။ ယင်းတေးအယ်လ်ဘမ်ကိုမထုတ်လွှင့်မီ တေးအယ်လ်ဘမ်တွင်ပါဝင်တဲ့ တေးသီချင်းနှစ်ပုဒ်ကို လာမယ့် မတ် ၂၄ ရက်မှာ တစ်ကြိမ်၊ ဧပြီ ၇ ရက်မှာ တစ်ကြိမ်အကြိုထုတ်လွှင့်ပေးသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

အိုင်ယူရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ လီယွန်အန်တာတိန်းမန့်က အဆိုပါတေးအယ်လ်ဘမ်သစ်ရဲ့ လက်ရှိအခြေအနေနဲ့ပတ်သက်ပြီး “အိုင်ယူဟာ လတ်တလောမှာ သူ့ရဲ့တေးအယ်လ်ဘမ်သစ်အတွက် ပြင်ဆင်မှုတွေရဲ့ နောက်ဆုံးအဆင့်ကို ရောက်နေပြီဖြစ်ပါတယ်။ ဒ့ါအပြင် ဒီထုတ်လုပ်မှုမှာလည်း တကယ်ကိုအရည်အချင်းရှိတဲ့ ဂီတပညာရှင်တွေနဲ့ ပူးပေါင်းကာ တေးအယ်လ်ဘမ်သစ်ကို ဖန်တီးထားတာဖြစ်ပါတယ်။ ပရိသတ်တွေကို ပုံစံမျိုးစုံနဲ့ ချပြနိုင်အောင်လည်း ကြိုးစားထားပါတယ်။ ဒီတေးအယ်လ်ဘမ်ဟာလည်း အခြားသောတေးအယ်လ်ဘမ်တွေနဲ့မတူဘဲ တစ်မျိုးတစ်ဖုံထူးခြားကွဲပြားနေပြီး ဒီလိုကောင်းမွန်စွာဖန်တီးထားတဲ့ တေးသီချင်းတွေပါဝင်နေတဲ့ တေးအယ်လ်ဘမ်သစ်ကို ပရိသတ်တွေကလည်း စောင့်မျှော်အားပေးကြဖို့ မျှော်လင့်ပါတယ်”လို့ ပြောကြားခဲ့ပါတယ်။

အဆိုပါတေးအယ်လ်ဘမ်သစ်ရဲ့အမည်နဲ့ အခြားသေးစိတ်အချက်အလက်တွေကိုတော့ လတ်တလောအချိန်အထိ ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိသေးကြောင်းနဲ့ ယင်းတေးအယ်လ်ဘမ်သစ်ရဲ့ ထုတ်လုပ်ရေးပိုင်းတွေမှာလည်း အိုင်ယူကိုယ်တိုင်ပါဝင်လုပ်ဆောင်ထားကြောင်းလည်း သိရပါတယ်။



# အတုယူဖွယ် ဂျပန်နိုင်ငံနှင့် ပြန်လည်ထူထောင်ရေး

ဆုနင်းလဲ့

မြန်မာနိုင်ငံတွင် မတ် ၁၃ ရက် ည ၂၀း၄၉း၀၈ အချိန်က ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့အနီး ပြည်တွင်း တစ်နေရာကို အင်အားရစ်ချ်တာစကေး ၄ ဒသမ ၆ ရှိ မြေငလျင်တစ်ခု ဗဟိုပြုလှုပ်ခတ်သွားကြောင်း ထိုင်း မိုးလေဝသဌာနမှ တိုင်းတာရရှိချက်ကို မိုးလေဝသ ပညာရှင်ဦးထွန်းလွင်က ထုတ်ပြန်ခဲ့သည်။

ယင်းအပြင် မတ် ၁၃ ရက် ညပိုင်းက တိုက်ကြီး-သာယာဝတီ ပင်မမြေငလျင်ကြီးလှုပ်ပြီးသည့်နောက် နောက်ဆက်တွဲမြေငလျင် ငါးကြိမ် လှုပ်ခတ်ခဲ့ပြီး ပင်မ ငလျင်ထက် အင်အားလျော့နည်းခဲ့သည်ဟု သိရသည်။ မတ် ၁၄ ရက် နံနက်ပိုင်းတွင် ဘင်္ဂလားပင်လယ်အော် ဆူမတြားကျွန်းအနီးတွင် အင်အား ၆ ဒသမ သုည ရှိ သောအင်အားပြင်းထန်သည့် မြေငလျင်တစ်ခုလှုပ်ခတ်ခဲ့ သည်ဟုသိရသည်။

**ကန်ထရိုက်တိုက်များ**

မြေငလျင်ကြောင့် တိုက်ကြီး-သာယာဝတီဘက်တွင် ထိခိုက်မှုများရှိခဲ့ပြီး ဒဏ်ရာရရှိမှုများလည်းရှိခဲ့ကြောင်း သိရသည်။ ပြင်းထန်မှုမရှိခဲ့သော်လည်း တိုက်တာများ ပြားသော ရန်ကုန်မြို့ခံများကမူ စိုးရိမ်ကြောင့်ကြမှုများ ဖြစ်ပေါ်လျက်ရှိသည်။ ယင်းအပေါ် မြန်မာနိုင်ငံ ငလျင် ကော်မတီကရှင်းလင်းထားချက်မှာ တိုက်ကြီးဒေသ ပြတ်ရွေ့ငယ်ကြောင့် လှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး ငလျင်ဇုန် သည် အနောက် ပဲခူးရိုးမပြတ်ရွေ့ခေါ်သည့် ဖြစ်စဉ် ကြီးတစ်ခု၏ အခက်အမြွှာတစ်ခုဖြစ်ကာ ငလျင်ငယ် (ပမာဏ ၅ ဝန်းကျင်) တစ်နှစ်တစ်ခါ နှစ်ခါခန့် ဖြစ်လေ့ ရှိသည်ဟုရှင်းလင်းထားသည်။ အဆိုပါ ငလျင်ထက် ကြီးမားသည့် ငလျင်ဖြစ်တတ်သော အနေအထား မှတ် တမ်းမျိုးမရှိသော်လည်း ရန်ကုန်မြို့နေလူထုမှာ ကန် ထရိုက်တိုက်များ များပြားနေခြင်းကြောင့် စိုးရိမ်ထိတ် လန့်ကြခြင်းပင်ဖြစ်သည်။

ငလျင်ကော်မတီ၏ ရှင်းလင်းထားမှုအရ ရန်ကုန်မြို့ ကို ခြိမ်းခြောက်နေသည့်အကြောင်းအရာမှာ အရှေ့ ဘက် စစ်ကိုင်းပြတ်ရွေ့ ပဲခူးအဆစ်ပိုင်း (ပမာဏ ၇ ကျော် လှုပ်ခတ်နိုင်)နှင့် အနောက်ဘက် ဒေးဒရဲပြတ်ရွေ့ (ပမာဏ ၆ ကျော်လှုပ်ခတ်နိုင်) တို့ဖြစ်ပြီး အနှစ် ၈၀ မှ ၁၀၀ အတွင်း တစ်ကြိမ်လှုပ်နိုင်ကြောင်း၊ ပြီးခဲ့သည့် ဖြစ် စဉ် ငလျင်နှင့် သက်ဆိုင်ခြင်းမရှိသော်လည်းသတိပြုထား ခြင်းသည် အကောင်းဆုံးဖြစ်ကြောင်း ရှင်းလင်းဖော်ပြ ထားသည်။

**ဆုံးရှုံးမှုအနည်းဆုံးဖြစ်ရန်**

မြန်မာနိုင်ငံတွင် ငလျင် မကြာခဏလှုပ်ခတ်ခဲ့ခြင်း မရှိသော်လည်း ကြီးမားသောလှုပ်ခတ်ခဲ့မှု ရှိလာပါက ပျက်စီးဆုံးရှုံးနိုင်ခြေများနိုင်ရာ ယင်းအပေါ် ဘေး အန္တရာယ်ကြိုတင်ပြင်ဆင်ခြင်းနှင့် သဘာဝဘေး အန္တရာယ်ဖြစ်ပေါ်လာပါက ဆုံးရှုံးမှုအနည်းဆုံးဖြစ်ရန် လျှော့ချ စီမံဆောင်ရွက်ထားနိုင်ရေးပင်ဖြစ်သည်။

ယင်းနေရာတွင် ဂျပန်နိုင်ငံသည် အင်မတန် အတုယူ ဖွယ်ပင်ဖြစ်သည်။ ငလျင်ဘေး အန္တရာယ်နှင့် မကြာခဏ ရင်ဆိုင်နေရသော ဂျပန်ကျွန်းဆွယ်သည် ငလျင်ဒဏ် ကိုသာမက ငလျင်ကြောင့် နောက်ဆက်တွဲ ဖြစ်ပေါ်လာ လေ့ရှိသည့် ဆူနာမီလှိုင်းများ၏ ဒဏ်ကိုလည်း ကြံ့ကြံ့ ခံရင်ဆိုင်တုံ့ပြန်နိုင်ခဲ့သည်သာပင်ဖြစ်သည်။

> ဘေးအန္တရာယ်ဖြစ်ပွား ခဲ့ပြီးနောက် ပြန်လည် ထူထောင်ရေးနှင့် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှု လျှော့ချ ရေးဆိုင်ရာများ ထိရောက် စွာဆောင်ရွက်နိုင်ခဲ့ သည့်အတွက် လျင်မြန်စွာ ပြန်လည်ဖွံ့ဖြိုး တိုးတက်လာ . . .

**ဂျပန်ငလျင်**

လွန်ခဲ့သည့် ၆ နှစ် ယခုလိုကာလတွင် ဂျပန်နိုင်ငံ တွင် ကြီးမားသောငလျင်ဘေးအန္တရာယ်နှင့် ရင်ဆိုင် ကြုံတွေ့ခဲ့ရပြီးဆူနာမီလှိုင်းများ၏ ရိုက်ခတ်ခြင်းကို လည်း ဂျပန်အရှေ့ဘက်ကျွန်းများတွင် ခံစားခဲ့ရသည်။ သဘာဝဘေးဒဏ်ကြောင့် သေကျေပျက်စီးဆုံးရှုံးမှု များစွာ ကြုံတွေ့ခံစားခဲ့ရသော် အရေးပေါ်အခြေအနေ တုံ့ပြန်မှုဆိုင်ရာစီမံခန့်ခွဲမှုတွင် နှစ်ပေါင်းများစွာ စနစ် တကျ ပြင်ဆင်လာခဲ့သော ဂျပန်နိုင်ငံအနေဖြင့် ထိ ရောက်ကောင်းမွန်စွာဆောင်ရွက်နိုင်ခဲ့သည်။ သဘာဝ ဘေးအန္တရာယ်များဖြစ်ပေါ်အပြီးတွင် ပြန်လည်ထူထောင် ရေးလုပ်ငန်းများမှာ အထူးအရေးကြီးလှသည်။ မူလ ထက်ပိုမိုကောင်းမွန်သော အနေအထားတစ်ခုထိ ရောက်အောင် ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ခြင်း ဖြင့် ဘေးအန္တရာယ်ကြောင့် နောက်ဆက်တွဲဆိုးကျိုးများ ကို ရှောင်ရှားနိုင်ခဲ့ကြသည်။

ဂျပန်နိုင်ငံ Sendai မြို့သည် တိုကျိုမြို့တော်နှင့် အလှမ်းမဝေးလှဘဲ ကျည်ဆန်ရထားဖြင့် အချိန်တစ်နာရီ ခွဲခန့် စီးနင်းပါကရောက်ရှိနိုင်သည်။ Sendai မြို့သည် ဂျပန်အရှေ့မြောက်ဘက်ရှိ ဒုတိယအကြီးဆုံး မြို့တစ်မြို့ ဖြစ်ပြီး လွန်ခဲ့သည့် ခြောက်နှစ်က ငလျင်ဒဏ်နှင့် ဆူနာမီဒဏ်ကိုခံစားခဲ့ရသည့် မြို့များတွင် ပါဝင်ခဲ့ပြီး Sendai ကမ်းရိုးတန်းမြို့နှင့် မြို့ပတ်ဝန်းကျင်တစ်ဝိုက် လယ်ခင်းများအားလုံး ဆူနာမီရေလှိုင်းများကြောင့် ရေ မြုပ်ခဲ့သည်။ ငလျင်ကြောင့် ဖူကူရှီးမား နျူကလီးယား စက်ရုံ လေအေးပေးစက် ချွတ်ယွင်းသွားခဲ့ပြီး သတိပေး ထုတ်ပြန်ချက်များထုတ်ပြန်ခဲ့ရသည်။

**ပြန်လည်ထူထောင်**

ဘေးအန္တရာယ်ဖြစ်ပွားခဲ့ပြီးနောက် ပြန်လည်ထူ ထောင်ရေးနှင့် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှု လျှော့ချရေးဆိုင်ရာများ ထိရောက်စွာဆောင်ရွက် နိုင်ခဲ့သည့်အတွက်ကြောင့် လျင်မြန်စွာပင် ပြန်လည်ဖွံ့ ဖြိုးတိုးတက်လာခဲ့သည်။ ၂၀၁၅ ခုနှစ်က စတင်ဆောင် ရွက်ခဲ့သည့် Sendai Framework for Disaster Risk Reduction ၂၀၁၅-၂၀၃၀ ကိုရည်မှန်းချက် ခုနစ်ချက်၊ ဦးစားပေးဆောင်ရွက်မှု လေးချက်ဖြင့် ကုလသမဂ္ဂ အထွေထွေညီလာခံတွင် အတည်ပြုထောက်ခံခဲ့သည်။

ယခု Sendai မြို့သည် ဂျပန်နိုင်ငံအရှေ့မြောက်ဘက် အချက်အချာ ကမ်းရိုးတန်းမြို့တစ်ခုဖြစ်သလို လမ်း ပန်းဆက်သွယ်ရေး အခြေခံအဆောက်အအုံကောင်း များဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။ အလားတူ Sendai မြို့နှင့် အလှမ်းမဝေးသည့် Koriyama မြို့သည်လည်း ဂျပန်နိုင်ငံ အရှေ့မြောက်ဘက်ရှိလမ်းပန်းဆက်သွယ် ရေးဆုံချက် ကွန်ရက်မြို့တစ်ခုအဖြစ် အကောင်အထည် ဖော်ခဲ့သည်။

**ခရီးသွားဆွဲဆောင်**

၂၀၁၆ ခုနှစ်တွင်စတင်ဖွင့်လိုက်သည့် စီမံကိန်းအရ အဓိကသယ်ယူပို့ဆောင်ရေး အချက်အချာအဖြစ် ဆောင်ရွက်ထားသည်။ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုလုပ်ငန်းများအလျှံအပယ် တိုးချဲ့ဆောင်ရွက်ခဲ့ပြီး ပြည့်စုံကောင်းမွန်သောဆေးကုသမှုစနစ်၊ ပညာရေး အဆင့်အတန်း၊ ကလေးသူငယ် မြှင့်တင်မှုအစီအစဉ် များအပြင် ခရီးသွားဆွဲဆောင်ရာ ဒေသတစ်ခုအဖြစ် လည်းကောင်း၊ အခြားဒေသစတော်ဘယ်ရီသီးများနှင့် မတူ နာမည်ကျော် Koriyama မြို့ရှိ ချိုအီလွန်းသော စတော်ဘယ်ရီစိုက်ခင်းများ၊ ဒေသတွင်းနာမည်ကျော် အစားအစာများကိုဆွဲဆောင် ဖော်ထုတ်ကာခရီးသွားဆွဲ ဆောင်မှုကိုလည်း အဓိကထားဆောင်ရွက်လျက်ရှိ သည်။

မြန်မာ့ ငါးကြင်း၊ ငါးသိုင်းမျိုးကဲ့သို့ Crap ငါးမျိုးရင်း ကို ရိုးရာအစားအစာတစ်ခုအနေဖြင့် အမျိုးမျိုးဖော် ထုတ်ကာ မျိုးရိုးစဉ်ဆက် ဆက်ခံဖွင့်လှစ်လာသော သက်တမ်းရင့်ဆိုင်များဖြင့် ဆွဲဆောင်မြှင့်တင်မှုများ လည်းရှိသည်။ Koriyama မြို့ကိုဆေးပညာဖွံ့ဖြိုးမှု၊ နာမည်ကျော်ဟင်းလျာများ၊ နာမည်ကျော်နေရာ အများ အပြားနှင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုများ၊ စက်မှုလုပ်ငန်းရင်းနှီးမြှုပ်နှံမှုများနှင့်အတူ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖို့ အလားအလာကောင်းများရှိသည့် နေ ထိုင်ရန်သင့်တော်သော မြို့အဖြစ် အကောင်အထည် ဖော်လျက်ရှိသည်။

**ထိရောက်စွာလုပ်ကိုင်**

မြန်မာနိုင်ငံတွင်လည်း သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ခဲ့ကြရာတွင် ဂျပန်နိုင်ငံကဲ့သို့ ပြန်လည်ထူ ထောင်ရေးနှင့် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှု ဆိုင်ရာများ လျှော့ချနိုင်ရေးတို့ကို ဆောင်ရွက်နိုင်ရန် လိုအပ်သည်။ ဖွံ့ဖြိုးပြီး ဂျပန်နိုင်ငံအနေဖြင့် စီးပွားရေး တောင့်တင်းသော်လည်း မြန်မာနိုင်ငံအနေဖြင့် ဖွံ့ဖြိုး တိုးတက်ရန် အားယူနေချိန်တွင် သဘာဝဘေးကြောင့် ထိခိုက်ဆုံးရှုံးမှုကိုလျှော့ချခြင်းနှင့် ပြန်လည်ထူထောင် ရေးတို့ကို ထိရောက်စွာ မလုပ်နိုင်ပါက မူရင်းဒေသများ ကို စွန့်ခွာကာအလားအလာရှိသည့်နေရာတွင်သာ စုပြုံ ရွှေ့ပြောင်းအခြေချနေထိုင်လာမှုများ ရှိလာနိုင်သည် ဟု ပညာရှင်များကသုံးသပ်ထားသည်။ ယင်းကြောင့် လည်းနာဂစ်မုန်တိုင်းအပြီးတွင် ဧရာဝတီဒေသမှ ဒေသခံ အများစု ရန်ကုန်မြို့သို့ ရွှေ့ပြောင်းအခြေချ ပြောင်းရွှေ့ လာမှု များပြားလာခြင်းပင်ဖြစ်သည်။

**အကောင်အထည်ဖော်**

လက်ရှိတွင် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်း ပြည်ပကူညီပံ့ပိုးသူများ၊ ပညာရှင်များ၊ အပြည်ပြည် ဆိုင်ရာအစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ပြည်တွင်း အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ သဘာဝဘေး အန္တရာယ်ဖြစ်ပေါ်လာပါက ထိရောက်စွာစီမံခန့်ခွဲနိုင် ရန်နှင့် ဘေးအန္တရာယ်လျှော့ချရေးဆိုင်ရာ စီမံချက် များကို အကောင်အထည်ဖော်နေပြီဖြစ်သည်။ အလား တူစာသင်ကျောင်းများ ဘေးအန္တရာယ်ကြုံတွေ့ပါက ထိရောက်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရန်ကိုလည်း ပြည် တွင်းပြည်ပ ပူးပေါင်းဆောင်ရွက်ကာ ကြိုတင် ဇာတ် တိုက်လေ့ကျင့်ခြင်းများ၊ ပြင်ဆင်ခြင်းများကို ဆောင်ရွက် လျက်ရှိသည်။

ဂျပန်နိုင်ငံအနေဖြင့်လည်း မြန်မာနိုင်ငံသို့ မိတ်ဆွေ ကောင်းအနေဖြင့် လူသားချင်းစာနာမှုဆိုင်ရာအကူ အညီများအပြင် ယခုအစိုးရသစ်လက်ထက်တွင် ဖွံ့ဖြိုး ရေးကူညီမှုများ၊ ထောက်ပံ့မှုများ၊ ချေးငွေများ၊ ပညာရပ် ဆိုင်ရာအသီးသီးတွင် နည်းပညာလွှဲပြောင်းပေးခြင်းများ ကိုဆောင်ရွက်ပေးလျက်ရှိရာ ဂျပန်နိုင်ငံ၏ ဖွံ့ဖြိုးမှု ဆောင်ရွက်ချက်များကို အတုယူကြိုးစားရင်း မြန်မာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သင့်ပြီပင်ဖြစ်သည်။





## ကြော်ငြာ

ပညာရေးဝန်ကြီးဌာန တရားဝင်အသိအမှတ်ပြုစာသင်ကျောင်းမှတ်ပုံတင်အမှတ်ကကက-၁၃/၂၃/၁၉၀

**Mingalar Education Centre**
**Private High School**

# MEC

ကိုယ်ပိုင်အထက်တန်းကျောင်း

အထူးအဆင့်မြင့်ဘော်ဒါ နှင့် စာသင်ဝိုင်းသီးသန့်

ပဋ္ဌမတန်းမှ တက္ကသိုလ်ဝင်တန်း အထိ

MEC စာသင်ကျောင်းဆောင်

ယဉ်ကျေးလိမ္မာဖို့အတွက်

ရိုးသား ကြိုးစား ဒို့ကျောင်းသားများ

မိဘ ၊ ဆရာ MEC ကျောင်းတော်တို့၏ ပူးပေါင်းမှု အင်အားသည် နှစ်ချင်းပေါက် အောင်မြင်၍ ဂုဏ်ထူးရှင်များ မွေးထုတ်နိုင်ခဲ့ပါပြီ။

လှပပျော်ရွှင်ပေမြို့ခရီးစဉ်

MEC သည် တတ်မြောက်အောင်သင်ကြား၍ အောင်မြင်အောင်စစ်ဆေးကာ ထူးချွန်ကျောင်းသားလူရည်မွန်များ မွေးဖွားပေးနေသော ကျောင်းဖြစ်သည်။

MEC စမ်းချောင်းစာသင်ကျောင်း
အမှတ် ၂၀၊ ပန်းခြံလမ်း၊ စမ်းချောင်း (မြောက်) စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း၊ ၀၉-၇၇၈၇၄၄၅၅၇၊ ၀၉-၇၉၉၆၅၇၉၉၃၊ ၀၉-၇၈၇၃၆၄၁၅၄ ၀၉-၄၃၃၂၃၅၃၅၊ ၀၉-၂၆၃၃၃၃၄၃၄ (ဆရာမျိုး PHYS)
(အဆောင်နေနိုင်သော Guide ဆရာ/ဆရာမများ လျှောက်ထားနိုင်ပါသည်။)

ကျောင်းအပ် လက်ခံပြီ

**KKL Car Rental**
ခရီးသွားကားဝင်းလုံးငှားလုပ်ငန်း
**Ph:09-5001347,**
**09-421070845**

"ပျောက်ဆုံးခြင်း"
THE RAJ CO., LTD.၏ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်အမှတ်- ၃၆၈၅/၂၀၁၃-၂၀၁၄ ရက်စွဲ ( ၃၀-၁၀-၂၀၁၃ ) ကတ်ပြားမှုရင်းမှာ ( ၁၅-၃-၂၀၁၇ )ရက်နေ့ နံနက်(၁၀း၀၀)နာရီခန့်တွင် ပျောက်ဆုံး၍ တွေ့ရှိက ပေးပို့ပါရန်။
Ph: 203023.

"ပျောက်ဆုံးခြင်း"
THE RAJ CO., LTD.၏ ထုတ်ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ်အမှတ်-( ထသက-၃၂၂၇၂ ) ရက်စွဲ ( ၂၈-၁၁-၂၀၁၃ ) ကတ်ပြားမှုရင်းမှာ ( ၁၅-၃-၂၀၁၇ )ရက်နေ့ နံနက် (၁၀း၀၀) နာရီခန့်တွင် ပျောက်ဆုံး၍ တွေ့ရှိက ပေးပို့ပါရန်။
Ph: 203023.

TKW

# တိုက်ရှိဘာဘာကျော်ဝင်း

## ဂိမ်းစက်၊ ဂိမ်းခွေနှင့်မိုဘိုင်းဖုန်းမျိုးစုံဖြန့်ချိရေး

TKW

* နွေရာသီကျောင်းပိတ်ရက်အထူးလျှော့ဈေးအပြင်ဂိမ်းခွေများကိုလက်ဆောင်ပေးနေပါသည်။ *

၁။ (၁၅၁/၁၅၅)၊ အနော်ရထာလမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်းထောင့်၊ ရန်ကုန်မြို့။ ဖုန်း – ၃၈၅၅၃၁၊ ၂၄၅၃၅၉၊ ၀၉၅၁ ၇၀၇၈၄
၂။ (၃၀၈/၃၁၀)၊ မဟာဗန္ဓုလပန်းခြံလမ်း(အပေါ်)၊ ရန်ကုန်မြို့။ ဖုန်း – ၂၄၆၂၁၄၊ ၂၅၅၆၀၂၊ ၀၉ ၇၃၂၄၂၅၀၇
၃။ (၁၅၅)၊ အနော်ရထာလမ်း၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်။
ဖုန်း – ၃၈၄၈၈၅၊ ၀၁-၃၈၄၁၇၄၊ ၀၉ ၅၁၇၈၆၇၀

ဟာဗေး ဟန်းဘတ်(ဂ်) ကုမ္ပဏီ လီမိတက်
HARVEY HANDBAGS COMPANY LIMITED

လှိုင်သာယာတွင် တည်ဆောက်ထားသော လက်ကိုင်အိတ်ထုတ်လုပ်ရေးစက်ရုံတွင် ရာထူးများ အလိုရှိသည်။
Handbags factory located in Hlaing Thar Yar Township, is now urgently looking for highly motivated person to fill the following post

| | | |
|---|---|---|
| 1. Factory Manager | (1)Post | Negotiate |
| 2. HR Manager | (1)Post | Negotiate |
| 3. HR/Admin Staff | (4)Posts | 2-4 Lakhs |
| 4. IE (Trainee) | (6)Posts | 2.5-4 Lakhs |
| 5. Network Engineer | (2)Posts | 3-6 Lakhs |
| 6. Clerk/ရုံးစာရေး | (12)Posts | 1.5-3 Lakhs |
| 7. လုံခြုံရေးကြီးကြပ်ရေးမှူး Security Supervisor | (1)Post | 2-3 Lakhs |
| 8. စားဖိုမှူးခေါင်းဆောင် Chief Cooker | (1)Posts | Negotiate |

For Posts (1)-(7) Burmese & English Speaking, Writing
For posts (8) Burmese Speaking, Writing.

(Above Listed is estimate salary which is include KPI Bonus and OT work)
To start your Career
No.(20), Plot No.K-1(A)&K-1(B), Anawrahta Industrial Zone, Hlaing Tharyar Township,Yangon Region

**Send your CV to : hr@harveyhandbags.com**
**09-451203452(Office Hour) / 09-976500826**

azmifuaymufvufxm;cif

ယာဉ်အမှတ် 8F/1575 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

ဖျော်ရည်၊ ဂျယ်လီ၊ ရေခဲမုန့်၊ ယိုစုံ၊ နိုင်ငံခြားမုန့်ပုတ်သင်တန်း

အချိုရည်၊ အသီးဖျော်ရည်၊ ဖွယ်လီမာ/ပျော့၊ Jelly Candy ရေခဲမုန့်၊ ပုလဲမစ်ရှိတ်၊ ဖာလူဒါ၊ ဒိန်ချဉ်၊ ... ယိုမျိုးစုံ၊ ဇော်ဒီ၊ ဒိုင်၊ Sauce၊ ကိတ်၊ ... ဖြစ်စေတိုင်လမုန့်၊ နံကထိုင်၊ ... နိုင်ငံခြားမုန့်ပုတ်သင်တန်း။
MASTER အစရာဝင်ဆိုင်


MASTER စားသောက်ကုန်သင်တန်း (လိပ်စာသစ်)
အမှတ်(၁၀၀/၁၀၂)၊ ၇လွှာ(ဓါတ်လှေခါးဖြင့်တက်ပါ)၊ ၂၇လမ်း(အလယ်)၊ ရန်ကုန်။ သင်တန်း - 01-389340 ၊ စုံစမ်းရန်-အမှတ်(၁၂၄)၊ မြေညီ၊ ၂၇လမ်း(အလယ်)၊ ရန်ကုန်။ 01-248014, 01-379071,09-73181875

wdkuf, vdkonf

(စမ်းချောင်းမြို့နယ်နှင့် အလုံမြို့နယ်အတွင်းသာ)
ပေ(၁၅×၅၀)ရှိသော တိုက်ခန်းဝယ်လိုသည်။ ဒုတိယထပ်၊ (၃)လွှာအတွင်း ဖြစ်ရပါမည်။
Ruby Land အကျိုးဆောင် **Ph:09-795139559**
